# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


သင်မှီခိုရာ၊ ကျွန်းသာယာကို
မြန်စွာပြုစု ဖန်တီးလော့။
လျင်စွာ လုံးပန်း ပညာစွမ်းကို
မပန်း မမော ပြပါလော့။
ညစ်ကြေး မှုတ်ပစ် ကိလေညစ်တို့
ကင်းလစ်သောခါ သံသရာ၌
မွေးကာ အိုရ ဤဘဝကို
ရဖို့ တစ်ဖန် မရှိပြီ။

မလဝင်

အညစ်အကြေး-၂၃၈

(မြန်မာပြန်-မင်းသုဝဏ်)


၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၂ ရက်၊ တနင်္လာနေ့ | အတွဲ (၅၅)၊ အမှတ် (၂၁၀)


# ရိဒ်ရေကန် တိမ်ကောမည့်အန္တရာယ်နှင့် ကြုံတွေ့နေရ

သျှင်နေမင်း



ချင်းပြည်နယ်၌ သဘာဝကပေးသော အမွေအနှစ်များအဖြစ် ရိဒ်ရေကန်၊ သီး(စ်)မြစ်ဝှမ်းလွင်ပြင်ဒေသ၊ ဘုံတလာ ရေတံခွန်၊ နတ်မတောင်အမျိုးသား ဥယျာဉ်၊ ခေါနုသုမ်တောင်နှင့် ကနေဒီ တောင် စသည့်နေရာများသည် တန်ဖိုး မဖြတ်နိုင်သော ချင်းပြည်နယ်၏ သဘာဝ အမွေအနှစ်များဖြစ်ကြပေသည်။ အဆိုပါ နေရာများကို ကမ္ဘာက အသိအမှတ်ပြု လက်ခံသော သဘာဝထိန်းသိမ်းရေး နယ်မြေများအဖြစ် ထိန်းသိမ်းစောင့် ရှောက်ပြီး ပြည်တွင်း ပြည်ပ ခရီးသွား နေရာများအဖြစ် ဖော်ဆောင်နိုင်မည် ဆိုပါက ချင်းပြည်နယ်အတွက်သာမက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်မှုလည်း တစ်ဖက်တစ်လမ်း မှ အကောင်အထည်ဖော်နိုင်မည် ဖြစ် သည် ။

အဆိုပါနေရာများအနက် ချင်းလူမျိုး တို့၏ တန်ဖိုးထားရာ နေရာတစ်ခုလည်း ဖြစ်၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာတွင် လည်း ပါဝင်နေသည့် ရိဒ်ရေကန်ကို ကမ္ဘာ့ အသိအမှတ်ပြု သဘာဝထိန်းသိမ်းရေး နယ်မြေဒေသအဖြစ် အကောင်အထည် ဖော်လိုကြသည်မှာ ချင်းလူမျိုးတိုင်း၏

စာမျက်နှာ ၃ ကော်လံ ၁ ✻

## ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းများ

၁ - ၅ - ၂၀၁၆

| | | | |
|---|---|---|---|
| နေပြည်တော် | ၉ | ဒသမ | ၇ |
| ရန်ကုန် | ၉ | ဒသမ | ၁ |
| မန္တလေး | ၉ | ဒသမ | ၅ |




အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ ဂုဏ်ပြု

## လှိုင်သာယာမြို့နယ်၌ အလုပ်သမား ၁၅၀၀ ခန့် အခမ်းအနားကျင်းပမည့်နေရာသို့ ချီတက်

သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)



ရန်ကုန် မေ ၁

မေလ ၁ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂)ရှိ အားကစား ကွင်း၌ ယနေ့နံနက်က စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနား မစတင်မီ လှိုင်သာယာမြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံ ၁၅ ရုံ မှ အလုပ်သမား ၁၅၀၀ ခန့်က အဆိုပါမြို့နယ် ရှိ နဝဒေးမှတ်တိုင်၌ နံနက် ၆ နာရီခန့်မှစတင်၍ လူများစုဝေးကာ နံနက် ၈ နာရီတွင် သက်ဆိုင်ရာ အလုပ်သမားသမဂ္ဂအလံများကို ကိုင်ဆောင်၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြု သည့်အနေဖြင့် အခမ်းအနားကျင်းပမည့်နေရာသို့ လမ်းလျှောက် ချီတက်ခဲ့ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ◆




## ရပိုင်ခွင့်များဥပဒေနှင့်အညီ ရရှိစေရေးဆောင်ရွက်ပေး

အလုပ်သမားတို့ အခွင့်အရေး တောင်းဆိုခဲ့ကြရသည်မှာ နှစ်ပေါင်း ၁၀၀ ကျော်ခဲ့ပြီ။ ယနေ့တိုင်လည်း တောင်းဆိုနေကြရဆဲ။

စက်မှုကုန်ထုတ်လုပ်ငန်းများ စတင်ထွန်းကားလာခဲ့သည့် ၁၉ ရာစု စက်မှုတော်လှန်ရေးကာလအတွင်း အင်္ဂလန်၊ ပြင်သစ်စသည့် ဥရောပနိုင်ငံများမှ စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်လုပ်ကြသည့် အလုပ်သမားလူတန်းစား စတင်ပေါ်ပေါက်လာသည်။ မိမိတို့ပိုင် စက်ရုံ၊ အလုပ်ရုံများမှ ထုတ်လုပ်လိုက်သည့် ကုန်ပစ္စည်းများကို ဈေးကွက်တွင် ရောင်းချခြင်းမှ အမြတ်ဝင်ငွေရရှိသည်ကို မတင်းတိမ်နိုင်သည့်အရင်းရှင်များက မိမိတို့၏ စက်ရုံ၊ အလုပ်ရုံများတွင် ဝမ်းစာရေးအတွက် လာရောက်အလုပ်လုပ်ကိုင်နေကြရသည့် အလုပ်သမားများထံမှ အလုပ်ချိန် ၊ လုပ်အားခငွေကြေး စသည်တို့ကို နည်းအမျိုးမျိုးဖြင့် ရယူအမြတ်ထုတ်ကြပြန်သည်။ အလိုရမ္မက်ကြီးသည့် အရင်းရှင်တို့၏ ဖိနှိပ်သွေးစုပ်အမြတ်ထုတ်မှုတို့ကို မခံနိုင်သည့်အဆုံးတွင် အလုပ်သမားထုကြီး၏ အုံကြွမှု၊ မိမိတို့၏တရားသဖြင့်သော အခွင့်အရေး၊ ရပိုင်ခွင့်တို့ကို တောင်းဆိုမှုတို့ပေါ်ပေါက်လာသည်။

အရင်းရှင်နှင့် အရင်းမဲ့အလုပ်သမားတို့၏ လူတန်းစားတိုက်ပွဲများကို အကြောင်းပြု၍ လူတန်းစားမဲ့ လောကလူ့ဘုံကို ထူထောင်ရန် အတွေးအခေါ် အယူအဆများက ၂၀ ရာစုဆန်းစအချိန်၌ ပေါ်ပေါက်လာကာ လက်ဝဲခေါင်းဆောင်ကြီးများဦးဆောင်သည့် လက်ဝဲနိုင်ငံများ ကမ္ဘာတွင် ပေါ်ပေါက်လာသည်။ အလုပ်သမားလူတန်းစားကို နိုင်ငံတည်ဆောက်ရေး၏ အခြေခံလူတန်းစားအဖြစ် ၎င်းတို့က သတ်မှတ်သည်။ စက်မှုအရင်းရှင်ကြီးများ ထူထောင်ထားသည့် စက်မှုလုပ်ငန်းများကို သိမ်းယူကာ အလုပ်သမားတို့၏ လုပ်အားဖြင့် နိုင်ငံစီးပွားရေးအတွက် ကုန်ထုတ်လုပ်ခဲ့ကြသည်။ ထုတ်လုပ်သည့် ကုန်ပစ္စည်းများက ဈေးကွက်ကို ဦးတည်ခြင်းမဟုတ်ဘဲ နိုင်ငံသူနိုင်ငံသားများ သုံးစွဲရန်အတွက် လိုအပ်သလောက်ထုတ်လုပ်ခြင်း ဖြစ်သည်။ လက်ဝဲအယူအဆတွင်လူတစ်ဦးချင်းစီ၏ သဘောသဘာဝ၊ ခံစားချက်၊ အလိုဆန္ဒစသည်တို့ကို ဦးစားမပေး။ လူတန်းစားအရေးကိုသာ ဦးစားပေးသည်။ သည့်နောက်တွင် စီမံခန့်ခွဲမှုအမှားများပါ ပေါ်ပေါက်လာသောအခါ အလုပ်သမားတို့ဘဝမှာလည်း အရင်းရှင်စနစ်လက်အောက်က အလုပ်သမားတို့နှင့် ထူးမခြားနားဖြစ်လာသည်။

၁၉၇၄ ခုနှစ်အတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားခဲ့သော အလုပ်သမားဆန္ဒပြမှုများမှ အလုပ်သမားများ၏ တောင်းဆိုချက်ကို လေ့လာကြည့်ပါက စီမံခန့်ခွဲမှုအမှားများ၊ အားနည်းချက်များကို တွေ့နိုင်သည်။ စက်ရုံဖွဲ့စည်းပုံချပေးရေး၊ ကုန်ကြမ်းမပြတ်ရရှိရေး၊ ပြည်သူပိုင် မသိမ်းမီက လုပ်သက်များကို ဆက်စပ်ခံစားခွင့်ပြုရေး၊ လာဘ်စားသူများနှင့် ပြည်သူပိုင်ပစ္စည်း အလွဲသုံးစားပြုသူများကို အပြစ်ပေးရေး၊ ကုန်ဈေးနှုန်းကျဆင်းအောင် ပြုလုပ်ပေးရေး၊ တစ်လလျှင် ဆန်ငါးပြည်ပေးရေး၊ စက်ရုံမှူး လစ်လပ်နေရာတွင် လုပ်ငန်းခွင်မှ ဝန်ထမ်းကိုသာ ခန့်ထားရေးစသည့် အချက်များကို အလုပ်သမားတို့က တောင်းဆိုခဲ့ကြခြင်းဖြစ်ရာ ထိုခေတ်အစိုးရ၏ အားနည်းချက်များ၊ အမှားများကို ထင်ဟပ်လျက်ရှိသည်။

ယခုအခါ ၁၉ ရာစု အရင်းရှင်စနစ်သည်လည်း ဈေးကွက်စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းသွားခဲ့ပြီ။ လက်ဝဲမဟာအင်အားကြီး နိုင်ငံတစ်ခုလည်း စုတေခဲ့ပြီဖြစ်ကာ ဈေးကွက်စီးပွားရေးကို ကွန်မြူနစ်အုပ်ချုပ်ရေးနှင့် တွဲပြီး တစ်နိုင်ငံစနစ်နှစ်မျိုး ကျင့်သုံးသည့် နိုင်ငံတို့လည်း ပေါ်ပေါက်လာခဲ့ပြီဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ မိမိတို့ဘဝ ရပ်တည်ရေးအတွက် အလုပ်လုပ်ကြရသော အလုပ်သမား လူတန်းစားကမူ ခေတ်အဆက်ဆက်တွင် ဆက်၍ရှိနေဦးမည်ဖြစ်ရာ အလုပ်သမားတို့၏ ရပိုင်ခွင့်များ ဥပဒေနှင့်အညီ ရရှိနိုင်ရေးအတွက် ပီပီပြင်ပြင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။ ။




## နှစ်(၇၀)မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆို

ဖားမော် မေ ၁

ကချင်ပြည်နယ် ဖားမော်မြို့၌ နှစ်(၇၀)မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးကျော်စိုးသန်းနှင့် သန္တေ/ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့သည် မေ ၁ ရက်က သိမ်မဟာစေတီတော်အား ရေသပ္ပာယ်ခြင်း၊ စေတီတော်ဝင်းအတွင်းနှင့် ဗောဓိညောင်ပင်၌ အမှိုက်များ ရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝါဝါ(ဖားမော်)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

(မိုး/ဇလ)

## လေပြင်းမုန်တိုင်းကြောင့် ပျက်စီးသွားသည့် လျှပ်စစ်ဓာတ်တိုင်များ ပြုပြင်ပြီးစီး

တောင်ငူ မေ ၁

တောင်ငူမြို့၌ ဧပြီ ၂၉ ရက် ညနေ ၆ နာရီခွဲခန့်က တိုက်ခတ်သွားသည့် ပြင်းထန်သည့် လေမုန်တိုင်းဒဏ်ကြောင့် သစ်ပင်များလဲကျကာ အများဆုံးပျက်စီးသွားခဲ့သည့် (၁၁) ရပ်ကွက် ကန်တော်ကြီး ဓာတုကလျာလမ်းမှ ဓာတ်တိုင်များနှင့် လျှပ်စစ်ကြိုးများကို လျှပ်စစ်ဓာတ်အား အမြန်ဆုံးပြန်လည်ရရှိနိုင်ရေးအတွက် မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးထွန်းထွန်းဦးနှင့် လိုင်းခေါင်းဆောင် ဦးအောင်မြင့်ကြည်တို့ပါဝင်သော လျှပ်စစ်ဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများ ပါဝင်ကြပြီး ဧပြီ ၃၀ ရက်က စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)**

ဧပြီ ၂၉ ရက် ညနေပိုင်းက တိုက်ခတ်ခဲ့သည့် လေပြင်းမုန်တိုင်းဒဏ်ကြောင့် (၁၁)ရပ်ကွက်၊ (၁၃)ရပ်ကွက်၊ (၂၁)ရပ်ကွက်၊ (၁)ရပ်ကွက်၊ (၂)ရပ်ကွက်တို့၌ သစ်ပင်များလဲကျပြီး ဓာတ်တိုင်များလဲကျခြင်း၊ ဓာတ်အားလိုင်းကြိုးများ ပြတ်တောက်ခြင်းဖြစ်ပွားခဲ့ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများနှင့် ပြည်သူများ စုပေါင်းပါဝင်ရှင်းလင်းခဲ့ကြသည့်အတွက် ဓာတ်အားများအချိန်တိုကာလအတွင်း ပြန်လည်ရရှိပြီဖြစ်ကြောင်း သိရသည်။ **(၁၁၅)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၂၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၈၀၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၅·၀ |
| ဥရောပ | တစ်ယူရို | ၁၃၃၅·၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၅·၂၃ |
| ထိုင်း | တစ်ဘတ် | ၃၅·၁၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၈·၃၃၁ |
| တရုတ် | တစ်ယွမ် | ၁၈၉·၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀·၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ အပါအဝင် နိုင်ငံတကာလူမှုအသိုက်အဝန်းနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်

**နေပြည်တော် မေ ၁**

လုပ်ငန်းခွင်ရပိုင်ခွင့်များ ပိုမိုတိုးမြှင့်ခြင်း၊ ကောင်းမွန်သင့်တော်သော အလုပ်အကိုင်အခွင့်အလမ်းများအတွက် အားပေးခြင်း၊ လူမှုရေးအကာအကွယ်ပေးမှု တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် အလုပ်နှင့်ဆက်နွယ်သော အကြောင်းအရာများအပေါ် အပြန်အလှန် ဆွေးနွေးပြောဆိုခြင်းများ ပိုမိုခိုင်မာအားကောင်းလာစေရေးတို့အတွက် အားလုံးသော လက်တွဲဆောင်ရွက်ဖော်များကို ဖိတ်ခေါ်အပ်ပါကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ယနေ့ ရက်စွဲပါ ကြေညာချက် အမှတ် (၁/၂၀၁၆)ဖြင့် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် နိုင်ငံတော်အစိုးရသည် အလုပ်သမားရပိုင်ခွင့်နှင့် စပ်လျဉ်းသော ပြည်တွင်းဥပဒေများကို နိုင်ငံတကာစံနှုန်းများ၊ ကျင့်သုံးမှုများနှင့် ကိုက်ညီမှုရှိစေရန် ပြန်လည်သုံးသပ်လျက်ရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် အခြားသော မိတ်ဖက်များ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံသည် အဓမ္မခိုင်းစေမှု ပပျောက်ရေးနှင့် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းမှု တိုးမြှင့်ဆောင်ရွက်ရေးနယ်ပယ်များတွင် သိသာထင်ရှားသော အောင်မြင်မှုများရရှိခဲ့ကြောင်း၊ ထို့ပြင်သင့်တော်ကောင်းမွန်သော အလုပ်အကိုင်ရရှိစေရေးအစီအစဉ်ကို မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ပိုမိုခိုင်မာသော ကလေးအလုပ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းရန်နှင့် အဓမ္မခိုင်းစေမှုကို နယ်ပယ်အားလုံးတွင် အဆုံးသတ်နိုင်ရေးအပါအဝင် အလုပ်သမားရပိုင်ခွင့်များ ပိုမိုတိုးမြှင့်ရရှိစေရေးနှင့် အကာအကွယ်ပေးရေးတို့အတွက် မိတ်ဖက်/လက်တွဲဆောင်ရွက်ဖော်များ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အပါအဝင် နိုင်ငံတကာလူမှုအသိုက်အဝန်း၊ သက်ဆိုင်သူများအားလုံးနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိကဝတ်ပြုကြောင်း ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

# ကံထူးရှင်များပေါ်ထွက်

**ရန်ကုန် မေ ၁**

(၃၂၈) ကြိမ် အောင်ဘာလေသိန်းဆုဌာနခွဲမှ ယနေ့ထွက်ပေါ်လာသောဆုမဲများစာရင်း

**ငွေကျပ်သိန်း (၁၅၀၀)**

ဏ-၄၁၁၁၉၄

**ကျပ်သိန်း(၁၀၀၀)**

သ-၇၅၈၉၉၉ လ-၉၉၁၇၆၄

**ကျပ်သိန်း(၅၀၀)ဆုများ**

ဟ-၃၂၈၂၈၁ ဏ-၄၁၇၂၀၆
ဈ-၆၅၇၄၇၈ ဃ-၇၈၇၅၇၆
ဝ-၈၇၉၉၆၂

**ကျပ်သိန်း (၃၀၀)ဆုများ**

ဃ-၄၃၄၉၈၅ ဒ-၆၄၉၅၃၃
ယ-၄၈၀၃၁၈ ဝ-၇၈၉၁၅၂
သ-၆၃၀၀၆၀ မ-၈၃၅၃၁၈

**ကျပ်သိန်း(၂၀၀)ဆုများ**

၃-၁၁၃၉၈၁ ခ-၄၄၂၆၆၉
လ-၃၂၀၄၀၆ ဟ-၅၈၅၂၇၆
သ-၃၃၂၂၂၄ ရ-၅၉၉၃၁၃
န-၃၇၉၅၄၂

**ကျပ်သိန်း (၁၀၀)ဆုမဲများ**

ဂ-၁၈၁၇၄၃ ရ-၃၃၂၂၉၉
လ-၅၇၉၇၂၄ တ-၈၆၈၃၀၀
တ-၁၈၇၀၂၂ ခ-၃၇၈၆၉၆
ဋ-၆၂၆၂၅၃ ဋ-၉၀၆၉၇၀
က-၂၄၅၈၀၁ ကခ-၄၁၀၄၈၂
ထ-၆၄၂၉၂၅ ၃-၉၀၈၅၄၆
စ-၂၆၈၄၆၇ ဂ-၄၆၄၃၅၃
ယ-၇၂၄၂၈၄
ည-၃၁၈၆၃၃ ကခ-၅၃၂၂၈၂
ဌ-၇၇၁၃၃၇

**(သတင်းစဉ်)**

*✻ ရှေ့ဖုံးမှ*

ရင်ထဲအသည်းထဲတွင် ရှိနေကြသည်။ ယနေ့ကြုံတွေ့နေရသည်မှာ ရိဒ်ရေကန်သည် သဲနုန်းများ တစ်နှစ်ထက်တစ်နှစ် ပို့လာပြီး ရေကန်တိမ်ကောမည့် အန္တရာယ်နှင့် ကြုံတွေ့နေရသည်။

ရိဒ်ရေကန်ပတ်ဝန်းကျင်မှ တောတောင်များပြုန်းတီးလာခြင်းနှင့် ရေဝေရေလဲများ ပျက်စီးလာခြင်းသည် ရိဒ်ရေကန် ရေရှည်တည်တံ့ရေးအတွက် အရေးကြီးလှသောကြောင့် ရေကန်ပတ်ဝန်းကျင်ရှိ တောတွေ၊ တောင်တွေကို ထိန်းသိမ်းဖို့ အရေးတကြီး လိုအပ်နေပြီဖြစ်သည်။ အစိုးရတာဝန်ရှိသူများ အနေဖြင့်လည်း ရိဒ်ရေကန်ပတ်ဝန်းကျင်သာမက ချင်းတောင်ပေါ်တွင် သစ်ခုတ်သည့်လုပ်ငန်းများ ခွင့်ပြုပေးမှုကို ရပ်ဆိုင်းပေးစေလိုပြီး ချင်းပြည်နယ်၏ အလှကို ကာကွယ်ပေးဖို့ လိုအပ်နေပြီဖြစ်ကြောင်း သုံးသပ်ပြောကြားနေကြသည်။

သစ်ခုတ်မှုများကြောင့် ရိဒ်ရေကန်အတွင်း နုန်းအနည်ပို့ချမှုများ တစ်နှစ်ထက် တစ်နှစ်များပြားလာသည့်အတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအဖြစ် ကန်သုံးမိုင်ပတ်လည် အကွာအဝေးအတွင်း ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းနှင့် သစ်ခုတ်ယူမှုများကို ချင်းပြည်နယ် သစ်တောဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့တို့က တားမြစ်နေရာ ပြည်သူတို့အနေဖြင့်လည်း အမျိုးသားရေးအသိဖြင့် လိုက်နာရန် လိုအပ်သည်။

ရိဒ်ရေကန်သည် ချောင်းရေ၊ မြောင်းရေလည်း စီးမဝင်၊ မိုးရာသီတွင် ကန်ရေပြင်ကြည်လင်၍ ဆောင်းနှင်းထန်သည့် အချိန်တွင် ကန်ရေပြင်သည် ရဲရဲနီ၍ နောက်ခြင်းစသော ထူးဆန်းသည့်ဖြစ်စဉ်ကြောင့် အံ့ဖွယ်တစ်ရပ် ဖြစ်နေကြောင်း ဒေသခံတို့၏ ပြောပြချက်အရ သိရသည်။ ရိဒ်ရေကန်မှ ရေကိုခပ်ယူပြီး အခြားအရပ်ဒေသတစ်ခုသို့ ယူဆောင်သွားပါက အဆိုပါရေသည် ရိဒ်ရေကန်နောက်နေချိန်တွင် နောက်နေတတ်ပြီး ကန်ရေပြင်ကြည်လင်ချိန်တွင် ကြည်လင်နေကြောင်းလည်း သိရသည်။

ရိဒ်ရေကန်သည် ရေကန်ပတ်လည်အနား ၂ ဒသမ ၅ မိုင်ရှိပြီး ပျမ်းမျှရေအနက် ပေ ၅၀ ရှိကာ အနက်ဆုံးနေရာမှာ ပေ ၆၀ ခန့် ရှိသည်။ ကန်ရေပြင်၏ ပတ်လည်အနားများတွင် မိုးမခပင်များ စနစ်တကျ စိုက်ထားသကဲ့သို့ သဘာဝအတိုင်း ပေါက်နေသည်ကို တွေ့မြင်ရသည်။ ကန်ရေပြင်တွင် ကြာဖြူ၊ ကြာနီများ၊ ဗေဒါပန်းများ ဖူးပွင့်နေကြပြီး မိုးမခပင်များထက်တွင် ရှားပါးသစ်ခွပန်းပင်များ ရောင်စုံဝေဝေဖြာဖြာဖြင့် ပေါက်နေသည်မှာ ရှုမဆုံးနိုင်သည့် ပန်းချီကားကြီးတစ်ခုသဖွယ် ဖြစ်နေပါသည်။

ရိဒ်ရေကန်နှင့် ပတ်သက်ပြီး ရှေးအခါက ချင်းလူမျိုးတို့သည် လူတစ်ယောက်သေဆုံးသွားလျှင် ၎င်း၏ ဝိညာဉ်သည် ဘဝတစ်ပါးသို့ ကူးပြောင်းရန်အတွက် စိုးရိမ်စွာဖြင့် ရိဒ်ရေကန်သို့ရောက်ရှိလာကြပြီး ရေကန်အနီးသို့အရောက်မှာ အတိတ်ဘဝမေ့ရသည့် (ဒေသအခေါ် လုံးလိုသွေး)ဟု ခေါ်သည့် စမ်းရေကြည်ကိုသောက်ပြီး နောက်မလှည့်ပန်း (ဒေသအခေါ် ဟိုလ်လိုပါရ်ပန်း)ကို ပန်ဆင်လိုက်သည့်အခါ လူ့ပြည်ကိုတမ်းတစိတ်၊ လွမ်းသည့်စိတ်များ ပျောက်ကွယ်သွားပြီး လွတ်လပ်ပျော်ရွှင်စွာ နေထိုင်သွားကြကြောင်း ဒေသခံပြည်သူတို့က ပုံပြင်တစ်ခုသဖွယ် ပြောကြသည်။

ရိဒ်ရေကန်ကို လာရောက်မည်ဆိုပါက စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှတစ်ဆင့် ကလေး-တီးတိန်-ရိဒ် (၉၉)မိုင် လမ်းကြောင်းအတိုင်း ကားဖြင့် သွားလာနိုင်ကြောင်း သိရသည်။ ယခုအခါ ရိဒ်ရေကန်ကို မိသားစုအပန်းဖြေခရီးစဉ်တစ်ခုအဖြစ် လည်းကောင်း၊ သူငယ်ချင်းများနှင့် လေ့လာရေးခရီးစဉ်တစ်ခုအဖြစ်လည်းကောင်း သွားလာနေကြသည်ကို တွေ့ရသည်။ ရိဒ်ရေကန်သွားရာ ကားလမ်းမကြီးတစ်လျှောက်တွင် တောင်စဉ်တောင်တန်းများသည် အကွေ့အဝိုက်၊ အနိမ့်အမြင့်များဖြင့် မညီမညာ တောင်တန်းများကြားမှ ခရီးသွားရသည်မှာ ရင်မောစရာကောင်းလှသလို အစီအရီပေါက်ရောက်နေသော ထင်ရှူးပင်ကြီးများ၊ ဟိုတစ်စုဒီတစ်စု ပေါက်ရောက်နေသော တောင်ဇလပ်ပင်များနှင့် တောင်ဇလပ်ပွင့်များက ပြည်နယ်၏ဂုဏ်ကို ဆောင်ရင်း အချို့ပန်းပွင့်များက ခပ်ကျဲကျဲ၊ အချို့အပင်များရှိ ပန်းပွင့်များက အစုလိုက် အစုလိုက် ရှိနေကြသည်မှာ ပန်းချီကားတစ်ချပ်ထဲ ကိုယ်တိုင်ပါဝင်နေရသလိုပင် ခံစားရသည်။ ခရီးသွားနေရင်း တောင်အောက်ကို ကြည့်လိုက်မည်ဆိုလျှင် တိမ်စိုင်တိမ်ခဲ တိမ်လိပ်များသည် မိမိအောက်တွင် ရောက်ရှိနေပြီး တိမ်တိုက်များထဲ လမ်းလျှောက်နေရသလိုပင် ခံစားနေမိကာ အဆိုပါတိမ်များပေါ်သို့ ခုန်ချလိုက်ချင်မိသည့် စိတ်ကူးများပင် ဖြစ်ပေါ်မိသည်။ ကနေဒီတောင်ထိပ်နှင့် လေထန်ကုန်းနေရာများသည်လည်း ခရီးစဉ်တွင် လေ့လာသင့်သော နေရာများအဖြစ် တည်ရှိနေသည်။

ချင်းပြည်နယ်သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ဝင်ရောက်မှုကို ၂၀၁၂ ခုနှစ်မှ စတင်ခဲ့ခြင်းဖြစ်ပြီး ရိဒ်ရေကန် အပန်းဖြေစခန်းကို ၂၀၀၉ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ရာ ယခုအခါ ချင်းပြည်နယ် အမှတ်တရနေရာ အားလုံးသို့ ပြည်တွင်း ပြည်ပ ဧည့်သည်များ ဝင်ရောက်မှုရှိနေပြီ ဖြစ်သည်။ ယခင်နှစ်များက အနီးပတ်ဝန်းကျင်ဒေသများမှ ဒေသခံအများစုသာ လာရောက်လည်ပတ်သော နေရာတစ်ခုဖြစ်သော်လည်း ယခုနှစ်များတွင် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များသာမက နိုင်ငံခြားခရီးသွား ဧည့်သည်များပါ လာရောက်လေ့လာလည်ပတ်မှု ပိုမိုမြင့်တက်လာနေပြီ ဖြစ်သည်။

ရိဒ်ရေကန်ကြီးသည် အိန္ဒိယ-မြန်မာ နယ်စပ်မျဉ်းနှင့် နှစ်မိုင်သာဝေးပြီး အိန္ဒိယနိုင်ငံ ကြံဖိုင်းမြို့နှင့်ဆိုလျှင် မိုင် ၂၀ ဝေးကာ မီဇိုရမ်ပြည်နယ်ရှိ မြို့တော် အိုက်ဇောနှင့်လည်း မိုင် ၁၃၀ သာ ဝေးသည်။ သို့အတွက် ရိဒ်ရေကန်ကြီးသို့ လာရောက် လည်ပတ်သူများမှာလည်း အိန္ဒိယနိုင်ငံဘက်မှလာသော ချင်းလူမျိုးများသာ ပိုများသည်။ ရိဒ်ရေကန်ကို မြန်မာနိုင်ငံအတွင်းရှိ ချင်းလူမျိုးများသာမက အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ရှိ ချင်းလူမျိုးများကပါ တန်ဖိုးထားသော ရေကန်ဖြစ်ပေရာ နှစ်သစ်ကူးကာလများတွင် ရိဒ်ခေါဒါရ်နယ်စပ်ဂိတ်မှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ လာရောက်ကြပြီး ရိဒ်ရေကန်တွင် ဆုတောင်းသူများလည်းရှိကြောင်း သိရသည်။

"နှစ်သစ်ကူးကာလတွေမှာ အိန္ဒိယဘက်က ချင်းလူမျိုးတွေ ပိုပြီးအလာများတယ်။ တစ်ခါတလေဆို ရိဒ်ရေကန်မှာရှိတဲ့ တည်းခိုခန်းတွေတောင် အခန်းမလောက်ဘူး။ ဒီလိုအခါတွေမှာ ရေကန်ဘေးမှာ တဲထိုးပြီး အိပ်ကြရတာတွေ ရှိတယ်"ဟု ရိဒ်ခေါဒါရ်မြို့ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ခရီးသွားလုပ်ငန်းကို မီးခိုးမထွက်သော စက်ရုံကြီးများဟု တင်စားကြရာ ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သဘာဝတရားကြီးကပေးသော လက်ဆောင်များနှင့် ပြည်နယ်၏ ရိုးရာအလှအပများဖြင့် ပေါင်းစပ်ကာ ပြည်တွင်း ပြည်ပ ခရီးသွားများကို ဆွဲဆောင်နိုင်မည်ဆိုပါက ဒေသတွင်း စီးပွားရေးသာမက တိုင်းပြည်ဝင်ငွေ တိုးတက်ရေးအတွက်လည်း အထောက်အပံ့ကောင်းတစ်ခု ဖြစ်လာပေမည်။ ချင်းပြည်နယ်ရှိ နတ်မတောင် အမျိုးသားဥယျာဉ်ကြီးကို ကမ္ဘာ့သမိုင်းဝင် အမွေအနှစ်အဖြစ် ယူနက်စကို၏ အသိအမှတ်ပြုမှုကို ငြင်းပယ်ခံခဲ့ရပြီးဖြစ်သည်။ ထိုကဲ့သို့အဖြစ်မျိုး ရိဒ်ရေကန်ကြီးကို မကျရောက်စေချင်ပါ။ ထို့ကြောင့်ချင်းပြည်နယ် တောင်ဇလပ်ပန်းတို့ မွှေးရာမြေ ရိဒ်ရေကန်ကြီးကို မပျက်စီးစေရေး ဝိုင်းဝန်းထိန်းသိမ်းရေးသည် ချင်းလူမျိုးတို့ သာမက မြန်မာနိုင်ငံသားအားလုံး၏ တာဝန်တစ်ရပ်အဖြစ် ခံယူကာ စောင့်ရှောက်ကူညီကြရမည် ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

# ဓမ္မဗျူဟာသာသနမာမကအဖွဲ့ (နေပြည်တော်) လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းဖွင့်လှစ်

**နေပြည်တော် မေ ၁**

မြတ်ဗုဒ္ဓဟောကြားခဲ့သော အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်တရားတော်များကို လေ့လာဆည်းပူး ကျင့်ကြံလိုသူများအတွက် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ ဖွင့်လှစ်သည့် လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကို မေ ၁ ရက် နံနက် ၉ နာရီက မြို့မဈေးအနီးရှိ အထက (၅)နေပြည်တော်၌ ကျင်းပခဲ့သည်။

သင်တန်းတွင် သင်တန်းမှူးဆရာမကြီး ဓမ္မဗျူဟာဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)၏ သင်နည်းစနစ်နှင့်အညီ မေ ၁ ရက် (တနင်္ဂနွေနေ့)မှ ဒီဇင်ဘာလအထိ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီခွဲအထိ အဘိဓမ္မာ/ ဝိသုဒ္ဓိမဂ် (ပထမအဆင့်)ကို လည်းကောင်း၊ မွန်းလွဲ ၂ နာရီမှ ညနေ ၃ နာရီခွဲအထိ အဘိဓမ္မာ /ဝိသုဒ္ဓိမဂ်(ဒုတိယအဆင့်)ကို လည်းကောင်း၊ ညနေ ၃ နာရီ ၄၅ မိနစ်မှ ၅ နာရီအထိ ဝိသုဒ္ဓိမဂ်(တတိယအဆင့်)ကိုလည်းကောင်း သင်ကြားပို့ချလျက်ရှိပြီး သင်တန်းတက်ရောက်သူများကို အိမ်ရာများမှ သင်တန်းသို့ ကြို၊ ပို့ကားများ စီစဉ်ပေးကာ သင်တန်းသား သင်တန်းသူ ၂၀၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# တာလေမြို့ မိုင်းလင်းကျေးရွာအုပ်စု နမ့်ခမ်း(ဝ)ကျေးရွာရှိ လေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများထောက်ပံ့



**တာချီလိတ် မေ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် တာလေမြို့ မိုင်းလင်း(အရှေ့)ကျေးရွာအုပ်စု နမ့်ခမ်း(ဝ)ကျေးရွာရှိ လေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို သွားရောက်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထိုသို့ပေးအပ်ရာတွင် နေအိမ်ပြိုလဲခဲ့သည့် အိမ်ပိုင်ရှင်အား ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးပါ အစုံတစ်စုံနှင့် ငွေကျပ် ငါးသောင်းကိုလည်းကောင်း၊ အိမ်အမိုးလန်ပျက်စီးခဲ့သည့် နေအိမ်ငါးလုံးအတွက် ငွေကျပ် နှစ်သောင်းစီကို လည်းကောင်း၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် ဆန်တစ်အိတ်နှုန်းစီ၊ စားဆီ ၁၂ ဘူးနှင့် ခေါက်ဆွဲဖာများကို မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်၊ ကျိုင်းတုံမြို့ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စန္ဒာရွှေ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် မေ ၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

# အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာတော် ဘဒ္ဒန္တသုဇန မဟာထေရ် အရှင်သူမြတ်၏ ဂုဏဝိသိဋ္ဌပူဇာပွဲကျင်းပ

**ရန်ကုန် မေ ၁**

မင်္ဂလာတောင်တော်ဦး ကျောင်းတိုက်ကြီး၏ နာယက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တသုဇန မဟာထေရ်အရှင်သူမြတ်၏ ဂုဏဝိသိဋ္ဌ ပူဇာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် အာဇာနည်လမ်းရှိ မင်္ဂလာတောင်တော်ဦးကျောင်း ရွှေမန်းဝိဟာရကျောင်းတော်၌ ကျင်းပသည်။

အခမ်းအနားကို တေးသံရှင် စိုးစန္ဒာထွန်းက စောင်းဦးဝင်းကျော်နှင့် တွဲဖက်၍ ထူးမခြားနား ဓမ္မတေးသီဆိုဖွင့်လှစ်ပေးပြီး ဆရာမကြီး ဒေါ်တင်တင်နုက "အာဒိအက္ခရာများဖြင့် ဘဒ္ဒန္တသုဇန မဟာထေရ်၏ ဘွဲ့နာမနှင့် ဘွဲ့တံဆိပ်ကို ပြသော နာမစ္ဆန္ဒပဟေဠိ မဟာထေရ ဝန္ဒနာဂါထာ"ဖြင့် ရွတ်ဆိုပူဇော်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒဝံသထံမှ ညွှန့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ချီးမြှင့်သည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တေးသံရှင် စိုးစန္ဒာထွန်းက ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာဘွဲ့ အချီညီ၊ အချညီ၊ စပယ်ထပ်ပိုဒ်စုံရတုဖြင့် ဂုဏ်ပြုပူဇော်ပြီး ဆရာတော်ကြီး၏ "ထေရုပ္ပတ္တိကထာ"အကျဉ်းကို ဆရာတော် ဒေါက်တာ အရှင်ဩဘာသက ဖတ်ကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သာသနာရေးဦးစီးမှူးက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကို ထပ်ဆင့်ဂုဏ်ပြုလွှာဖြင့် ဂုဏ်ပြုပူဇော်ပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းကြကာ (ယာပုံ) ဘွဲ့တံဆိပ်တော်ရ ဆရာတော်သုဇနက ဩဝါဒစကား မိန့်ကြားသည်။

ဆက်လက်၍ ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ကိုယ်စား ဦးသန်းထိုက်စိုးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရား နာယူပြီး အမျှပေးဝေကြသည်။

ထို့နောက် တေးသံရှင် စိုးစန္ဒာထွန်းက အောင်စေ၊ ပိုင်စေ သီချင်းဖြင့် ဂုဏ်ပြုပူဇော်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



❖ *ကျော့ဖုံးမှ*

မှတ်တိုင်တစ်ခုအဖြစ် ကျန်ရစ်မည်မှာ အမှန်ပင်ဖြစ်သည်။ ရွှေပြည်သာမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့မှထွက်ရှိသော အမှိုက်တို့ကို အသုံးပြုသွားမည်ဖြစ်သည်။ ရန်ကုန်မြို့မှ တစ်နေ့လျှင် စွန့်ပစ်အမှိုက် တန် ၁၉၀၀ ခန့်ထွက်ရှိပြီး ယခုစက်ရုံမှ တစ်ရက်လျှင် တန် ၆၀ မီးရှို့အသုံးပြုကာ လျှပ်စစ်စွမ်းအင် ၇၀၀ ကီလိုဝပ် ထွက်ရှိမည်ဖြစ်၍ ပြည်သူများအတွက် ကီလိုဝပ် ၃၅၀ ထုတ်လုပ်မည်ဖြစ်သည်။ ကျန်တစ်ဝက်ကို စက်ရုံအတွက် အသုံးပြုသွားမည်ဖြစ်သည်။ ပိုမိုကြီးမားသော စက်ရုံများ တည်ဆောက်ခြင်းဖြင့် ကီလိုဝပ်မှ မဂ္ဂါဝပ်အထိ တိုးချဲ့ထုတ်လုပ်နိုင်ပြီး ရန်ကုန်မြို့နေပြည်သူတို့၏ လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းသွားနိုင်မည်ဖြစ်သည်။

စင်ကာပူနိုင်ငံနှင့် ဂျပန်နိုင်ငံတွင် ယခုစက်ရုံကဲ့သို့ပင် စွန့်ပစ်အမှိုက်မှ စွမ်းအင်ထုတ်လုပ်သော စက်ရုံများရှိပြီး တန်တစ်ထောင်ကျော်အမှိုက်ကို မီးရှို့နိုင်သော စက်ရုံများ လည်ပတ်လျက်ရှိသည်။ ဂျပန်နိုင်ငံတွင် ထိုကဲ့သို့ စက်ရုံပေါင်းရာကျော်ရှိနေသည်။ စွန့်ပစ်အမှိုက် နေ့စဉ်ထွက်ရှိမှုများနေသော မြန်မာပြည်အတွက် ယခုကဲ့သို့ အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့် စက်ရုံတည်ဆောက်ခြင်းသည် အမှိုက်မှ ရွှေဖြစ်စေမည်မှာအမှန်ပင်ဖြစ်သည်။ အမှိုက်မှ လျှပ်စစ်ထုတ်လုပ်သော စက်ရုံများစွာ တည်ဆောက်နိုင်ခြင်းဖြင့် နိုင်ငံ၏စက်မှုကဏ္ဍနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေမည်မှာ အမှန်ပင်ဖြစ်သည်။

ယခု စွမ်းအင်ထုတ်လုပ်မည့် စက်ရုံစီမံကိန်းသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချခြင်းနှင့် နောက်ဆုံးပေါ်နည်းပညာကို အသုံးပြုထားခြင်းကြောင့် Joint Credition Mechanism (JCM) ရရှိခဲ့သည်။ ၎င်း JCM စနစ်အရ အများဆုံးအနေဖြင့် စက်ရုံတည် ဆောက် မှု ကုန်ကျငွေစရိတ်၏ ၅၀ ရာခိုင်နှုန်းခန့်ကို MOEJ (Ministry of Environment Japan)က ထောက်ပံ့ပေးမည်ဖြစ်ပြီး ကျန် ၅၀ ရာခိုင်နှုန်းအား သက်ဆိုင်ရာနိုင်ငံမှ ပါဝင်စိုက်ထုတ်ပေးသော စနစ်ဖြစ်သည်။ YCDC နှင့် JFE သည် နိုင်ငံတကာလုပ်ငန်းစုအဖွဲ့ကို တည်ထောင်ပြီး စက်ရုံလည်ပတ်မှုမှတစ်ဆင့် OpenDumping ကြောင့်ဖြစ်ပေါ်သော မီသိန်းဓာတ်ငွေ့လျော့နည်းသွားခြင်းနှင့် အမှိုက်လောင်စာများကို အသုံးပြု၍ လျှပ်စစ်ထုတ်လုပ်မှုနေရာတွင် အစားထိုးအသုံးပြုခြင်းဖြင့် ကမ္ဘာကြီး ပူနွေးစေမည့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှင့်မှုကို များစွာလျော့နည်းသွားစေမည်ဖြစ်သည်။

ဂျပန်နိုင်ငံတွင် စွန့်ပစ်အမှိုက်နှင့်ပတ်သက်၍ ကျောင်းသားများ ကလေးများမှအစ အမှိုက်ခွဲခြားစွန့်ပစ်ခြင်း အလေ့အထများ သင်ကြားပေးလေ့ရှိကြောင်း၊ ရန်ကုန်အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့် စက်ရုံတည်ဆောက်ပြီးစီးပါက ကျောင်းသားကလေးသူငယ်များမှအစ လာရောက်လည်ပတ် လေ့လာစေလိုကြောင်း၊ ရန်ကုန်အမှိုက်မှ စွမ်းအင်ထုတ်လုပ်သော ယခုစက်ရုံသည် မြန်မာ့လူနေမှု သဘာဝပတ်ဝန်းကျင်အတွက် ကောင်းမွန်သော အပြောင်းအလဲတစ်ခုဖြစ်လာမည်ဟု ကျွန်ုပ်တို့အနေဖြင့် မျှော်လင့်မိပါကြောင်း၊ ဂျပန်နိုင်ငံတွင် စွန့်ပစ်ပစ္စည်းအမှိုက်မှ စွမ်းအင်ထုတ်လုပ်သောစက်ရုံရာချီ၍ လည်ပတ်လျက်ရှိပြီး မြန်မာပြည်၌ ယခု စက်ရုံလည်ပတ်ပြီးပါက ရန်ကုန်အပါအဝင် အခြားမြို့ကြီးများတွင် ဆက်လက်တည်ဆောက်နိုင်ရန် မျှော်လင့်မိကြောင်း JFE Engineering Corporation မှ Mr. HIROYUKI UEDA က အကြံပြုပြောကြားသည်။

စက်ရုံတည်ဆောက်မှုတွင် နိုင်ငံတကာအတွေ့အကြုံရှိပြီး မိမိနိုင်ငံတိုးတက်မှုကို မြင်လိုသော ကိုနေလင်းဦးက ဤစက်ရုံရှိ အမှိုက်လက်ခံဌာနတွင် အောက်ခြေ၌ ကွန်ကရစ်ခံထားသည့်အတွက် အမှိုက်မှစိမ့်ထွက်ရည်များ စီးမျောမှုကို ကာကွယ်ထားပြီး အမှိုက်များအား အမှိုက်လက်ခံဌာန၌ အခြောက်ခံ၍ အမှိုက်မှထွက်သော အရည်အား ပန့်ဖြင့် မီးဖိုထဲသို့ ပြန်လည်အသုံးပြုသည့်အတွက် ပတ်ဝန်းကျင်သို့ လုံးဝယိုစိမ့်မှုမရှိခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို ကာကွယ်ထိန်းသိမ်းပြီးဖြစ်စေကြောင်း၊ ရေထုညစ်ညမ်းမှုကို ထိန်းသိမ်းပြီးဖြစ်စေကြောင်း၊ ထွက်ရှိသော မီးခိုးပြာများကိုလည်း အရည်အသွေးအကောင်းဆုံး စစ်ထုတ်ကိရိယာများဖြင့် အဆင့်ဆင့် စစ်ထုတ်ထားခြင်းကြောင့် ခေါင်းတိုင်မှထွက်သော မီးခိုးအမှုန်ပါဝင်မှုကို ၉၉ ဒသမ ၉ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ကြောင်း၊ ခေါင်းတိုင်မှ ထုတ်လွှတ်သော မီးခိုးအမှုန်ကိုလည်း အမြဲစောင့်ကြည့်နေသည့်စနစ် ထည့်သွင်းထားခြင်းကြောင့် သဘာဝပတ်ဝန်းကျင် လေထုညစ်ညမ်းမှုကိုကာကွယ်ပြီး ဖြစ်စေကြောင်း၊ ကားလမ်းတစ်ဖက်၌ လက်ရှိတည်ရှိနေသော အမှိုက်ပုံကြောင့် ပတ်ဝန်းကျင်အနီးနားရှိ လေထု ရေထု မြေထုတို့ ညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်ပြီးခြင်၊ ယင်နှင့် အင်းဆက်ပိုးမွှားများ ပေါက်ပွားနိုင်ကြောင်း၊ ယခု ရန်ကုန်အမှိုက်မှ စွမ်းအင်ထုတ်လုပ်သော စက်ရုံတည်ဆောက်ပြီးပါက အဆိုပါပြဿနာများ ဖြေရှင်းပြီး ပိုမိုကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခု တည်ဆောက်နေသော စက်ရုံသည် ယခုနှစ် ဒီဇင်ဘာလတွင် အပြီးတည်ဆောက်မည် ဖြစ်ကြောင်း သိရသည်။

## ဘက်စုံပညာထူးချွန်ကျောင်းသား၊ ကျောင်းသူများ ပုပ္ပားသို့ လေ့လာရေးခရီးရောက်ရှိ

**ညောင်ဦး မေ ၁**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသသို့ရောက်ရှိနေသည့် ၂၀၁၆ ခုနှစ် ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူ ၁၇၆ ဦးအဖွဲ့သည် ပုပ္ပားမြို့ရှိ ပုပ္ပားတောင်ဥယျာဉ် ပညာပေးပြခန်းအား လေ့လာရန်နှင့် ပုပ္ပားတောင်ကလပ်ဘုရားသို့ ဘုရားဖူးမြော်ရန်အတွက် ပညာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်း ဦးဆောင်၍ အဖွဲ့ခေါင်းဆောင် ဆရာ ဆရာမ ၁၈ ဦးနှင့်အတူ ဧပြီ ၃၀ ရက် နံနက် ၇ နာရီက ပုပ္ပားမြို့သို့ လေ့လာခရီးစဉ်အဖြစ် သွားရောက်လေ့လာခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းလေ့လာရာတွင် ဘက်စုံပညာ ထူးချွန်ကျောင်းသား ကျောင်းသူများအဖွဲ့သည် နံနက် ၉ နာရီ ၄၅ မိနစ်တွင် Popa Mountain Resort သို့ ရောက်ရှိပြီး အမှတ်တရ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။ ထို့နောက် နံနက် ၁၀ နာရီ ၃၄ မိနစ်တွင် ပုပ္ပားတောင်ဥယျာဉ်ပညာပေးပြခန်းသို့ ရောက်ရှိပြီး ဥယျာဉ်ပြခန်းအတွင်း ပြသထားသည့် ပညာပေးပြကွက်များကို လေ့လာကြကာ အစည်းအဝေးခန်းမ၌ ပုပ္ပားတောင်ဥယျာဉ် ပညာပေးပြခန်း တာဝန်ခံ ဒေါ်ခင်မျိုးထွေးက ပုပ္ပားတောင်ဥယျာဉ်မြေပုံနှင့်တကွ ဥယျာဉ်အတွင်း ထိန်းသိမ်းထားရှိသည့် ဘယဆေးပင်မျိုးစုံနှင့်ပတ်သက်၍ သိကောင်းစရာများနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အခြေခံဂေဟစနစ်ထိန်းသိမ်းရခြင်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများအဖွဲ့သည် ပုပ္ပားတောင်ဥယျာဉ်အတွင်း ထိန်းသိမ်းထားရှိသည့် ဘယဆေးပင်မျိုးစုံ စိုက်ခင်းများအား လိုက်လံကြည့်ရှုရာ တာဝန်ရှိသူများက သိရှိလိုသည်များအား ရှင်းလင်းဖြေကြားပေးခဲ့သည်။ ထို့နောက် ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများအဖွဲ့သည် ပုပ္ပားတောင်ဥယျာဉ်ပညာပေးပြခန်းမှ ပုပ္ပားတောင်ကလပ်ဘုရားသို့ ဆက်လက်ထွက်ခွာလာခဲ့ရာ နံနက်ပိုင်းတွင် ပုပ္ပားတောင်ကလပ်သို့ ရောက်ရှိပြီး ဘုရားဖူးမြော်ခဲ့ကြသည်။ ယင်းနောက် တောင်ကလပ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ညှော်ခံကျွေးမွေးသည့် (နေ့လယ်စာ)ကို စားသောက်ကြပြီး ညောင်ဦးမြို့ ဘက်စုံပညာထူးချွန်လူငယ် အပန်းဖြေစခန်း(ပုဂံ)သို့ ပြန်လည်ခရီးထွက်ခွာခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**





## မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ရေရှားပါးသည့်ဒေသများသို့ သောက်သုံးရေများ လှူဒါန်းလျက်ရှိ

**နေပြည်တော် မေ ၁**

ယခုနှစ် နွေရာသီကာလတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသအချို့၌ ရေရှားပါးမှုများ ဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သောက်ရေ/ သုံးရေများကို အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၃၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၌ ထားဝယ်မြို့နယ် ရဲတပ်ဖွဲ့နှင့် လောင်းလုံးမြို့နယ်ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များက ၂၀လီတာဆံ့ သောက်ရေသန့်ဘူးကြီး ၂၈၀ နှင့် သောက်သုံးရေ ၅၁၀၀ ဂါလန်အား လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များက သောက်သုံးရေ ၄၉၅၀ ဂါလန်အား လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ သံဖြူဇရပ်မြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးများ ဦးစီးသည့်အဖွဲ့များက သောက်သုံးရေ ၁၁၃၇၅ ဂါလန်အား လည်းကောင်း၊ ရှေ့ဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၊ ရေကြည်မြို့နယ်၊ သာပေါင်းမြို့နယ်၊ မြောင်းမြမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့တွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ ဦးစီးသည့်အဖွဲ့များက တစ်လီတာဆံ့ သောက်ရေသန့်ဘူး ၇၂၀၊ ၂၀ လီတာဆံ့ သောက်ရေသန့်ဘူးကြီး ၁၈၂ ဘူးနှင့် သောက်သုံးရေ ၈၉၀၀ ဂါလန်တို့အားလည်းကောင်း၊ မိမိတို့မြို့နယ်အတွင်းရှိ ရေရှားပါးသည့် နေရာဒေသများသို့ သွားရောက်လှူဒါန်းခဲ့ကြရာ ဧပြီ ၂၄ ရက်မှ ၃၀ ရက်အထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုစုပေါင်း သောက်သုံးရေ ၁၈၉၂၄၆ ဂါလန်အား သွားရောက်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုရဲ**

◆ ရှေ့စာမျက်နှာမှ

ထို့နောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အထိမ်းအမှတ် အခမ်းအနားကို ကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားနှင့် ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အလုပ်ရှင်များနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတို့ရှိ အလုပ်သမားသမဂ္ဂများမှ အလုပ်သမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက မေဒေးနေ့ အခမ်းအနားအတွက် ပေးပို့သော သဝဏ်လွှာကို အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ဖတ်ကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက "လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိဖို့နဲ့ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာဖို့ဟာ အရေးတကြီးလိုအပ်နေတဲ့ အချိန်ဖြစ်ပါတယ်။ လုပ်သားထုအနေနဲ့ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီးမှာ ကျွမ်းကျင်မှုရှိဖို့ ပြင်ဆင်ထားရမှာဖြစ်ပါတယ်။ လုပ်သမားတွေသာမက အလုပ်ရှင် တွေ အနေနဲ့လည်း မိမိတို့ရဲ့အကျိုးစီးပွားတွေကို ဆောင်ရွက်ရင်း အလုပ်သမားတွေရဲ့ဥပဒေပါ အကျိုးခံစားခွင့်တွေကို အထူးအလေးထား ဆောင်ရွက်ပေးဖို့ လိုပါတယ်"ဟု အမှာစကားပြောကြားသည်။

ထို့အပြင် အလုပ်သမားအရေး ကူညီဆောင်ရွက်ပေးနေသူများနှင့် အဖွဲ့အစည်းများ အနေဖြင့် အလုပ်သမားများ၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးရန်အတွက် ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်းနှင့် မကြာမီအချိန်အတွင်း အာဆီယံ လူမှုအသိုက်အဝန်း အလုပ်သမားများအတွက် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိရန်၊ လုပ်ငန်းခွင်ကျွမ်းကျင်မှု လေ့ကျင့်သင်ကြားပေးရန်၊ အလုပ်သမားများအတွက် လူမှုအကာအကွယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် လူမှုဖူလုံရေးစီမံကိန်း အကောင်အထည်ဖော်ပေးရန်၊ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဆက်ဆံရေးကောင်းမွန်ခြင်းဖြင့်၊ အလုပ်သမားရေးရာ အငြင်းပွားမှုများကို တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် တရားဥပဒေအရသာမက အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ "စံ"များနှင့်အညီ ရရှိခံစားနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားကို မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) က (၄)ကြိမ်မြောက်အဖြစ် ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ပြီး အခမ်းအနားတွင် အနုပညာရှင်များနှင့် အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များက သီဆိုဖျော်ဖြေကြသည်။

ထို့အပြင် အမျိုးသမီး အကြမ်းဖက်မှုကာကွယ်ရေး၊ အမျိုးသမီးများ ကာကွယ်သည့် ဥပဒေ၊ အမျိုးသမီး ကျန်းမာရေး၊ သင့်တင့်ကောင်းမွန်သော အလုပ်အကိုင် (Decent Work)၊ အဓမ္မလုပ်အားခိုင်းစေမှုပပျောက်ရေး(Forced Labour Elimination) နှင့် လူမှုဖူလုံရေး (Social Security) စသည့် ပညာပေးကိစ္စများကို ဆွေးနွေးခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များနှင့်စာအုပ်များကို တက်ရောက်လာသူများအား အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

# ကူးစက်ရောဂါဖြစ်ပွားမှု ရှိ/မရှိ စောင့်ကြပ်ကြည့်ရှုရန် စီစဉ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁**



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ဧပြီ ၃၀ ရက် ညနေ ၅ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံနှင့် ကျန်းမာရေးဌာန အချို့ပျက်စီးခြင်း၊ လူအချို့ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် မြို့နယ်အတွင်းရှိ လူနေအိမ်တချို့ ပျက်စီးခြင်းတို့ဖြစ်ပွားရာ ယင်းနေ့ညပိုင်းမှစတင်၍ ကျန်းမာရေးဝန်ကြီးဌာနမှ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့များသည် ရမည်းသင်းမြို့နယ်အတွင်း ကွင်းဆင်း၍ ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံဝင်းအတွင်း သန့်ရှင်းရေး၊ သန့်ရှင်းသောအစားအစာနှင့် သောက်သုံးရေရရှိရေး၊ အရေးပေါ်အသုံးပြုရန် လျှပ်စစ်မီးရရှိရေး၊ လူနာများ လွှဲပြောင်းရန် လိုအပ်ပါက အမြန်ဆုံးလွှဲပြောင်းပေးပို့နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးများ ထောက်ပံ့ပေးခြင်း၊ နောက်ဆက်တွဲဖြစ်ပွားလာနိုင်သော ကူးစက်ရောဂါများနှင့်ပတ်သက်၍ ကျန်းမာရေးပညာပေးခြင်းနှင့် ကူးစက်ရောဂါ ဖြစ်ပွားမှု ရှိ/မရှိ စောင့်ကြပ်ကြည့်ရှုရန် စီစဉ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မေ ၁ ရက် နံနက်ပိုင်းတွင် ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကလေးကုသဆောင်နှင့် ဝန်ထမ်းအိမ်ရာများအား ကြည့်ရှုစစ်ဆေးကာ လူနာများကို တွေ့ဆုံအားပေးသည်။ ထို့နောက် ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ရပ်မိရပ်ဖများအားတွေ့ဆုံ၍ ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်ကြုံတွေ့ခြင်းအပေါ် စီမံခန့်ခွဲသည့်အခါ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ခြင်းသည် အလွန်အရေးကြီးကြောင်း၊ လေပြင်းကျရောက်၍ ထိခိုက်ပျက်စီးခဲ့ရသည့် ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံကို ပြန်လည်တည်ဆောက်ရာတွင် ရေတိုနှင့် ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးနှင့် သောက်သုံးရေ လုံလောက်စွာရရှိရေးသည် အလွန်အရေးကြီးသဖြင့် ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် လေပြင်းကြောင့် ထိခိုက်ပျက်စီးခဲ့သော ရမည်းသင်းမြို့နယ် ညောင်အိုင်ကျေးရွာ၌ ဖွင့်လှစ်ထားသည့် ယာယီကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းသော သောက်သုံးရေရရှိစေရေးအတွက် အရေးပေါ်ရေသန့်စင်စက်များအား ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံနှင့် ညောင်အိုင်ကျေးရွာတို့၌ တပ်ဆင်ပေးခဲ့သည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ရမည်းသင်းမြို့နယ် ကျေးရွာအချို့၌ သေဆုံးသူ သုံးဦးရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ငါးဦးသည် ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီး ဌာနအနေဖြင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံတို့၌ ကျန်းမာရေးဆိုင်ရာ အရေးပေါ်ကွပ်ကဲရေးဌာန (Strategic Health Operation Center)များ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ထူးခြားဖြစ်စဉ်သတင်းများအား အချိန်နှင့် တစ်ပြေးညီ ရယူဆောင်ရွက်ခြင်းနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

# လူနေရှေးဟောင်းအဆောက်အအုံအား ရှေးမူမပျက် ပြုပြင်ပြီးစီးသည့် အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၁**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ အမှတ် (၄၉၁-၅၀၁) လူနေရှေးဟောင်းအဆောက်အအုံအား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်ရေးစီမံကိန်း ပြီးစီးသည့် အခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၁၀ နာရီက အဆိုပါအဆောက်အအုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်မြို့၌ ရှေးဟောင်းအဆောက်အအုံပေါင်းများစွာရှိပြီး တိုင်းပြည် နှစ် ၅၀ နီးပါး အာဏာရှင်စနစ်အောက် နေခဲ့ရသည့်အချိန်တွင် ရှေးဟောင်းအဆောက်အအုံများ ပျောက်ဆုံးသွားခဲ့ကြောင်း၊ ပြည်သူများ ဆင်းရဲခဲ့ရသည့်အတွက် ရှေးဟောင်းအဆောက်အအုံများအား ကန်ထရိုက်စနစ်ဖြင့် အခန်းပေး အခန်းယူ ဆောက်လုပ်ခဲ့ကြပြီး ရှေးဟောင်းအဆောက်အအုံများ ဆုံးရှုံးသွားခဲ့ကြောင်း၊ အဆိုပါအခြေအနေကို ပြုပြင်ပြောင်းလဲရန်အတွက် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပထမဆုံးစဉ်းစားခဲ့ကြောင်း၊ ရန်ကုန်မြို့ဟောင်းကို ရှေးမူမပျက် ဖွံ့ဖြိုးတိုးတက်သည့် မြို့သစ်ဖြစ်လာနိုင်ရန်အတွက် ဖြစ်ကြောင်း၊ မြို့၏သစ်လွင်တောက်ပမှုနှင့် ရှေးဟောင်းအဆောက်အအုံများ၏ တည်ရှိနေမှုသည် ဒွန်တွဲနေရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့သစ်အနေဖြင့် ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အစိုးရအဖွဲ့တွင် ဝင်ငွေနည်းပါးသောကြောင့် စိတ်တူကိုယ်တူ နိုင်ငံတကာအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်စေချင်ကြောင်း ပြောသည်။



အဆိုပါ အဆောက်အအုံသည် ၁၉၀၅ ခုနှစ်က စတင်တည်ဆောက်ခဲ့သည့် ရှေးဟောင်းအဆောက်အအုံဖြစ်ပြီး ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ အကူအညီဖြင့် Turquoise Mountain အဖွဲ့က ရှေးမူလက်ရာမပျက် တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရသည်။

အမှတ်(၄၉၁-၅၀၁) လူနေရှေးဟောင်းအဆောက်အအုံ၌ မိသားစု ၁၂ စုခန့်ရှိကာ လူဦးရေ ၈၀ နေထိုင်ပြီး အဆိုပါအဆောက်အအုံအနီး အာမေနီးယန်းချာ့ချ်ဘုရားကျောင်းနှင့် ဂန္ဓီခန်းမ စသည့် ရှေးဟောင်းအဆောက်အအုံများရှိကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံ၌ ၂၀၁၂ ခုနှစ်က ကွယ်လွန်ခဲ့ပြီး ကိုကိုးကျွန်းနှင့် အင်းစိန်ထောင်တို့တွင် ၁၁ နှစ်ခန့်ထောင်ကျခံခဲ့ရသည့် မန္တလေးမြို့ အခြေစိုက် လူထုသတင်းစာ၏ ရန်ကုန်သတင်းထောက်၊ အင်္ဂလိပ်စာဆရာ ၊ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူ၊ နာမည်ကျော် သတင်းစာဆရာ လူထု ဦးစိန်ဝင်း နေထိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-မင်းသစ်**
**ဓာတ်ပုံ-ဇော်မင်းလတ်**



လက်စတာအသင်းအတွက် ချေပဂိုးကို မော်ဂန်ခေါင်းတိုက်သွင်းယူစဉ်

# ဆွမ်ဆီးတို့ လီဗာပူးကို ဂိုးပြတ်အနိုင်ယူ၊ မန်ယူနှင့် လက်စတာတို့ သရေကျ

အင်္ဂလန် ပရီမီယာလိဂ် ပွဲစဉ် (၃၆)ကို ယနေ့ညတွင် ယှဉ်ပြိုင်ကစားရာ ဆွမ်ဆီးနှင့် လီဗာပူးတို့ပွဲတွင် ဆွမ်ဆီးက လီဗာပူးကို အိမ်ကွင်းတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး မန်ယူနှင့် လက်စတာတို့ပွဲတွင် တစ်ဂိုးစီ သရေကျခဲ့သည်။

ဆွမ်ဆီးနှင့် လီဗာပူးပွဲတွင် ဆွမ်ဆီးအတွက် အနိုင်ဂိုးများကို အင်ဒီယောက ပွဲချိန် မိနစ် ၂၀ နှင့် ၆၇ မိနစ်တွင် သွင်းယူခဲ့ပြီး ပွဲချိန် ၃၃ မိနစ်တွင် ဂျက်ကော့က တတိယဂိုးသွင်းယူခဲ့သည်။ လီဗာပူးအတွက် ချေပဂိုးတစ်ဂိုးကို တိုက်စစ် မှူး ဘန်တီကီက ပွဲချိန် ၆၅ မိနစ်တွင် သွင်းယူခဲ့သည်။ လီဗာပူး တို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာ ပွဲချိန် ၇၆ မိနစ်တွင် ဘားစမစ် နှစ်ဝါတစ်နီဖြင့် ထွက်ခဲ့ရသည်။ လီဗာပူးတို့ တစ်ယောက်လျော့ဖြင့် ချေပဂိုး ရရှိရေး ကြိုးစားခဲ့သော်လည်း နောက်ထပ် ချေပဂိုးမသွင်းယူနိုင်ဘဲ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့် ခဲ့သည်။

မန်ယူနှင့် လက်စတာတို့ ပွဲစဉ်တွင် မန်ယူမှ မာရှယ်က ပွဲချိန် ရှစ်မိနစ်တွင် စောစီးစွာ ဂိုးသွင်းယူခဲ့သည်။ လက်စတာတို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာ ပွဲချိန် ၁၇ မိနစ်တွင် မော်ဂန်က အသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။ နှစ်သင်းစလုံး အနိုင်ရရှိရေး ယှဉ်ပြိုင်ခဲ့ရာ ပွဲချိန် ၈၆ မိနစ်တွင် လက်စတာအသင်းမှ ဒရင့်ဝေါတာ နှစ်ဝါ တစ်နီဖြင့် ထွက်ခဲ့ရသည်။ နှစ်သင်းစလုံး နောက်ထပ်ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ သရေရလဒ်ဖြင့် ပြီးဆုံးသွားခဲ့သည်။

**သီဟ**

### အခြားပွဲရလဒ်များ

| | | |
|---|---|---|
| ဂျူဗင်တပ်စ် | ၂-၀ | ကာပီ |
| အမ်ပိုလီ | ၀-၀ | ဘိုလော့နာ |
| အေစီ | ၃-၃ | ဖရိုဆင်ဝမ်း |
| ဆက်ဆူအိုလို | ၁-၀ | ဗီရိုနာ |
| ပါလာမို | ၂-၀ | ဆမ်ဒိုးရီးယား |
| ဘီဘာအို | ၂-၁ | ဆယ်တာဗီဂို |

# သတိပြုဖွယ်ရာ အန္တရာယ်ဖြစ် ဓာတုဆေးများ

**ဒေါက်တာ နွဲ့နွဲ့ယဉ် (DAR)**

သဘာဝသယံဇာတများ ပေါကြွယ်ဝသော မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံကာ နှစ်စဉ်နှစ်တိုင်း ပြည်တွင်းရိက္ခာဖူလုံစေပြီး ပိုလျှံကုန်များကို ပြည်ပသို့ တင်ပို့နိုင်ရန် အထူးကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ကမ္ဘာ့နိုင်ငံအများစုမှ လက်ခံထားပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို နိုင်ငံတော်အတွင်း စာနပ်ရိက္ခာဖူလုံရေးအတွက်သာမက ပိုလျှံထွက်ရှိသော ထွက်ကုန်သီးနှံများကို ပြည်ပသို့တင်ပို့ရောင်းချကာ နိုင်ငံခြားငွေရရှိရေးအတွက် များစွာအထောက်အကူပြုနိုင်အောင် အလေးထား လုပ်ဆောင်လျက်ရှိသည်။

နှစ်စဉ်တိုးတက်လျက်ရှိသော လူဦးရေအတွက် လိုအပ်သော စားနပ်ရိက္ခာဖူလုံပြည့်စုံရေး၊ ငတ်မွတ်ခေါင်းပါးမှု(Hunger)နှင့် အာဟာရချို့တဲ့မှု (Malnutrition)များကို ကိုင်တွယ်ဖြေရှင်းရန် သဘာဝသယံဇာတအရင်းအမြစ်များနှင့် ဓာတုဗေဒသွင်းအားစု (ဓာတုဆေး)များကို အပြည့်အဝသုံးစွဲမှသာ စားနပ်ရိက္ခာဖူလုံမှု(Food Security)ရရှိနိုင်မည်ဟု ယခင်ကလွဲမှားစွာ ယုံကြည်ယူဆခဲ့ကြပါသည်။ သို့ရာတွင် ရင်ဆိုင်ကြုံတွေ့ရသော ယနေ့ ကမ္ဘာပေါ်ရှိ လူဦးရေသန်း ၈၀၀ တို့မှာ စားနပ်ရိက္ခာမဖူလုံဘဲ အာဟာရချို့တဲ့မှုများကို မလွဲမသွေကိုယ်တိုင်ဖြေရှင်းနေကြရသည်ကို တီဗွီ၊ ရေဒီယို၊ မဂ္ဂဇင်း၊ ဂျာနယ် စသည့် media များ၏ ထုတ်လွှင့်ဖော်ပြမှုများအား မြင်တွေ့နေရဆဲဖြစ်ပါသည်။

ထို့ကြောင့် ဤဆောင်းပါးဖြင့် "သတိပြုဖွယ်ရာ၊ အန္တရာယ်ဖြစ်ဓာတုဆေးများ"ကို အထူးအလေးထားပြီး လိုအပ်မှသာ သုံးစွဲသင့်ကြောင်းနှင့် မိမိအတ္တကိုယ်ကျိုးစီးပွားအတွက် အများပြည်သူစားသုံးရာတွင် အန္တရာယ်မဖြစ်စေရန် စေတနာရှေ့ထားပြီး ရေးသားတင်ပြလိုက်ပါသည်။

**"အန္တရာယ်ပြု ဓာတုဆေးများ"**

စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အိမ်တွင်းမှုလုပ်ငန်းစသည်ဖြင့် လုပ်ငန်းတော်တော်များများတွင် ဓာတုဆေးများဖြစ်ကြသော ဓာတ်မြေသြဇာများ၊ ပိုးသတ်ဆေးများ၊ မှိုသတ်ဆေးများ၊ ပေါင်းသတ်ဆေးတို့ကို သီးနှံအထွက်တိုးရေးအတွက် နှစ်ကာလကြာမြင့်စွာ သုံးစွဲလာမှုကြောင့် သဘာဝသယံဇာတအရင်းအမြစ်များ အရည်အသွေးကျဆင်းခြင်း၊ ပျက်စီးပြုန်းတီးခြင်း၊ ဂေဟဗေဒစနစ်များ ပျက်စီးစေခြင်းနှင့် ညီညွတ်မျှတမှုမရှိစေခြင်း၊ အပြန်အလှန် မှီတင်းနေထိုင်ခြင်းများ လျော့ပါးပျောက်ပျက်စေခြင်း၊ ရောဂါသစ်ရောဂါဆန်း(ကင်ဆာရောဂါ)များ နိုးကြားလာခြင်းများ တစ်နှစ်ထက်တစ်နှစ် တိုးပွားလာကာ ကမ္ဘာကြီး ညစ်ညမ်းညှိုးနွမ်းစေသည့် စိန်ခေါ်မှု(Bad Challenge)များကို တွေ့ကြုံဖြေရှင်းနေကြရပါသည်။

ထို့ကြောင့် အန္တရာယ်ကင်းစေသော အစားအစာများ(Food Safety)နှင့် စားနပ်ရိက္ခာလုံခြုံဖူလုံရေး (Food Security) များကို စားသုံးသူအားလုံးက အလေးထားအာရုံယူ ဂရုစိုက်လာကြပြီး အန္တရာယ်ပြုဓာတုဆေးများသုံးစွဲမှု လျှော့ချ ရေး(လိုအပ်မှသာ သုံးစွဲရေး)လုပ်ရပ်များ ချမှတ်ဆောင်ရွက်ရန် လိုအပ်လာပြီ ဖြစ်ပါသည်။

**"ခလုတ်ထိမှ အမိတ၊ သတိရတာမဖြစ်စေချင်"**

သီးနှံအထွက်တိုးရေး၊ သီးနှံဖျက် ပိုးမွှားရောဂါများ ကာကွယ်နှိမ်နင်းရေးအတွက် ဓာတုပိုးသတ်ဆေးများ သုံးစွဲမှုပြုခဲ့ရာမှ ယခုအခါတွင် ခေတ်မီတိုးတက်သော အရည်အသွေးကောင်း ပိုးသတ်ဆေးများ ရွေးချယ်အသုံးပြုရန် လိုအပ်လာပါသည်။ အရည်အသွေးကောင်းသော ပိုးသတ်ဆေးများ သတ်မှတ်ရာတွင် ဆေးအမျိုးမျိုးအစားမှန်ကန်ခြင်း၊ ဆေးအရည်အသွေး ရာနှုန်းပြည့်မီခြင်းနှင့် ရုပ်နှင့်ဓာတ်ဂုဏ်သတ္တိများ ပြည့်စုံခြင်းစသော အင်္ဂါရပ်များ အားလုံးတို့ သည် စံချိန်စံညွှန်းမီမီ ထုတ်လုပ်တင်သွင်းဖြန့်ဖြူးခြင်းနှင့်အတူ ဝယ်ယူသုံးစွဲသူများအတွက်လည်း လက်တွေ့သုံးစွဲရာတွင် အန္တရာယ်ကင်း ဘေးရှင်းစေရပါမည်။ ထို့ကြောင့်ဓာတုဆေးသုံးစွဲသူများကို အန္တရာယ်ကင်းဘေးရှင်းစေပြီး စားသုံးသူများကလည်း ဖော်ပြပါ ဘေးအန္တရာယ်များမှ ဝေးကွာစေရန်အတွက် ဓာတုဆေးထုတ်လုပ်သူများက သီးနှံစိုက်ပျိုးထုတ်လုပ်သူများကို ခလုတ်ထိမှ အမိတ ဆိုစကားကဲ့သို့ မဖြစ်စေလိုကြောင်း၊ စားသုံးသူများအတွက်လည်း ကျန်းမာရေးထိခိုက်စေမည့် ရောဂါထူး ရောဂါဆန်း (ဥပမာ- ကင်ဆာရောဂါများ)မဖြစ်ပေါ်စေရန် လူသားအားလုံးတွင် တာဝန်ရှိကြောင်း သိရှိထားသင့်ပါသည်။

> **နေ့စဉ်စားသုံးသော အစားအစာများသည် လူသားများအတွက် အာဟာရပြည့်ဝ၍ အန္တရာယ်ကင်းရန် လိုအပ်သကဲ့သို့ သီးနှံစိုက်ပျိုးထုတ်လုပ်သူများကလည်း သီးနှံပျက်စီးမှုအခြေအနေကို သေချာစွာလေ့လာပြီး လိုအပ်မှသာ ဓာတုဆေးများကို စနစ်တကျကိုင်တွယ် သုံးစွဲစေချင်ပါတယ်**

**"ရှောင်လေဝေးဝေး ပိုးသတ်ဆေး"**

ရာသီဥတုများပြောင်းလဲလာမှုကြောင့်သော်လည်းကောင်း၊ ပိုးသတ်ဆေးများကို လွန်ကဲစွာ သုံးစွဲမှုများကြောင့်သော် လည်းကောင်း စိုက်ပျိုးနည်းစနစ်နှင့် သီးနှံပုံစံ ရွေးချယ်မှုညီညွတ်မျှတမှုမရှိမှုတို့ကြောင့် သော်လည်းကောင်း စိုက်ပျိုးထုတ်လုပ်သူများက မိမိသီးနှံအထွက်နှုန်း မလျော့ကျစေရန် ပိုးသတ်ဆေးများကိုသာ သုံးစွဲကြခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ပိုးသတ်ဆေးဆိုသည်မှာ သီးနှံရိက္ခာ၊ လူ၊ တိရစ္ဆာန်နှင့်အခြား ပစ္စည်းများကို နှောင့်ယှက်ဖျက်ဆီးသော ပိုးကောင်များနှင့်အပင်၌ ကျရောက်သော ရောဂါပိုးများ၊ ကြွက်၊ ပွေး၊ ခရု၊ ပေါင်းပင်နှင့်အခြားသက်ရှိများကို ကာကွယ်နှိမ်နင်းရာတွင် အသုံးပြုသောဆေးများဟု ဆိုထားပါသည်။

လက်ရှိအနေအထားအရ မြန်မာနိုင်ငံတွင် တံခါးဖွင့်စီးပွားရေးစနစ်ကျင့်သုံးမှုနှင့်အညီ ဓာတုပစ္စည်းများတိုးတက်ထုတ်လုပ်တင်သွင်းပြီး သုံးစွဲနေခြင်းကြောင့် ဤကမ္ဘာပေါ်ရှိ လူသားများအတွက် ကျန်းမာရေး၊ ပတ်ဝန်းကျင်ထိခိုက်မှု၊ (မြေထု၊ လေထု၊ ရေထု) ညစ်ညမ်းမှုများ ဖြစ်ပေါ်နေကြောင်း သိရှိရပါသည်။ ထို့ကြောင့် ဓာတုဆေးများကိုသုံးစွဲရာတွင် စနစ်တကျသုံးရာမှ "သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင် ဘေး" ဖြစ်နိုင်သည့်အတွက် သီးနှံစုံစိုက်ပျိုးထုတ်လုပ်သူများက **"မှူးယစ်ဆေးကဲ့သို့ ရှောင်လေဝေးဝေး ပိုးသတ်ဆေးများ"**ဟု သတိပြုကိုင်တွယ်သင့်ကြောင်း လေ့လာသုံးသပ်တင်ပြပါသည်။

**"မလိုလားအပ်သောဓာတုဆေးများ မှားယွင်းစွာသုံးစွဲနေမှုများ"**

ဓာတုပိုးသတ်ဆေးများသည် ထုတ်လုပ်သည်မှစ၍ နှစ်နှစ်အတွင်းအသုံးပြုရန်လိုအပ်ခြင်း၊ သီးနှံမရိတ်သိမ်းမီ (သို့)မခူးဆွတ်မီ နှစ်ပတ်အလိုမှစ၍ ဆေးမဖျန်းခြင်းနှင့် "ဆေးအာနိသင်ပျက်ပြယ်အောင်စောင့်ဆိုင်းသောကာလ"များ သတ်မှတ်ပြီး ပိုးသတ်ဆေးအများစုကို PHI(Pre-Harvest Interval) နှစ်ပတ်သတ်မှတ်ထားမှုများအား သုံးစွဲသူများစနစ်တကျ လိုက်နာဆောင်ရွက်ရန် စိုက်ပျိုးရေးဦးစီးဌာန လက်အောက်ရှိ သီးနှံပိုးမွှားကာကွယ်ရေးဌာနစိတ် (Plant Protection) မှ ညွှန်ကြားချက်များ၊ သတိပေးခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် ယင်းပိုးသတ်ဆေးများကို အစားအသောက်များတွင် လွဲမှားစွာအသုံးပြုနေသည်များကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။ ဥပမာအားဖြင့်-

(က) DDT, Aldrin တို့ကဲ့သို့သော ပိတ်ပင်ထားသောပိုးသတ်ဆေးများကို သိုလှောင် သီးနှံဖျက်ပိုးများကာကွယ်ရန် အသုံးပြုခြင်း၊
(ခ) ငါးဖမ်းရာတွင် ပိုးသတ်ဆေးများ အသုံးပြုခြင်း၊
(ဂ) ငါးပိ၊ ငါးခြောက်များတွင် လောက်များသေစေရန် ပိုးသတ်ဆေးသုံးခြင်း၊
(ဃ) ခရမ်းချဉ်သီး၊ ငရုတ်သီးများကို အရောင်လှ၍ ကြာရှည်ခံစေရန် ခူးဆွတ်ပြီး ဈေးကွက်မပို့မီ EPN ကဲ့သို့သော ပိုးသတ်ဆေးများဖျန်းခြင်း၊
(င) အရက်ချက်ရာတွင် အရက်ကို ပိုပြင်းစေရန် Endrin ကို နှီးဖျားနှင့် စွတ်ထည့်ခြင်း၊
(စ) ပန်းမုန်လာ၊ မုန်လာထုပ်များကို ပွဲရုံမှ အမှာစာမရောက်မချင်း ဆေးဖျန်းခြင်း၊
(ဆ) ကန်စွန်းရွက်ကဲ့သို့သော ဟင်းသီးဟင်းရွက်စိုက်ခင်းများတွင် ပိုးသတ်ဆေး လိုအပ်သည်ထက်ပို၍ ဖျန်းခြင်း၊
(ဇ) ဈေးကွက်ရောက်နေသော ငှက်ပျောသီး၊ သရက်သီးများ မှည့်စေရန် Eltheral (ရော်ဘာအစေးထွက်ရန် သုံးသည့်ဆေး) ကို ရေဖျော်ပြီး အသီးများကို စိမ်ခြင်း၊
(ဈ) ငါးခြောက်များ နေလှန်းရာတွင် ယင်ကောင်မနားစေရန် ပိုးသတ်ဆေးဖျန်းခြင်း၊
(ည) ပုစွန်ခြောက်အရောင်လှစေရန် ဘက်ထရီအိုးမှ ခဲမှုန့်များကို အရေဖျော်ဖျန်းခြင်း၊
(ဋ) အသီးများချိုစေရန် ချိုသောဓာတုဆေးရည်များ အသီးတွင် တိုက်ရိုက်ထိုးသွင်းခြင်း၊
(ဌ) အိမ်သုံးပိုးသတ်ဆေးဖြစ်သည့် ခြင်ဆေးခွေများသည် အဆုတ်နှင့် အသက်ရှူလမ်းကြောင်းကို ထိခိုက်စေခြင်း စသည်ဖြင့် လွဲမှားစွာသုံးစွဲခြင်းကြောင့် ဓာတုပိုးသတ်ဆေးအဆိပ်သင့်မှုများ ဖြစ်ပေါ်စေသည်။

**"သတိပြုဆင်ခြင် နည်းသစ်ထွင်"**

လူအများစားသုံးကြသော ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများနှင့် အခြားသော နှံစားသီးနှံ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံသီးနှံများ---တို့တွင် ပိုးသတ်ဆေးများကို စနစ်တကျကိုင်တွယ်သုံးစွဲမှုမရှိခြင်း၊ မှားယွင်းစွာသုံးစွဲခြင်းတို့ကြောင့် စားသုံးသူများအတွက် "အစာလည်းဆေး၊ ဆေးလည်းအစာ" မဖြစ်တော့ဘဲ မိမိအတွက်အန္တရာယ်ဖြစ်စေမည့် အစားအစာများကို ဝယ်ယူသုံးစွဲနေကြရသည့် အဖြစ်ဆိုးများနှင့် တွေ့ကြုံရစေပါသည်။ ထို့ကြောင့် နေ့စဉ်စားသုံး သော အစားအစာများသည် လူသားများအတွက် အာဟာရပြည့်ဝ၍ အန္တရာယ်ကင်းရန် လိုအပ်သကဲ့သို့ သီးနှံစိုက်ပျိုးထုတ်လုပ်သူများကလည်း သီးနှံပျက်စီးမှုအခြေအနေကို သေချာစွာလေ့လာပြီး လိုအပ်မှသာ ဓာတုဆေးများကို စနစ်တကျကိုင်တွယ် သုံးစွဲစေချင်ပါသည်။

ထို့အတူ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေသော သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် ကျရောက်ဖျက်ဆီးတတ်သော ပိုးမွှားရောဂါများကို ကာကွယ်နှိမ်နင်းနိုင်မည့် သဘာဝဆေးဖက်ဝင်အပင်များ (ဇာမနီ၊ ဘိစပ်၊ တမာ၊ သြဇာစေ့၊ ဆင်တုံးမနွယ်၊ ချင်း၊ နနွင်း၊ စပါးလင်ဆီမွှေး၊ ကျွေးဥ၊ လင်းနေ၊ သဘော်ာစေး၊ ချစ်တီးပန်း) ကိုလည်း သီးနှံစိုက်ပျိုးထုတ်လုပ်သူများက တိုးတက်နေသော ခေတ်နှင့်အညီ သိရှိလေ့လာထားသင့်သော နည်းပညာရပ်များကို ဘက်စုံကာကွယ်နည်းစနစ် IPM ခေါ် (Integrated Pest Management)အဖြစ် စာတွေ့လက်တွေ့ကျင့်သုံးခြင်းအားဖြင့် ဤကမ္ဘာပေါ်ရှိ လူသားအားလုံးတို့အတွက် သက်ရှည်ကျန်းမာစွာ နေထိုင်သွားရန်ရည်ရွယ်၍ တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

# တိုက်ပွဲများရပ်ဆိုင်းပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်ရန် လူထုဆန္ဒဖော်ထုတ်ပွဲများကို ရခိုင်ပြည်နယ်အတွင်းရှိ မြို့များ၌ ပြုလုပ်

**စစ်တွေ မေ ၁**

ရခိုင်ပြည်နယ်အတွင်း ဖြေလဆန်းမှစ၍ မြန်မာ့တပ်မတော်နှင့် AA လက်နက်ကိုင်အဖွဲ့တို့ ဖြစ်ပွားနေသော တိုက်ပွဲများရပ်ဆိုင်းပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ရန်တောင်းဆိုသည့် လူထုဆန္ဒဖော်ထုတ်ပွဲများကို အစိုးရ၏ တရားဝင်ခွင့်ပြုချက်များဖြင့် စစ်တွေမြို့နှင့် ရခိုင်ပြည်နယ်တို့၌ တစ်ပြိုင်တည်း ပြုလုပ်ကြောင်း သိရသည်။ **(ယာပုံ)**

မြန်မာ့တပ်မတော်နှင့် AA လက်နက်ကိုင်အဖွဲ့တို့၏ တိုက်ပွဲများကြောင့် နှစ်ဖက်စလုံး ထိခိုက်နစ်နာနေရခြင်း၊ ယင်းတိုက်ပွဲများကြောင့် ဘူးသီးတောင်၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်းနှင့် ကျောက်တော်မြို့နယ်တို့မှ အပြစ်မဲ့ပြည်သူများ စစ်ဘေးရှောင်ဒုက္ခသည်ဖြစ်သွားရခြင်း၊ မိမိတို့၏ ရွာ၊ အိမ်၊ စည်းစိမ်ဥစ္စာများကို စွန့်ခွာထွက်ပြေးရခြင်း၊ မကြာမီ မိုးရာသီရောက်တော့မည်ဖြစ်ရာ အဓိကလုပ်ငန်းဖြစ်သော လယ်ယာလုပ်ငန်းများအတွက် ကြိုတင်လုပ်ငန်းများ လုပ်ကိုင်ရန် အခက်အခဲဖြစ်နေရခြင်း၊ ပေါ်တာဆွဲခံရခြင်းစသော အများပြည်သူတို့ နစ်နာဆုံးရှုံးမှုများဖြစ်နေခြင်းကြောင့် လူထုဆန္ဒဖော်ထုတ်ပွဲများကို ပြုလုပ်ရခြင်းဖြစ်သည်။

"ကျွန်တော်တို့ ဒီနေ့လူထုဆန္ဒဖော်ထုတ်ပွဲပြုလုပ်ရတာကတော့ ငြိမ်းချမ်းရေးကို ရယူလိုချင်တဲ့ ဆန္ဒကြောင့်ပါ။ ဒီနေ့အချိန်ထိ ရခိုင်ပြည်နယ်တွင်းမှာ မြန်မာ့တပ်မတော်နဲ့ AA တို့ ဖြစ်နေတဲ့ တိုက်ပွဲတွေကြောင့် ပြည်သူတွေ ဒုက္ခရောက်နေကြရတယ်။ အိုးပစ် အိမ်ပစ် ထွက်ပြေးနေကြရတယ်။ ပေါ်တာဆွဲခံခြင်း၊ လမ်းပြအဖြစ်ခေါ်ယူခြင်းတွေ ခံနေကြရတယ်။ စစ်ပြေးဒုက္ခသည်တွေဖြစ်နေကြရတယ်။ ဒါကြောင့် တိုက်ပွဲတွေကိုရပ်ကြပြီး စားပွဲဝိုင်းငြိမ်းချမ်းရေးဆွေးနွေးဖို့ တောင်းဆိုရခြင်းဖြစ်ပါတယ်" ဟု ဆန္ဒဖော်ထုတ်ပွဲ ခေါင်းဆောင် ဦးအောင်ငွေးက ပြောသည်။

စစ်တွေမြို့လူထု ဆန္ဒဖော်ထုတ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီကျော်တွင် စတင်ပြုလုပ်ရာ ရဟန်းရှင်လူပြည်သူ ၁၉၅၀၀၀ ခန့် လာရောက်ကာ စီတန်းလှည့်လည်ပြီး ကြွေးကြော်သံများကို သံပြိုင်ဆို၍ ဆန္ဒဖော်ထုတ်ကြကြောင်း သိရသည်။

ပြည်သူလူထုသည် မွန်းလွဲ တစ်နာရီမတိုင်မီ စစ်တွေမြို့ ဝက်ပါကွင်းကြီး၌ စုဝေးကြပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်တွင် ဝက်ပါကွင်းမှနေ၍ ဦးဥတ္တမလမ်း၊ လမ်းမကြီး၊ ငှင်းမှ မြို့လယ်နာရီစင်လမ်းဆုံမှကွေ့ကာ ကမ်းနားလမ်းတစ်လျှောက် အတိုင်းလာပြီး ကမ်းနားလမ်းနှင့် ဦးဥတ္တမလမ်းဆုံမှနေ၍ ဦးဥတ္တမလမ်းအတိုင်း ဝက်ပါကွင်းသို့ ပြန်လှည့်ကာ မွန်းလွဲ ၂ နာရီခွဲခန့်တွင် ဝက်ပါကွင်း၌ လူစုခွဲခဲ့ကြောင်း သိရသည်။



ဆန္ဒဖော်ထုတ်ရာတွင် ပါဝင်သော ကိုထွန်းလင်းအောင်က "ကျွန်တော်တို့တွေ ဒီလောက်ပူပြင်းတဲ့ အချိန်မှာ ဆန္ဒဖော်ထုတ်နေရတာဟာ ပြည်သူတွေ ဒုက္ခရောက်နေတာ၊ ခံစားနေရတာကို မမြင်ရက်လို့ပါ။ တိုက်ပွဲတွေကြောင့် အပြစ်မဲ့ပြည်သူတွေ ဒုက္ခရောက်ရတယ်။ မြန်မာပြည်မှာ ဘယ်နေရာဖြစ်ဖြစ် တိုက်ပွဲဖြစ်နေရင် မငြိမ်းချမ်းနိုင်ဘူး။ ဒုက္ခရောက်နေကြရမှာပဲ။ မြန်မာပြည်သားအချင်းချင်း ဒီအချိန်ဟာ တိုက်နေရမယ့် အချိန်မဟုတ်ပါဘူး။ အားလုံးညီညွတ်ရမယ့်အချိန်ပါ။ ဒါကြောင့် တိုက်ပွဲတွေကိုရပ်ကြပြီး စားပွဲဝိုင်းဆွေးနွေးကြပါလို့ တိုက်တွန်းလိုပါတယ်"ဟု ၎င်း၏အမြင်ကို ရှင်းပြသည်။

စစ်တွေမြို့ရှိ စည်းကမ်းထိန်းသိမ်းရေးနှင့် ကူညီစောင့်ရှောက်ရေးရဟန်းတော်များနှင့် လူမှုအဖွဲ့အစည်းများအနေဖြင့် တိုက်ပွဲများရပ်ဆိုင်းပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ပေးရန်အတွက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ထံသို့ အိတ်ဖွင့်ပေးစာများပေးပို့ကာ တောင်းဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-လေးဝတီထွန်းစောခိုင်**
**ဓာတ်ပုံ-ဖရုံကာသား**

# နိုင်ငံရေးဆွေးနွေးမှုတွေကရလာတဲ့ သဘောတူညီမှုတွေနဲ့ လွှတ်တော်တွင်း ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်တွေကို ချိတ်ဆက်ပြီးတော့ ကျွန်တော်တို့ ပြုပြင်ပြောင်းလဲရမှာတွေရှိတယ်

**တွေ့ဆုံမေးမြန်း - ခင်မောင်ထွေး၊ ဓာတ်ပုံ - ဇော်မင်းလတ်**

**ပီတိကလေးငယ်တစ်ဦး၏ ဆည်းလည်းသံလေးများလွှမ်းခြုံရာ မိသားစုဂေဟာလေးသို့ ကျွန်တော် ရောက်သွားသောအခါ သူ့အား မိသားစုဘဝနှင့်ခေတ္တပျော်မွေ့နေသည်ကို တွေ့လိုက်ရ သည်။**

**ကျွန်တော်က မိတ်ဆက်ပြီး လာရင်း အင်တာဗျူးကိစ္စကို ပြောပြရင်း အလုပ်စားပွဲထိုင်သောအခါ သူ၏ နိုင်ငံရေးဝိညာဉ်နှင့် ငြိမ်းချမ်းရေးဝိညာဉ်များက ပြန်လည်နိုးထသက်ဝင်လာသည်။ သူကား ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ(ဂျေအမ်စီ-ယူ)၏ အရပ်သားကိုယ်စားလှယ်၊ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့ အစည်းမှ ဦးကိုကိုကြီး ဖြစ်သည်။**

**မေး ။ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ဘယ်လိုရှုမြင်ထားပါသလဲ။**

ဖြေ ။ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စက ကျွန်တော့်ထက် အသက်ကြီးတယ်။ ရွေးကောက်ပွဲ သက်တမ်းနဲ့ ဒီ Election Cycle နဲ့ တိုင်းလို့မရဘူး၊ တွက်လို့မရဘူး။ ကျွန်တော်တို့က အခြေခံကောင်းတွေကို ဘယ်လောက်တည်ဆောက်သွားမလဲ၊ နောက် ဘယ်သူတက်တက်၊ ဘယ်သူအုပ်ချုပ်အုပ်ချုပ် ဒီအခြေခံကောင်းတွေကို ခိုင်မာအောင်၊ တိုးတက်အောင် ဘယ်လောက် လုပ်သွားနိုင်မလဲဆိုတာ အဲဒီလိုမျိုး မျှော်ပြီးတော့ အုတ်မြစ်ချနိုင်မှဖြစ်မယ်လို့ ကျွန်တော်မြင်တယ်။

**မေး ။ ခေတ်အဆက်ဆက်လုပ်ဆောင်ခဲ့တဲ့ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ဘာတွေအားနည်းချက်ရှိခဲ့သလဲဆိုတာ ပြန်သုံးသပ်မိပါသလား။ အရင် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့အဓိကဆွေးနွေးရတဲ့အခါ ဝါဒစွဲတွေရှိခဲ့ပေမယ့် အခုက လူမျိုးစုလက်နက်ကိုင်တိုင်းရင်းသားတွေကပဲ အဓိကဖြစ်လာတော့ လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပြဿနာရဲ့အဓိကသော့ချက်က ဘာများပါလဲ။**

ဖြေ ။ အခြေခံအကျဆုံးပြောရရင်တော့ တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်မှုအားနည်းတဲ့ပြဿနာပေါ့၊ တစ်ဖက်ကလည်း အစိုးရက ငြိမ်းချမ်းရေးကမ်းလှမ်းတယ်ဆိုတာ ပရိယာယ်တွေ၊ အစိုးရကလည်း ဒီလက်နက်ကိုင်အဖွဲ့တွေက ငြိမ်းချမ်းရေးလုပ်ပြီးလို့ရှိရင် ဆက်ကြေးတွေကောက်တယ်၊ လူသစ်တွေစုတယ်ပေါ့။ ဆိုတော့ တိုင်းရင်းသားလက်နက်ကိုင်တွေဘက်က ပြောတဲ့အခါကျတော့ အစိုးရတပ်တွေကလည်း တပ်တွေတိုးချဲ့တယ်၊ အပစ်အခတ်ရပ်တယ်ဆိုတာက နှစ်ဖက်အင်အားဖြည့်တင်းနေကြတာ၊ ဒါ ပရိယာယ် တစ်ခုအနေနဲ့လုပ်ကြတာလို့ အစဉ်အဆက် အဲဒီလိုမျိုးတွေ နားလည်မှုလွဲလာကြတာပေါ့။

နောက်တစ်ခုက နိုင်ငံရေးအပိုင်း။ လက်နက်ကိုင်လှုပ်ရှားမှုပြည်တွင်းစစ်က လွတ်လပ်ရေးနဲ့ပါလာတာ။ ပါလာတော့ တစ်ခုက ၁၉၄၇ ဖွဲ့စည်းပုံက ပါတီစုံပေါ့။ ပါလီမန်ဒီမိုကရေစီစနစ်၊ သို့သော် တိုင်းရင်းသား တန်းတူညီမျှရေးနဲ့ ပတ်သက်လို့ တိုင်းရင်းသားတွေဘက်က မကျေနပ်ဘူး၊ အဲဒါကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေပေါ်တယ်။

နောက်တစ်ခုက နိုင်ငံရေးအယူဝါဒအရ လက်နက်ကိုင်တဲ့ကိစ္စက ဒီလွတ်လပ်ရေးဟာ မစစ်ဘူး၊ ရွှေရည်စိမ် လွတ်လပ်ရေးဆိုတဲ့ ပြဿနာနဲ့ပေါ်တာ။ အဲဒီတော့ ဦးနုဝန်ကြီးချုပ်ဘဝက ငြိမ်းချမ်းရေးကမ်းလှမ်းတာတွေအားလုံးက လက်နက်စွန့်၊ ပါလီမန်ဒီမိုကရေစီဘောင်ထဲမှာ ဝင်ရောက်ယှဉ်ပြိုင်၊ လူထုကထောက်ခံရင်၊ ရွေးချယ်ရင် ဥပဒေပြုအာဏာတွေကို ရခွင့်ရှိမယ်၊ အဲဒီတော့ သူက ပါလီမန်ဒီမိုကရေစီဘောင်ထဲမှာ ရပ်တည်ခွင့်ပေးတယ်၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးတယ်၊ လက်နက်စွန့်ပေါ့။ ဒါဟာ အကြမ်းဖျင်း ကျွန်တော်တို့မြင်ရတာပေါ့။

အဲဒီအချိန်မှာ တိုင်းရင်းသားတန်းတူညီမျှရေးနဲ့ ပတ်သက်လို့ ဝန်ကြီးချုပ်ဦးနုက ညှိနှိုင်းဆွေးနွေးနေတဲ့အချိန်၊ အချို့အချက်အလက်တွေကို လိုက်လျောဖို့ သဘောတူထားတဲ့အချိန်မှာ အာဏာသိမ်းခံလိုက်ရတယ်။

အာဏာသိမ်းပြီးတဲ့အခါကျတော့ ပါလီမန်ပျက်သွားပြီ။ ဖွဲ့စည်းပုံလည်းပျက်သွားပြီ။ ပျက်သွားတော့ ဗိုလ်ချုပ်နေဝင်းက တော်လှန်ရေးကောင်စီဖွဲ့တယ်။ အမတေပါတီဖွဲ့တယ်။ နောက်တော့ ပြည်သူ့ပါတီဆိုပြီးဖွဲ့တယ်။ ဖွဲ့တော့ နိုင်ငံရေးစနစ်က တစ်ပါတီဖြစ်သွားပြီ။ အဲဒီအချိန်မှာ လုပ်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ အားလုံးက လက်နက်စွန့်ပြီးရင် ပါတီစုံအဖြစ်နဲ့ ရပ်တည်လို့မရဘူး။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှာ ဝင်လုပ်ချင်လုပ်၊ ဆိုလိုတာက ပါတီစုံဒီမိုကရေစီမဟုတ်တဲ့အတွက်ကြောင့် နိုင်ငံရေးအယူဝါဒ ကွဲတဲ့သူတွေက လက်နက်စွန့်ပြီးရင် ကိုယ်ယုံကြည်ရာ အယူဝါဒနဲ့ ရပ်တည်လို့မရဘူး၊ ဒါက ၁၉၈၈ အထိကာလပေါ့။

ဒီနောက်ပိုင်း စစ်အစိုးရအာဏာသိမ်းပြီးလုပ်တဲ့ ငြိမ်းချမ်းရေးတွေကလည်း အပစ်အခတ်ရပ်စဲရေးပဲလုပ်တာ။ နိုင်ငံရေးမပါဘူး။ ဒေသဖွံ့ဖြိုးရေးလုပ်၊ အပစ်အခတ်ရပ်၊ နိုင်ငံရေးစကား ပြောချင်ရင် ညောင်နှစ်ပင်ညီလာခံမှာပြော။ ပြီးလည်းပြီးရော။ တိုင်းရင်းသားတွေဘက်ကပြောတာတွေ အတော်များများဟာ မှတ်တမ်းတင်တဲ့အဆင့်ထက် ကျော်မလာဘဲနဲ့ ၂၀၀၈ ဖွဲ့စည်းပုံဖြစ်သွားရော။ ဖြစ်သွားပြီးတော့ ဖွဲ့စည်းပုံပေါ်ပြီး လက်နက်တွေဖြုတ်၊ နယ်ခြားစောင့်တွေလုပ် ဆိုတော့ အဲဒီမှာလက်မခံနိုင်တဲ့အဖွဲ့တွေက ဖြစ်လာရော။

၂၀၀၈ ဖွဲ့စည်းပုံနောက်ပိုင်း ၂၀၁၀ ရွေးကောက်ပွဲ နောက်ပိုင်းကျတော့ ပါတီစုံဒီမိုကရေစီ ပုံသဏ္ဌာန်တော့ ပေါ်လာတယ်။ သို့သော် တပ်မတော်ရဲ့ နိုင်ငံရေးဦးဆောင်မှုကဏ္ဍဆိုတာကြီးက ပါလာတယ်။ ဆိုတော့ ဒီဟာသည် ၄၇ ဖွဲ့စည်းပုံမှာလည်းမရှိဘူး၊ ၇၄ ဖွဲ့စည်းပုံမှာလည်း တပ်က ဦးဆောင်ပြီး ပါတီဖွဲ့တာတောင်မှ ဒီရွေးကောက်ခံမဟုတ်ဘဲနဲ့ တပ်ဘက်က ဝင်ပါတယ်ဆိုတဲ့ဟာ မရှိဘူး၊ အခုကျတော့ တပ်က နိုင်ငံရေးဦးဆောင်မှုမှာပါလာတယ်။ ၂၅ ရာခိုင်နှုန်းကိစ္စတွေ ပါလာတယ်။ ဒါပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ ဖက်ဒရယ်ဆန်ဆန်၊ ပြည်နယ်လွှတ်တော်ရှိတယ်။ ပြည်နယ်အစိုးရရှိတယ်။ ဖက်ဒရယ်ပုံစံမျိုးပေါ်တယ်။ သို့သော် အနှစ်သာရအားဖြင့်က ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရတွေရဲ့လုပ်ပိုင်ခွင့်က တော်တော့်ကို မရှိသလောက်ဖြစ်သွားတယ်၊ နည်းသွားတယ်။

အဲဒီအချိန်မှာ ကျွန်တော်တို့က ငြိမ်းချမ်းရေးလုပ်မယ်ဆိုတော့ ဒီဘက်က ဦးသိန်းစိန် လက်ထက်ငြိမ်းချမ်းရေးကမ်းလှမ်းမှုဟာ တစ်ခုက အပစ်အခတ်ရပ်၊ အပစ်အခတ်ရပ်ဆိုတာ အရင်တုန်းက နှစ်ဖက်အဖွဲ့အစည်းတွေကြားလုပ်တာ။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေး လုပ်တဲ့ကိစ္စသည် ဒါထူးခြားတဲ့ ဖြစ်ထွန်းတိုးတက်မှုတစ်ခုလို့ ကျွန်တော်တို့ သတ်မှတ်လို့ရတယ်။

ဒါကြောင့်လည်း Single Text လို့ခေါ်တဲ့ တစ်ခုတည်းသော သဘောတူညီချက်ဖြစ်တဲ့အထိ တိုင်းရင်းသားအဖွဲ့တွေ တက်တက်ကြွကြွနဲ့ ဝိုင်းဆွေးနွေးကြပြီး သဘောတူညီမှုတစ်ခုရခဲ့တယ်။ သို့သော် နောက်ဆုံးတရားဝင်လက်မှတ်ထိုးတဲ့အခါမှာ ရှစ်ဖွဲ့ပဲထိုးနိုင်တယ်။ ကျန်တဲ့ အဖွဲ့တွေက အားလုံးပါဝင်ရေးဆိုတဲ့အဓိကအချက်ပေါ့နော်၊ အဲဒီအပေါ်မှာမူတည်ပြီး သဘောထားကွဲလွဲမှုတွေရှိတယ်။ ရှိတော့ ကျွန်တော်တို့က ရှစ်ဖွဲ့အပစ်အခတ်ရပ်ထားတယ်ဆိုတဲ့ အခြေအနေရှိတယ်။

နောက် ကျွန်တော် ပါဝင်ဆောင်ရွက်နေတဲ့အပိုင်းက အဲဒီအပစ်အခတ်ရပ်စဲရေးနေရာတွေမှာ ချိုးဖောက်မှု ရှိ၊ မရှိ။ ဒီအပစ်အခတ်ရပ်စဲရေးကို တည်တံ့အောင် ထိန်းသိမ်းရမယ်၊ ကြိုးစားရမယ့်တာဝန် ကျွန်တော်ယူထားတယ်ပေါ့။ ဂျေအမ်စီ-ယူ အဖွဲ့ဝင်ပေါ့။ တစ်ဖက်က အင်န်စီအေရဲ့ လုပ်ငန်းစဉ်တွေထဲမှာ နိုင်ငံရေးဆွေးနွေးပွဲတွေ ဆက်လုပ်ရမယ်၊ ငြိမ်းချမ်းရေးညီလာခံလုပ်ရမယ်၊ ငြိမ်းချမ်းရေးညီလာခံတွေလုပ်ရမယ့်ကိစ္စကတော့ ပြီးခဲ့တဲ့သမ္မတ ဦးသိန်းစိန်လက်ထက်မှာ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို အစပျိုးခဲ့တာပေါ့။ ဒီဘက် လက်ထက်မှာ ဒါကိုဆက်လက် သယ်ဆောင်ရမယ်။ တစ်ချိန်တည်းမှာ လက်မှတ်မထိုးနိုင်သေးတဲ့အဖွဲ့တွေ ပါဝင်လာ အောင် တစ်ဖက်ကစည်းရုံးရမယ်။ အဲဒီတော့ သူတို့တွေ ပါဝင်မယ့် နိုင်ငံရေးဆွေးနွေးပွဲတွေ အားကောင်းလာအောင်လုပ်ရမယ်။

တစ်ဖက်ကကျတော့ အနိုင်ရပါတီအစိုးရနဲ့ လွှတ်တော်နဲ့ရှိတယ်။ တစ်ဖက်ကကျတော့ တပ်မတော်ရှိတယ်။ ဆိုတော့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တပ်မတော်ရယ်၊ အစိုးရရယ်၊ လွှတ်တော်ရယ် အခြေခံသဘောတူညီချက်ရှိဖို့လိုတယ်။ ဒါနဲ့ပတ်သက်လို့ ဘယ်လိုသွားမယ်ဆိုတဲ့ဟာကိုပေါ့။ အဲဒါမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ဆွေးနွေးတဲ့အခါမှာ အရင်တုန်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ယေဘုယျပြောရင် အတိုက်အခံ၊ တိုင်းရင်းသားလက်နက်ကိုင်များကလည်း အတိုက်အခံ။ ယေဘုယျပြောရင် ဒါဟာ စစ်တပ်နဲ့ စစ်တပ်ကျောထောက်နောက်ခံပေးတဲ့ အစိုးရ၊ ကျန်တာက ဒီဘက်က ဒီမိုကရေစီအင်အားစု၊ တိုင်းရင်းသားအင်အားစုဆိုတာက သပ်သပ်။



ဦးကိုကိုကြီး
(၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့ အစည်း)

အခုကျတော့ ဒီမိုကရေစီအင်အားစုတွေထဲကနေ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အစိုးရဖြစ်သွားပြီ။ လွှတ်တော်ဖြစ်သွားပြီ။ တစ်ချိန်တုန်းက တစ်ခြမ်းတည်းမှာ တစ်ဖက်တည်းမှာရှိတယ်။ အခုကျတော့ အစိုးရဖြစ်သွားရင် နိုင်ငံတော်ကို ကိုယ်စားပြုအနေနဲ့ သူကဆုံးဖြတ်ချက်တွေပေးရတော့မယ်။ အဲဒီလိုလုပ်တဲ့အခါမှာ တစ်ဖက်က တပ်မတော်နဲ့ အခြေခံသဘောတူညီချက်တစ်ခုရှိထားဖို့လိုမယ်။ ဒီငြိမ်းချမ်းရေးကိစ္စကို ဘယ်လိုဆက်လက်ဆောင်ရွက်မလဲ။

ဆိုရရင် တစ်ဖက်ကလည်း ဒီဖွဲ့စည်းပုံအခြေခံဥပဒေဟာ တိုင်းရင်းသားတန်းတူညီမျှရေးအတွက် အတားအဆီးဖြစ်နေတဲ့ ပုဒ်မတွေရှိနေတယ်။ ရှိတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ ဒီပြည်နယ်တွေမှာ လုပ်ပိုင်ခွင့်တွေ တိုးမြှင့်ပေးဖို့ ကိစ္စသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနဲ့ လွှတ်တော်ရဲ့ဘောင်ထဲကနေ ကြိုးစားရမယ့်ကိစ္စကလည်း ရှိတယ်။ အဲဒီတော့ လွှတ်တော်တွင်းကြိုးစားမှုတွေရှိမယ်။ လွှတ်တော်ပြင်ပမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းတွေနဲ့ နိုင်ငံရေးဆွေးနွေးမှုတွေရှိမယ်။

အဲဒီနိုင်ငံရေးဆွေးနွေးမှုတွေကရလာတဲ့ သဘောတူညီမှုတွေနဲ့ လွှတ်တော်တွင်း ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်တွေကို ချိတ်ဆက်ပြီးတော့ ကျွန်တော်တို့ပြုပြင်ပြောင်းလဲရမှာတွေရှိတယ်။ အဲဒီလိုသွားမှ ကျွန်တော်တို့ ဟိုဘက်ကို ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို ရောက်မယ်လို့ ကျွန်တော်က အဲဒီလိုမြင်တယ်။ လွှတ်တော်တစ်ခုတည်းဆောင်ရွက်လို့ မရဘူး။

ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုကို အသေကိုင်ပြီးတော့ ကျွန်တော်တို့လုပ်လို့မရဘူး။ ဒါကြောင့်မို့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပြောင်းလဲဖို့ကိစ္စသည် ဒီငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ဆက်စပ်နေတယ်။ ဒီဘက်က ဥပဒေကြောင်းအရ ပြုပြင်ဖို့ ကြိုးစားတာ အောင်မြင်လေလေ လက်နက်ကိုင်လှုပ်ရှားမှု၊ လက်နက်ကိုင်ပဋိပက္ခကိုလျှော့ချနိုင်လေလေလို့ ကျွန်တော်က အဲဒီလို မြင်တယ်။

ဥပမာအားဖြင့် ကျွန်တော် နိုင်ငံတကာငြိမ်းချမ်းရေးဖြစ်စဉ်တွေ သွားလေ့လာတဲ့အခါမှာ အိုင်ယာလန်ရောက်တယ်။ အိုင်အာအေဆိုတာ တဂျိမ်းဂျိမ်း ဗုံးခွဲနေတာ။ ဒါပေမယ့် အိုင်အာအေကနေ နိုင်ငံရေးပါတီ ဆင်ဖိန်းတည်ထောင်လိုက်တဲ့အခါကျတော့ သူတို့ရဲ့မျှော်မှန်းချက်တွေ၊ နိုင်ငံရေးဦးတည်ချက်တွေကို အကောင်အထည်ဖော်နိုင်မှုများလာတာနဲ့အမျှ အိုင်အာအေက သူ့ဘာသာသူ ကျသွားတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က ဥပဒေအတွင်းပြောင်းလဲမှုတွေကို ဂရုစိုက်ဖို့လိုတယ်။ အဲဒီပြုပြင်ပြောင်းလဲမှုတွေကလည်း သဒ္ဓါကြေးပေးတာမဟုတ်ဘူး၊ တိုင်းရင်းသားတွေက သူတို့လိုလားချက်ကို ကျားကုတ်ကျားခဲ ကြိုးစားလာရတဲ့ သဘောတူညီမှု၊ ဖြေရှင်းမှု ဖြစ်ဖို့လိုမယ်။ တစ်ဖက်နဲ့တစ်ဖက် ရန်သူလိုသဘောထားလို့မရဘူး၊ ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်၊ ဆွေးနွေးဖက်တွေဖြစ်သွားပြီ၊ အဲဒီဆွေးနွေးဖက်တွေကို လေးစားဖို့လိုတယ်၊ အသိအမှတ်ပြုဖို့လိုတယ်။

**မေး ။ တိုင်းရင်းသားလက်နက်ကိုင်တွေ ဘက်ကရော ဘယ်လိုသဘောထားဖို့လိုပါသလဲ။ တိုင်းရင်းသားတွေက ဖက်ဒရယ်ကနေ ခွဲထွက်ခွင့်အထိဖြစ်လာပြီး ပြည်ထောင်စုကြီးပြိုကွဲတဲ့အထိ ဖြစ်လာမှာကိုလည်း ဒီဘက်က စိုးရိမ်နေတာကိုး။**

ဖြေ ။ ကျွန်တော်တို့ တိုးတက်လာတဲ့အခြေအနေတစ်ခုက တပ်မတော်ကိုယ်၌က ဖက်ဒရယ်ဆိုတဲ့ အသုံးအနှုန်းကိုလက်ခံလာခြင်းပဲ။ တစ်ချိန်တုန်းက ဖက်ဒရယ်ဆိုတဲ့အသုံးအနှုန်းက ရာဇဝတ်မှုပဲ။ ဖက်ဒရယ်လို့ပြောတာနဲ့ ဒါ ပြည်ထောင်စုပြိုကွဲတော့မယ်။ ဒီလိုမျိုးပုံဖော်ထားတာ။ အခုကတော့တပ်မတော်ကရော အရင်အစိုးရကပါ ဖက်ဒရယ်ဆိုတာကို လက်ခံပြီးသုံးစွဲလာတယ်။ ဒါက ဒီဘက်က တိုးတက်မှုပေါ့။

တိုင်းရင်းသားတွေဘက်ကလည်း ခွဲထွက်ခွင့်မလုပ်ဘူးလို့ပြောလာတယ်။ ဒါဟာ ကျွန်တော်တို့ အဆင့်တစ်ဆင့်ကို နီးစပ်လာတဲ့သဘောပေါ့။ ဖက်ဒရယ်ဆိုတာ ပေါင်းစည်းရေး၊ တန်းတူပေါင်းစည်းရေး။ အဲဒီလိုအခြေအနေသွားနိုင်ပြီဆိုရင် ကျွန်တော်တို့က အရင်ထက်စာရင် အများကြီး နီးစပ်လာတယ်လို့ ပြောလို့ရတယ်။

ဆိုတော့ တိုင်းရင်းသားတွေဘက်ကလည်း လက်တွေ့ကျဖို့လိုတယ်။ ကျွန်တော်တို့ကတော့ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ တွေ့တဲ့အခါ၊ ပြောတဲ့အခါမှာ ယုံကြည်ချက်တွေ ကိုယ့်ရဲ့တန်ဖိုးထားမှုတွေကို ကိုင်ထားပါ၊ ဆုပ်ကိုင်ထားပါ။ သို့သော် အဲဒါကို အချိန်အပိုင်းအခြားအလိုက် ကျွန်တော်တို့ရောက်အောင် ကြိုးစားတဲ့အခါမှာ တူညီမှုတွေကို အားကောင်းသထက်ကောင်းအောင် လုပ်ခြင်းအားဖြင့် မတူညီမှုတွေကို ဖြေရှင်းတဲ့အခါမှာ ပိုမိုပြီး နီးစပ်လာတယ်။ အဲဒီအယူအဆနဲ့ပဲ ကျွန်တော်က သွားစေချင်တယ်။

လောလောဆယ်မှာ သေနတ်သံ မထွက်ဘူးဆိုရင် လက်တွေ့အကျိုးရှိတာ ဒီဒေသခံ ပြည်သူတွေပဲ။ အဲဒီအဆင့်ရောက်ပြီဆိုရင် ကျွန်တော်တို့ စကားပြောမယ်၊ တစ်ကြိမ်နဲ့မရရင် နှစ်ကြိမ်၊ နှစ်ကြိမ်နဲ့မရရင် သုံးကြိမ်။ ဆွေးနွေးနေတယ်ဆိုတာ ကိုယ်၌က တိုးတက်မှုပဲ။ ဆက်ဆွေးနွေးလို့ မရဘူးဆိုရင် ဒါ ကျွန်တော်တို့ဆုံးရှုံးတာ၊ ဆွေးနွေးတယ်၊ ဘာမှ သဘောတူညီမှုမရဘူး၊ ဆက်လက်ဆွေးနွေးမယ်လို့ သဘောတူညီမှုရတယ်ဆိုရင် ဒါတို့ မရှုံးဘူး။ အဓိကဆွေးနွေးနေတယ်ဆိုတာဟာ ဒါ တိုးတက်မှုပဲ။ ဒါ အနိမ့်ဆုံးအဆင့်ကို ကျွန်တော်ပြောတာ၊ အမှန်က ဒီထက်မြင့်မြင့်မားမား ကျွန်တော်တို့မျှော်မှန်းလို့ရတယ်။ လူပုဂ္ဂိုလ်ရေးရင်းနှီးလာတာ၊ ယုံကြည်လာတာကနေစပြီး နှစ်ဖက်နိုင်ငံရေးသဘောထားတွေ၊ အယူအဆတွေအထိ ကျွန်တော်တို့က ညှိနှိုင်းမှုပိုအားကောင်းလာတယ်၊ အဆင်ပြေလာတယ်။

ဒါကြောင့်မို့လည်း အခု လက်မှတ်ထိုးထားတဲ့ အဖွဲ့တွေနဲ့ တပ်မတော်အပိုင်းဆိုရင် လူပုဂ္ဂိုလ်အရရော တော်တော်လေး ရင်းနှီးလာကြတယ်၊ ကာလတစ်ခုကို အတူတူဖြတ်ခဲ့ကြတဲ့အခါကျတော့။ ဒါကြောင့်မို့ တချို့အောက်ခြေမှာ ထိတွေ့မှုတွေဖြစ်တဲ့ အခါကျရင် လှမ်းဆက်သွယ်လိုက်ရုံနဲ့ ဒီကိစ္စကိုကျွန်တော်တို့ ထိန်းချုပ်နိုင်တယ်၊ ကြီးထွားမလာအောင်၊ ကျယ်ပြန့်မလာအောင်လုပ်နိုင်တယ်။ တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ ဆက်ဆံရေးရှိနေတယ်၊ ဆက်သွယ်မှုတွေရှိနေတယ်ဆိုတာ ကိုယ်၌က ပြဿနာတော်တော်များပြီးတယ်။ ဒါဟာ သိပ်အရေးကြီးတယ်။

ဒါကြောင့်မို့ ပြန်ပြီးချုပ်ပြောရရင် ကျွန်တော်တို့ နိုင်ငံ၊ နိုင်ငံသားတွေ တိုင်းရင်းသားတွေပေါ့။ အထူးသဖြင့် တိုင်းရင်းသားဒေသတွေဆိုရင် တော်တော့်ကိုခေါင်တယ်၊ ဖွံ့ဖြိုးမှု နိမ့်ကျနေတဲ့ ကိစ္စဟာ အားလုံးမှာတာဝန်ရှိတယ်။

သေချာတာကတော့ တိုက်ပွဲတွေဖြစ်နေသမျှ ကာလပတ်လုံး ဖွံ့ဖြိုးတိုးတက်ရေးဘာမှလုပ်လို့မရဘူး။ နောက် ကိုယ့်သယံဇာတတွေက တရားဝင်စီးပွားရေးထဲကို ရောက်လာပြီးတော့ တကယ့်ကိုဒေသဖွံ့ဖြိုးရေးတွေ လုပ်နိုင်ရမယ်။ နောက် တိုင်းရင်းသားတွေ ကိုယ်၌ကလည်း ပြောင်းလဲလာမယ့်အချိန်အတွက် တာဝန်ယူနိုင်အောင် ကြိုတင်ပြင်ဆင်မှုတွေ လိုမယ်။

ဒီဘက်က တိုင်းရင်းသားတွေ တန်းတူညီမျှမှု လုပ်ပိုင်ခွင့်တွေ ညှိနှိုင်းလို့အဆင်ပြေမယ့်အချိန်မှာ တာဝန်ယူဖို့အတွက်ကိုပါ တစ်ခါတည်း ပြင်ဆင်ထားတာမျိုးပေါ့၊ အဲဒါမျိုးနဲ့သွားရင် ကျွန်တော်တို့ ပူးတွဲဆောင်ရွက်နေရင်းနဲ့ တဖြည်းဖြည်းယုံကြည်မှု တိုးလာလိမ့်မယ်လို့ ကျွန်တော်မြင်ပါတယ်။ ။

# ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစိုးရ၊ ပုဂ္ဂလိကနှင့်ပူးပေါင်းပြီး ကူညီထောက်ပံ့သွားမယ်

**ဂျပန်နိုင်ငံခြားရေးဝန်ကြီး H.E.Mr Fumio KISHIDA ထံ မြန်မာ့အလင်းသတင်းအဖွဲ့က ဆက်သွယ်မေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်-**

**မေး။ ။ မြန်မာနိုင်ငံနဲ့ ဂျပန်နိုင်ငံအကြားမှာ နှစ်ပေါင်းရှည်ကြာစွာ ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်လာခဲ့ပါတယ်။ ဂျပန်-မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေးအပေါ်လည်း ဝန်ကြီးရဲ့ အကဲဖြတ်သုံးသပ်ချက်ကို သိချင်ပါတယ်။ နောက်တစ်ခါ ဒီတစ်ခေါက် မြန်မာနိုင်ငံ အလည်အပတ်ခရီးစဉ်ကနေ ဂျပန်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်လာမယ့် အလားအလာကို သိပါရစေ။**

ဖြေ။ ။ နိုင်ငံခြားရေးဝန်ကြီးအနေနဲ့ မြန်မာနိုင်ငံကို လာရောက်လည်ပတ်တာ သုံးကြိမ်မြောက်ရှိပါပြီ။ ရောက်တဲ့အခါတိုင်းမှာ မြန်မာလူမျိုးတွေရဲ့အလွန်နွေးထွေးပျူငှာတဲ့ စိတ်နှလုံး၊ နောက်ပြီး ဂျပန်လူမျိုးတွေကို ရင်းနှီးခင်မင်တဲ့မိတ်ဆွေလို သဘောထားကြတဲ့စိတ်ထားကို ကိုယ်တိုင်ခံစားမိပါတယ်။ ဂျပန်လူမျိုးတွေဟာလည်း မြန်မာဆိုတဲ့ တိုင်းပြည်၊ နိုင်ငံသားတွေနဲ့ မတူကွဲပြားတဲ့ယဉ်ကျေးမှုတွေကို အကျွမ်းတဝင် ရှိပါတယ်။ သမိုင်းအစဉ်အလာအရ ချစ်ကြည်ရင်းနှီးတဲ့ နှစ်နိုင်ငံဆက်ဆံရေးက ဒီလိုမျိုး အပြန်အလှန် ရင်းနှီးကျွမ်းဝင်မှုရဲ့ အခြေခံဖြစ်နေတယ်လို့ ပြောနိုင်ပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံသားအများစုရဲ့ထောက်ခံမှုကို အခိုင်အမာရရှိထားတဲ့ အစိုးရတစ်ရပ်ပေါ်ပေါက်လာတာကို ကြိုဆိုပါတယ်။ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလက မြန်မာနိုင်ငံမှာကျင်းပခဲ့တဲ့ အထွေထွေရွေးကောက်ပွဲဟာ စစ်မှန်တဲ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဦးတည်တဲ့ ပထမခြေလှမ်း ဖြစ်လာမယ့် သမိုင်းဝင်မှတ်တိုင်တစ်ခု ဖြစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံက မဲဆန္ဒရှင်ပြည်သူတွေဟာ ဂျပန်နိုင်ငံက အခြားအဖွဲ့အစည်းတွေနဲ့အတူ ကူညီထောက်ပံ့ခဲ့တဲ့ "ဖျက်လို့မရတဲ့ မင်" ကို သုတ်လိမ်းထားတဲ့ လက်သန်းကို ဓာတ်ပုံရိုက်ပြီး လူမှုကွန်ရက်စာမျက်နှာမှာ အမှတ်တရတင်တာတွေ ခေတ်စားခဲ့တယ်လို့ ကြားသိရပါတယ်။



ဂျပန်နိုင်ငံခြားရေးဝန်ကြီး H.E.Mr Fumio KISHIDA

ပြည်သူပြည်သားတွေက ရွေးကောက်ပွဲမှာ ပါဝင်နိုင်တဲ့ ငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းတဲ့ လူမှုအဖွဲ့အစည်းမျိုးရှိမှသာ ဖွံ့ဖြိုးတိုးတက်မှုဆိုတာ အောင်အောင်မြင်မြင် ပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ် ဂျပန်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့ရဲ့ သံတမန်ဆက်ဆံရေး နှစ်(၆၀) ပြည့် အထိမ်းအမှတ်အနေနဲ့ စတင်ကျင်းပခဲ့တဲ့ "ဂျပန်-မြန်မာပွဲတော်ဟာ ဒီနှစ်မှာဆိုရင် ဒုတိယအကြိမ်မြောက် ကျင်းပပြီးစီးခဲ့ပါပြီ။ ရန်ကုန်မြို့မှာ ကျင်းပခဲ့တဲ့ ဒီပွဲတော်ကို မြန်မာပြည်သူပြည်သား တစ်သောင်းခုနှစ်ထောင်ကျော်လောက်က လာရောက်ကြပြီး ပေါ့ပ်တေးသီချင်းများ၊ ဂျပန်ရိုးရာဟင်း၊ ဆိုင်ခန်းများနဲ့ ကုမ္ပဏီများရဲ့ခင်းကျင်းပြသမှုတွေကတစ်ဆင့် ဂျပန်ယဉ်ကျေးမှုကို ခံစားပျော်ရွှင်ခဲ့ကြပါတယ်။ ယဉ်ကျေးမှုကို အပြန်အလှန်သိရှိခံစားခြင်းအားဖြင့် အပြန်အလှန်နားလည်မှုကို ပိုမို နက်ရှိုင်းစေလိမ့်မယ်လို့ ယူဆပါတယ်။ နောက်နှစ်တွေကျရင် အားလုံးပဲ ဆက်ဆက်ပါဝင်ဆင်နွှဲ ကြပါ။

ဒီတစ်ခေါက်အလည်အပတ်ခရီးစဉ်မှာ ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ယုံကြည်စိတ်ချရတဲ့ မိတ်ဖက်နိုင်ငံအဖြစ် အစိုးရပုဂ္ဂလိကပူးပေါင်းပြီး ကူညီထောက်ပံ့သွားမယ့်အကြောင်းကို မြန်မာပြည်သူပြည်သားတွေအား စကားလက်ဆောင်ပါးချင်ပါတယ်။ မြန်မာနိုင်ငံမှာ ဒီထက်ပိုပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ကြွယ်ဝချမ်းသာရေး အကောင်အထည်ဖော်နိုင်ဖို့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ကောင်းမွန်တဲ့ နှစ်နိုင်ငံအကြားဆက်ဆံရေးကို ပိုမိုခိုင်မာအောင် လုပ်ဆောင်နိုင်လိမ့်မယ်လို့ ယတိပြတ် ယုံကြည်ထားပါတယ်။

**မေး။ ။ ဂျပန်နိုင်ငံဟာ တရားဝင်ဖွံ့ဖြိုးတိုးတက်မှု ကူညီထောက်ပံ့ရေး (OD) အစီအစဉ်များစွာနဲ့ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို ကူညီထောက်ပံ့လာခဲ့ပါတယ်။ လက်ရှိ အခုအချိန်အထိ မြန်မာနိုင်ငံအတွက် ပေးအပ်ခဲ့တဲ့ (OD) အစီအစဉ်တွေအပေါ် ဝန်ကြီးရဲ့သဘောထားအမြင်ကို သိပါရစေ။ ဒါ့အပြင် ဒီနောက်ပိုင်း မြန်မာနိုင်ငံကို ကူညီထောက်ပံ့မယ့် အစီအစဉ်ကိုလည်း ပြောပြပေးပါ။**

ဖြေ။ ။ ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ အမျိုးသားရင်ကြားစေ့ရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်ပြီး မြန်မာနိုင်ငံရဲ့ ကဏ္ဍပေါင်းစုံလုပ်ဆောင်နေတဲ့ ပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှုကို တွန်းအားပေးဖို့ ၂၀၁၂ ခုနှစ် ဧပြီလမှာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမူဝါဒကို ပြင်ဆင်ခဲ့ပါတယ်။ အဲ့ဒီနောက်ပိုင်း ၂၀၁၃ ခုနှစ်မှာ ယန်းချေးငွေ ၃၀၀ ဘီလီယံခန့် လျှော်ပစ်လိုက်တဲ့အပြင် နိုင်ငံသားများရဲ့ လူနေမှုဘဝတိုးတက်ရေး၊ လူစွမ်းအားအရင်းအမြစ်ပြုစုပျိုးထောင်ရေး၊ နည်းစနစ်ပိုင်းဆိုင်ရာမြှင့်တင်ရေး၊ အခြေခံအဆောက်အအုံတည်ဆောက်ရေးတို့ကို အဓိကထားပြီး စုစုပေါင်းယန်းငွေ ၃၇၇ ဘီလီယံ ကူညီထောက်ပံ့ခဲ့ပါတယ်။

ဂျပန်နိုင်ငံရဲ့ကူညီထောက်ပံ့မှုကို ဥပမာတစ်ခုအနေနဲ့ ပြရမယ်ဆိုရင် သီလဝါအထူးစီးပွားရေးဇုန်ကို ဖွင့်လှစ်ခဲ့တာလည်း ရှိပါတယ်။ ဂျပန်နဲ့ မြန်မာရဲ့အစိုးရပုဂ္ဂလိကပူးပေါင်းပြီး အကောင်အထည်ပေါ်လာတဲ့ သာဓကတစ်ခုဖြစ်ပြီး ဂျပန်နိုင်ငံဟာ စက်မှုဇုန်တည်ဆောက်ရေးအပြင် ဆိပ်ကမ်း၊ ကား၊ လမ်းဖောက်လုပ်ရေး အစရှိတဲ့ အထောက်အပံ့တွေကို ဖော် ဆောင်ခဲ့ပါတယ်။ ဒါ့အပြင် ရန်ကုန်မြို့အတွက် ပေးအပ်ခဲ့တဲ့ ကူးတို့သင်္ဘောသုံးစင်းဟာ ရန်ကုန်မြို့သူ မြို့သားတွေရဲ့အသွားအလာအတွက် နေ့စဉ်များစွာ အထောက်အကူပြုနေတယ် လို့ ကြားသိရပါတယ်။ ယမန်နှစ်က ရေကြီးရေလျှံမှုတွေကြောင့် မြန်မာနိုင်ငံဒေသများမှာ ကြီးမားတဲ့ ရေဘေးဒုက္ခတွေကြုံတွေ့ခဲ့ရပြီး ဒီရေကြီးရေလျှံမှုတွေအတွက် ဂျပန်ယန်း ၅ ဘီလီယံခန့် ထောက်ပံ့ပေးဖို့ ဆုံးဖြတ်ခဲ့ပြီး စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ရေးကို လုပ်ဆောင်လျက်ရှိပါတယ်။

ဒီနောက်ပိုင်းမှာလည်း ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့စစ်မှန်တဲ့မိတ်ဆွေအဖြစ် သဘာဝပတ်ဝန်းကျင်နဲ့ လူမှုအဖွဲ့အစည်းတွေကို အလေးထားထည့်သွင်းစဉ်းစားပြီး နိုင်ငံတကာ စံချိန်စံညွှန်းနဲ့ကိုက်ညီပြီး အရည်းအသွေးမြင့်မားတဲ့ အကူအညီတွေကို လက်တွေ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် မြန်မာအစိုးရသစ်က အထူးအလေးထားလျက်ရှိတဲ့ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံ၊ ငွေကြေးနဲ့ ဘဏ္ဍာရေးစတဲ့ ကဏ္ဍတွေမှာ ဘက်ပေါင်းစုံကနေ အစွမ်းကုန် ထောက်ပံ့ကူညီဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**(မြန်မာ့အလင်း)**

## မိုးခေါ်လွန်ဆွဲ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့ မကျီးအုပ်စု ကျောင်းတိုက်ဆရာတော်၏စီစဉ်မှုဖြင့် ရပ်ကွက်အတွင်းရှိ လူငယ်မောင်မယ်များက ငါးယောက်တစ်ဖွဲ့၊ ၁၀ ယောက်တစ်ဖွဲ့ အဖွဲ့များခွဲ၍ ဧပြီ ၃၀ ရက်က ဘုန်းကြီးကျောင်း၌ လူငယ်များက မိုးခေါ်လွန်ဆွဲပွဲများ ပြုလုပ်ကြသည်ကို တွေ့ရစဉ်

မောင်ကို






## သဘာဝဘေးကြောင့် သေဆုံးခဲ့သော ခိုင်းနွားများအတွက် ထောက်ပံ့

**နေပြည်တော် မေ ၁**

ဧပြီလအတွင်း သဘာဝဘေးအန္တရာယ်များကြောင့် သေဆုံးခဲ့သော လယ်ယာသုံး ခိုင်းနွားများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ထောက်ပံ့ကူညီပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပုန်းဟုန်ကျေးရွာအုပ်စု တောင်ဖီလာကျေးရွာတွင် သဘာဝဘေးအန္တရာယ်များကြောင့် သေဆုံးခဲ့သော လယ်ယာသုံး ခိုင်းနွားနှစ်ကောင်အတွက် တောင်သူ ဦးကျော်ဆန်းဦးအား ငွေကျပ် သိန်း ၂၀ ကို ကောလင်းဘဏ်ခွဲ (ဒုတိယအထွေထွေမန်နေဂျာ) ဦးတင်ဝင်းက ဧပြီ ၃၀ ရက်တွင် ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဧပြီ ၂၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် မိဿလင်းကျေးရွာအုပ်စု နလယ်အင်းရွာမှ ဦးတင်စိုး၏ သေဆုံးသွားခဲ့သည့် ခိုင်းနွားသုံးကောင်အတွက် ငွေကျပ် သိန်း ၃၀ ကို နလယ်အင်းရွာ ဘုန်းကြီးကျောင်း၌လည်းကောင်း၊ ဧပြီ ၂၈ ရက်က မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရေသရောက်ကျေးရွာမှ ဦးအောင်သူလွင်အား ခိုင်းနွားနှစ်ကောင် ဆုံးရှုံးခဲ့သည့်အတွက် ကူညီထောက်ပံ့ငွေကျပ် သိန်း ၂၀ နှင့် ခိုင်းနွားတစ်ကောင် ဆုံးရှုံးခဲ့သည့် ဦးဖြိုးဝေအား ကူညီထောက်ပံ့ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ် သိန်း ၃၀ ကိုလည်းကောင်း၊ ဧပြီ ၂၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် လက်ပံ ဆိပ်ကျေးရွာမှ ခိုင်းနွားနှစ်ကောင်ဆုံးရှုံးခဲ့သည့် ဦးတင်အောင်အား ကူညီထောက်ပံ့ငွေကျပ် သိန်း ၂၀၊ သမတန်းကျေးရွာမှ ခိုင်းနွားတစ်ကောင်စီဆုံးရှုံးခဲ့သည့် ဦးအေးလွင်နှင့် ဦးမန်းကြည်တို့အတွက် တစ်ကောင်လျှင် ကျပ်၁၀ သိန်းနှုန်းဖြင့် ကျပ်သိန်း ၂၀၊ စုစုပေါင်းငွေကျပ်သိန်း ၄၀ နှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူ မြစ်သားမြို့နယ် လက်ပံဆိပ်ကျေးရွာမှ ဦးတင်အောင်အတွက် ဆေးကုသမှုစရိတ် ငွေကျပ်ငါးသိန်းအား လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြသည်။

လယ်ယာသုံးခိုင်းနွားများ အမှန်တကယ်ဆုံးရှုံးခဲ့ရသည့် နိုင်ငံတဝန်းရှိ တောင်သူလယ်သမားများအနေဖြင့် သက်ဆိုင်ရာ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများ၏ ထောက်ခံချက်ဖြင့် ဦးတင်ထွန်း ဖုန်း-၀၉ ၇၉၂၀၅၂၇၀၄ မန္တလေးမြို့နှင့် ဦးစိုးတင်မောင်ဇော် ဖုန်း-၀၉ ၅၀၀၀၁၇၀ ရန်ကုန်မြို့တို့ကို ဆက်သွယ်ထုတ်ယူနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ရေပြတ်လပ်မှုမရှိစေရေး သောက်သုံးရေများ လှူဒါန်း

**ပေါက်ခေါင်း မေ ၁**

ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် တောင်လည်ကျေးရွာအုပ်စုမှ အိမ်ခြေ ၆၅ အိမ်၊ အိမ်ထောင်စု ၆၅ စု၊ လူဦးရေ ၂၃၂ ဦးရှိသော ဖိုးကျော့ကွင်းကျေးရွာနေပြည်သူများ ရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးများနှင့် ဝန်ထမ်းများ ပူးပေါင်း၍ ဧပြီ ၂၈ ရက်က ရေဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ် တစ်စီးဖြင့် အဆိုပါကျေးရွာသို့ သောက်သုံးရေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ပေါက်ခေါင်းမြို့နယ် သိုက်ချောင်းကျေးရွာ ရေအလှူရှင်များအဖွဲ့က ညောင်ကုန်းအုပ်စု အောင်ပင်လယ်ကျေးရွာရှိ အိမ်ခြေ ၁၁၁အိမ်၊ အိမ်ထောင်စု ၁၁၃ စုမှ ကျေးရွာနေပြည်သူ ၄၅၆ ဦးအား ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၁၂၀၀ ကို သွားရောက်လှူဒါန်းရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်သုံးဆီများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# အိမ်ဖြူတော်၌ သမ္မတအိုဘားမား၏ နောက်ဆုံးအကြိမ် ညစာစားပွဲကျင်းပ



**ဝါရှင်တန် မေ ၁**

စနေနေ့က နှစ်စဉ်အိမ်ဖြူတော်၌ ကျင်းပလေ့ရှိသော ညစာစားပွဲတွင် နိုင်ငံရေးသမားများ၊ သတင်းမီဒီယာသမားများနှင့် တွေ့ဆုံစဉ် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ယခုညှော့ခံပွဲသည် ၎င်း၏ နောက်ဆုံးအကြိမ်ဖြစ်ကြောင်း အရွှန်းဖောက်ပြောဆိုခဲ့သည်။

အဆိုပါ အထင်ကရဝါရှင်တန်ညှော့ အိုဘားမားနှင့်အတူ သတင်းထောက်များ၊ မီဒီယာသမားများ၊ ဟောလီးဝုဒ်နာမည်ကျော် သရုပ်ဆောင်များအပြင် စီးပွားရေးသမားများ တက်ရောက်ကြသည်။

တက်ရောက်သူများအထဲတွင် နိုင်ငံရေးလောကတွင် နာမည်ကျော်ကြားသူများဖြစ်သော သမ္မတလောင်းဖြစ်လာနိုင်ဖွယ်ရှိသူ ဘာနီဆန်းဒါး၊ လက်ရှိအမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေ အဖွဲ့ဥက္ကဋ္ဌ ခရစ်စတင်းလာဂါဒီတို့အပြင် နာမည်ကျော် ဟယ်ရီပေါ်တာ ဇာတ်ဆောင်မင်းသမီး အမ်မာဝပ်ဆင် အပါအဝင် နာမည်ကြီးအဆိုတော် ဂလာဒီနိုက်တို့ ပါဝင်သည်။

တနင်္ဂနွေနေ့ည ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် သမ္မတက မိန့်ခွန်းပြောကြားမည်ဖြစ်ပြီး ယခုညစာစားပွဲသည် သမ္မတ၏ရာထူးတာဝန်ထမ်းဆောင်မှုအတွင်း နောက်ဆုံးအကြိမ်ဖြစ်သည်။ သမ္မတ၏ နောက်ဆုံးအမှတ်တရ ညှော့ခံပွဲကို ဟာသလူရွှင်တော်လာရီဝယ်လ်မိုး၏ စင်တင်ဟာသပြက်လုံးများဖြင့် ဖျော်ဖြေမည်ဖြစ်သည်။

ပျော်စရာများကို ဖန်တီးပေးထားသော ညစာစားပွဲဦးစားပေးအစီအစဉ်ခုနစ်ခုကို သမ္မတက အံ့အားသင့်စေရန် ဆောင်ရွက်ထားသဖြင့် ထုတ်ပြန်ထားခြင်းမရှိကြောင်း အိမ်ဖြူတော်ပြောခွင့်ရသူ ဂျိုးအားနက်က သတင်းထောက်များကို ပြောသည်။

သမ္မတသည် ပျော်ပျော်နေတတ်သူတစ်ဦးဖြစ်ပြီး သူ့မိတ်ဆွေများကို ကျီစယ်လိုသောကြောင့် ဖြစ်မည်ထင်ကြောင်း အားနက်က ဖြည့်စွက်ပြောကြားသည်။

သမ္မတသည် ယမန်နှစ်များက နိုင်ငံရေးဆိုင်ရာ အခက်အခဲပြဿနာများနှင့် ကြုံတွေ့ရလေ့ရှိသော်လည်း ပေါ့ပေါ့ပါးပါးနှင့် ဖြေရှင်းလေ့ရှိပြီး တစ်ခါတစ်ရံဟာသများ ပြုလုပ်လေ့ရှိကြောင်း သိရသည်။

ညစာစားပွဲသို့ သမ္မတလောင်းဖြစ်ရန် ရေပန်းစားနေသော ရီပတ်ဘလစ်ကန်ဒေါ်နယ်ထရန့်မှာ တက်ရောက်ခြင်းမရှိပေ။

**(ရိုက်တာ)**



# ဥရောပနှင့် ရုရှားခရီးစဉ် အာဘေး စတင်

**တိုကျို မေ ၁**

တနင်္ဂနွေနေ့က ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ ဥရောပနိုင်ငံများသို့ သွားရောက်မည့်ခရီးစဉ် စတင်ခဲ့သည်။ ဂလိုဘယ်စီးပွားရေးမြှင့်တင်ရန် ၎င်း၏အစီအစဉ်တစ်ခုဖြစ်သော ဘဏ္ဍာရေးပိုင်းဆိုင်ရာ ချဲ့ထွင်ပူးပေါင်းရန်အတွက် G7 ခေါင်းဆောင်များကို တိုက်တွန်းသွားဖွယ်ရာရှိကြောင်း မျှော်လင့်ရသည်။

အာဘေးသည် ဗြိတိန်၊ ဂျာမနီ၊ဘယ်လ်ဂျီယံ၊ ပြင်သစ်နှင့်အီတလီခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။ ယင်းကဲ့သို့ တွေ့ဆုံရခြင်းမှာ ဂျပန်နိုင်ငံအလယ်ပိုင်း အိုက်ရှီးမားဒေသ၌ မေ ၂၆ ရက်တွင် စတင်ကျင်းပသွားမည့် G7 အစည်းအဝေးကို လက်ခံကျင်းပရန်အတွက် ကြိုတင်ပြင်ဆင်ထားခြင်းလည်း ဖြစ်သည်။

G7 အစည်းအဝေးသည် ဘဏ္ဍာရေးပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအတွက်ပြုလုပ်ခြင်းဖြစ်ကြောင်း သိစေလိုရင်းဖြစ်သည်။ အာဘေးသည် ဂလိုဘယ်စီးပွားရေးကို စဉ်ဆက်မပြတ်တိုးတက်စေရန်နှင့် အောင်မြင်မှုရရှိစေရန်လိုအပ်ချက်များကို ဗြိတိန်၊ ဂျာမနီနှင့် အခြားဂျီခုနစ်ခေါင်းဆောင်က ပူးပေါင်းဆောင်ရွက်သွားရန် ဆွဲဆောင် စည်းရုံးသွားမည်ဟု မျှော်လင့်ရသည်။

ဂျာမနီနှင့် အခြားနိုင်ငံများသည် ပြည်သူလူထုအတွက် ကုန်ကျစရိတ်များရှိနေသည့်အတွက် မည်ကဲ့သို့တုံ့ပြန်မည်ကို လေ့လာသူများက စောင့်ကြည့်လျက်ရှိသည်။ အာဘေးသည် တရုတ်နိုင်ငံအား ဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာစေလိုပြီး ယန္တရားဈေးကွက်ကို ပြုပြင်စေလို၍ ခေါင်းဆောင်များနှင့် အတည်ပြုဆွေးနွေးသွားရန် စီစဉ်ထားကြောင်း သိရသည်။ တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်း အခြေစိုက်စခန်းများတည်ဆောက်ပြီး သံမဏိပစ္စည်းထုတ်လုပ်ခြင်းများကို အင်တိုက်အားတိုက် ပြုလုပ်လျက်ရှိသည်။

ဥရောပမှအပြန် အာဘေးသည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ရုရှားရှိ ဆိုချီအပန်းဖြေကမ်းခြေ၌ အလွတ်သဘောတွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံစဉ် အာဘေးသည် ဂျပန်နိုင်ငံမှ တောင်းဆိုထားသော ရုရှားထိန်းချုပ်ခံ ကျွန်းလေးခုအကြောင်းနှင့်ပတ်သက်ပြီး ငြိမ်းချမ်းရေးစာချုပ်ဆွေးနွေးညှိနှိုင်းရန် ပြင်ဆင်ထားကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# အီကွေဒေါလျှင်ပြီး ၁၃ ရက်အကြာ၌ အဘိုးအိုတစ်ဦးကို ကယ်ဆယ်နိုင်

**ကွီတို မေ ၁**

အီကွေဒေါ အနောက်မြောက်ပိုင်း ကမ်းရိုးတန်း၌ မြေငလျင်လှုပ်မှု ဖြစ်ပွားပြီးနောက် ၁၃ ရက်အကြာတွင် ဗင်နီဇွဲလား ကယ်ဆယ်ရေးသမားများက အသက် ၇၂ နှစ်အရွယ် အဘိုးအိုတစ်ဦးကို ကယ်နိုင်ခဲ့ကြောင်း စနေနေ့တွင် ဗင်နီဇွဲလားက ကြေညာခဲ့သည်။

လူသားချင်း စာနာရေးအဖွဲ့မှ ဗင်နီဇွဲလားနိုင်ငံသား ကယ်ဆယ်ရေးအထူးအဖွဲ့မှအဖွဲ့ဝင်တစ်ဦးသည် အီကွေဒေါ ပြည်နယ်အနောက်ပိုင်း မာနာဘီ၌ သောကြာနေ့က ကယ်ဆယ်ရေးများအကြီးအကျယ်ပြုလုပ်ခဲ့ကြောင်း၊ အန္တရာယ်ရှိသော မြေနေရာများ၌ ရှာဖွေမှုများ ပြုလုပ်နေကြောင်း ကွီတိုရှိဗင်နီဇွဲလားနိုင်ငံဆိုင်ရာ သံအမတ်တစ်ဦးက ပြောသည်။ အဆောက်အအုံပြိုကျသည့် အသံများကို ကြားကြားချင်း ကယ်ဆယ်ရေးသမားများသည် အခန်းနံရံများကြားတွင် ပိတ်မိနေသူများကိုဝင်ရောက်ရှာဖွေခဲ့ခြင်းဖြစ်သည်။ နာတာရှည်ကျောက်ကပ်ရောဂါသည် အဘိုးအိုတစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ၎င်းသည်ရေဓာတ်ဆုံးရှုံးမှုဒဏ်ကို ခံစားနေရသည်။ သတိလစ်နေသော ၎င်းကိုနီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းသိရသည်။

**(ဆင်ဟွာ)**

# တူရကီအရှေ့တောင်ပိုင်း၌ တိုက်ခိုက်မှုဖြစ်ပွား၊ စစ်သားသုံးဦးသေဆုံး ၁၄ ဦးဒဏ်ရာရ

**အန်ကာရာ မေ ၁**

နိုင်ငံအရှေ့တောင်ပိုင်းရှိ မြို့တော်နျူဆေဘင်၌ တနင်္ဂနွေနေ့က ကာ့ဒ်လက်နက်ကိုင် စစ်သွေးကြွများ၏ စစ်ဆင်ရေးများ ပြုလုပ်တိုက်ခိုက်မှုကြောင့် တူရကီစစ်သားသုံးဦးသေဆုံးပြီး ၁၄ ဦးဒဏ်ရာရခဲ့ကြောင်း တူရကီစစ်ဘက်ဆိုင်ရာဖော်ပြချက်အရ သိရသည်။

ပြီးခဲ့သော ဇူလိုင်လက အပစ်ရပ်စဲရေးချိုးဖောက်ထားပြီးနောက် တူရကီအရှေ့တောင်ပိုင်းတွင် ကာ့ဒ်စစ်သွေးကြွများ ကြီးစိုးလျက်ရှိပြီး ကာ့ဒ်အလုပ်သမားပါတီ(ပီကေကေ) အဖွဲ့ဝင်များနှင့် အစိုးရလုံခြုံရေးတပ်ဖွဲ့ဝင်များအကြား ပြင်းထန်သောတိုက်ပွဲများ အရှိန်အဟုန်မြှင့် ပြုလုပ်လျက်ရှိသည်။

**(ရိုက်တာ)**



# ဆိုမာလီယာ၌ ဘုရားကျောင်းပြိုကျမှု ကိုးဦးသေဆုံး

**မိုဂါဒစ်ရှူး မေ ၁**

ဆိုမာလီယာ၌ တည်ဆောက်လက်စ ဘုရားကျောင်း အဆောက်အအုံပြိုကျမှု ဖြစ်ပွားရာ အနည်းဆုံး ကိုးဦးသေဆုံးပြီး ဒဏ်ရာရရှိသူများပြားကြောင်း သိရသည်။

ဧပြီ ၃၀ ရက်က မိုဂါဒစ်ရှူးမြို့တော်အနီး ဂရက်စ်ဘယ်လီခရိုင်၌ ဘုရားကျောင်းတည်ဆောက်ရာတွင် လူပေါင်း ၁၀၀ ကူညီလုပ်ကိုင်လျက်ရှိရာ အောက်ခံကြမ်းခင်းကွန်ကရစ်လောင်းနေစဉ် ရုတ်တရက်ပြိုကျမှုဖြစ်ပွားခဲ့သဖြင့် အပျက်အစီးများကြားတွင် လူများစွာပိတ်မိလျက်ရှိနေသေးကြောင်း သိရသည်။

လူပေါင်း ၃၀ နီးပါး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဂေါပက လူကြီးတစ်ဦးဖြစ်သူ ရှိတ်မိုဟာမက်ဟာရီက ပြောသည်။ ပြိုကျအဆောက်အအုံအတွင်းမှ သေဆုံးသူကိုးဦးကို ဖော်ထုတ်ခဲ့ကြောင်း အခြားသူများမှာ ကွန်ကရစ်နံရံ ပြိုကျမှုကြောင့် ထိခိုက်မိခြင်းဖြစ်ကြောင်း ကိုယ်တိုင်ကြုံတွေ့ခဲ့သူ အလီမူဟီဒင်က ပြောသည်။ အဆောက်အအုံအပျက်အစီးများအကြား ဆောက်လုပ်ရေးလုပ်သား သေဆုံးသူများ အများအပြားတွေ့ရှိခဲ့ရကြောင်း ဒေသခံတစ်ဦးကလည်း ပြောသည်။

**(ပီတီအိုင်)**



# ဆီးရီးယားစစ်ပွဲအဆုံးသတ်ရေး အပစ်ရပ်စဲရေးသဘောတူညီချက်က အာမခံချက်ရှိပါ့မလား

အကြမ်းဖက်မှုများ တစ်ပတ်ကျော်ကြာဖြစ်ပွားပြီးနောက် အပစ်ရပ်စဲရေး သဘောတူညီချက်ဖောက်ဖျက်မှုကို ကျားကန်ရန်အတွက် အမေရိကန်နှင့် ရုရှားတို့ဆွေးနွေးတိုင်ပင်မှုများပြုလုပ်နေချိန် လွန်ခဲ့သော သောကြာနေ့က ပစ်ခတ်တိုက်ခိုက်မှုများ ခေတ္တခဏရပ်နားနေချိန်တွင် သူပုန်ထိန်းချုပ်ရာ အလက်ပိုမြို့တွင် လေကြောင်းတိုက်ခိုက်မှုများနှင့် အစိုးရလွှမ်းမိုးရာ ဆီးရီးယားမြို့ကြီးများတွင် ပစ်ခတ်တိုက်ခိုက်မှုများ ပြန်လည်စတင်ဖြစ်ပွားခဲ့သည်။

**တင်လင်းအောင်**



သူပုန်လွှမ်းမိုးရာဒေသများတွင် လေကြောင်းတိုက်ခိုက်မှုများကြောင့် အနည်းဆုံး ကလေးတစ်ဦးသေဆုံးကာ လူငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့်လေ့လာရေးအဖွဲ့က သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။ "သင်တို့၏မျက်စိရှေ့တွင်ဖြစ်ပျက်နေသော "ရက်စက်ကြမ်းကြုတ်မှုများကို ဟန့်တားပေးရန် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများက အမေရိကန်သမ္မတဘားရက်အိုဘားမားနှင့် ဗလာဒီမာပူတင်တို့ကို အနူးအညွတ် ပန်ကြားလိုက်သည်။

စစ်မက်ဖြစ်ပွားခြင်းမရှိစေရန် ယာယီငြိမ်းချမ်းရေးသဘောတူညီချက်တစ်ခုကို ဆီးရီးယားနိုင်ငံလက်တီကာနှင့် ဂိုတာတွင် ပြဋ္ဌာန်းရန် အမေရိကန်နှင့် ရုရှားတို့ သဘောတူပြီးနောက် အမေရိကန်အနေဖြင့် ရုရှားကို အလက်ပိုအား တိုက်ခိုက်နေမှုကိုလျှော့ချရန် ပြောခဲ့သည်။

အကြမ်းဖက်မှုများမကြာခဏဖြစ်ပွားနေသော ဒမတ်စကတ်အနီး ဂိုတာအရှေ့ပိုင်းနှင့် လက်တီကာတို့တွင် ယာယီစစ်ပြေငြိမ်းခြင်းကို သီးသန့်ပြန်လည်သဘောတူညီခဲ့ကြောင်း အမေရိကန်ကပြောကြားခဲ့သည်။ သို့သော်လည်း ယင်းကိစ္စသည် အပစ်ရပ်စဲရေးပုံစံအသစ်တစ်မျိုးမဟုတ်ကြောင်း အမေရိကန်ကပြောခဲ့သည်။

ရုရှားနိုင်ငံပိုင်သတင်းစာက အမေရိကန်နှင့် ရုရှားတို့ကမကထပြုသော စစ်မက်ဖြစ်ပွားခြင်းမရှိစေရန် ယာယီငြိမ်းချမ်းရေး သဘောတူညီချက်သည် မြို့တော်နှင့်နီးစပ်ရာဒေသများတွင် ၂၄ နာရီအထိ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပြီး လက်တီကာတွင် ၇၂ နာရီအထိ အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။ ဆီးရီးယားတပ်မတော်က တစ်ပိုင်းတစ်စသာရှိသေးသော အပစ်ရပ်စဲရေးသဘောတူညီချက်သည် စနေနေ့နံနက် ၁ နာရီတွင် စတင်အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ပြောခဲ့သည်။ အမေရိကန်က ယင်းသဘောတူညီမှုတွင် အလက်ပိုမြို့ကို ထည့်သွင်းရန်ပြောကြားခဲ့သော်လည်း ရုရှားတို့က ငြင်းဆိုခဲ့ကြောင်း အေအက်ဖ်ပီသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

အမေရိကန်နှင့် ရုရှားတို့ဦးဆောင်ဦးရွက်ပြုခဲ့သော အကြမ်းဖက်မှုများရပ်တန့်ရေးသဘောတူညီချက် (အပစ်ရပ်စဲရေး)သည် ဖေဖော်ဝါရီလနောက်ပိုင်းတွင်စတင်သက်ရောက်ခဲ့သော်လည်း လွန်ခဲ့သော ရက်အနည်းငယ်အတွင်းတွင် ကျိုးပျက်ခဲ့သည်။ လူသားချင်းစာနာထောက်ထားမှုလိုအပ်နေသော ထိန်းချုပ်ခံဒေသများသို့ အကူအညီများပေးပို့ရန်လည်း ပိတ်ဆို့လိုက်သည်။

လေကြောင်းတိုက်ခိုက်မှုကြောင့် အလက်ပို အယ်လ်ကွတ်ဆေးရုံတွင်ရှိသော သေဆုံးသူအရေအတွက်မှာ အနည်းဆုံး ၅၀ အထိ မြင့်တက်လာခဲ့ကြောင်း ပြင်သစ်စေတနာရှင်အဖွဲ့တစ်ဖွဲ့က သောကြာနေ့တွင် ပြောခဲ့သည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းပေါင်း ၇၉ ဖွဲ့က အိုးဘားမားနှင့်ပူတင်အား "သံတမန်နည်းလမ်းဖြင့် စေ့စပ်ညှိနှိုင်းမှုများကို အသုံးပြု၍ ကျန်ရှိနေသော အကြမ်းဖက်မှုများရပ်တန့်ရေးသဘောတူညီချက် (အပစ်ရပ်စဲရေး)ကို အလျင်အမြန်အကောင်အထည်ဖော်ရန်" တိုက်တွန်းလိုက်သည်။

ခရစ်ယာန်အကူအညီပေးရေးအဖွဲ့ဖြစ်သော ကာရီတက် ဆီးရီးယားမှ ဥက္ကဋ္ဌဘီးရှော့အန်တိုနီအူဒိုက အပစ်ရပ်စဲရေး သဘောတူညီချက်သည် အလက်ပိုမြို့နေပြည်သူများဘဝကို မျှော်လင့်ချက်ရောင်ခြည်များပေးစွမ်းနိုင်ခြင်းရှိကြောင်း ပြောခဲ့သည်။ သူတို့ကို နောက်တစ်ကြိမ် အသက်ရှူခွင့်ပေးလိုက်ခြင်းဖြစ်သကဲ့သို့ ဘဝတစ်ဖန်ရှင်သန်ခြင်းပေးလိုက်ခြင်းလည်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ သို့သော်လည်း မကြာသေးမီက တိုက်ခိုက်မှုများကို ပြန်ကြည့်လျှင် မျှော်လင့်ချက်ရောင်ခြည်များမှာ နောက်ထပ်တစ်ကြိမ် ပြန်လည်မေးမှိန်လာကြောင်း ဘီးရှော့ကပြောကြားခဲ့သည်။ အဖွဲ့ပေါင်းစုံ (အစိုးရထောက်ခံအဖွဲ့၊ အစိုးရဆန့်ကျင်အဖွဲ့)တို့၏ ပဋိပက္ခများကြောင့်ပေါ်ပေါက်လာသော အကြမ်းဖက်တိုက်ခိုက်မှုများကို အလျင်အမြန်အဆုံးသတ်ရန် ကမ္ဘာ့ခေါင်းဆောင်များအနေဖြင့် အရေးတကြီး လုပ်ဆောင်ရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးအကြီးအကဲ ဇာအတ်အယ်လ်ဟူစိန်က အကြမ်းဖက်မှုများသည် တစ်ဖန်ပြန်လည်မြင့်တက်လာခဲ့ကြောင်း၊ အဖွဲ့အစည်းပေါင်းစုံ၏ ပဋိပက္ခများသည် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကြောက်ခမန်းလိလိလျစ်လျူရှုရာရောက်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်သည် အလက်ပိုမြို့ပျက်စီးခြင်းကို ရုရှားအနေဖြင့် မျက်ကွယ်ပြုခြင်းအပေါ် ခွင့်ပြုလျက်ရှိသည်ဟု ထင်ရကြောင်း နိုင်ငံရေးကျွမ်းကျင်ပညာရှင်တစ်ဦးက သုံးသပ်ပြောဆိုသည်။ အကယ်၍ တိုက်ခိုက်မှုများလျော့နည်းလာလျှင် ကောင်းမွန်သောလက္ခဏာကို ဖော်ဆောင်နိုင်ရန်အတွက် အမေရိကန်အနေဖြင့် အလက်ပိုမြို့တွင် အပစ်ရပ်စဲရေးကို ထိန်းသိမ်းထားရန် ဖိအားပေးဖို့လိုအပ်လျက်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

လွန်ခဲ့သောအပတ်က သူပုန်ထိန်းချုပ်ဒေသကို လေကြောင်းတိုက်ခိုက်မှုများနှင့် အစိုးရတပ်များ၏တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သောကြောင့် ကလေးငယ်များအပါအဝင် အနည်းဆုံး အရပ်သား ၁၃၁ ဦး သေဆုံးခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်အဖွဲ့များကပြောသည်။ ထို့အတူ အစိုးရထိန်းချုပ်ဒေသကို သူပုန်များက တိုက်ခိုက်ရာ ကလေး ၁၃ ဦးအပါအဝင် အရပ်သား ၇၁ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ခြောက်နှစ်အတွင်းသို့ ဝင်ရောက်လာပြီဖြစ်သော ဆီးရီးယားစစ်ပွဲသည် လူပေါင်း ၄၀၀၀၀၀ ကို သေဆုံးစေခဲ့ကြောင်း ကုလသမဂ္ဂကိုယ်စားလှယ် စတက်ဖင်ဒီမစ်တူရာက ပြောခဲ့သည်။ အပစ်ရပ်စဲရေးသဘောတူညီချက်သည် "ရှိသည်ဟုထင်ရရုံလေးသာ" ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ ဂျီနီဗာဆွေးနွေးပွဲကို ပြန်လည်စတင်ရန်လည်း ရက်အတိအကျကို ၎င်းအနေဖြင့် အတည်ပြု ပြောကြားခြင်းမပြုခဲ့ပေ။

အာဆတ်အစိုးရနှင့် အလက်ပိုမြို့ကို ရုရှားတို့ဝင်ရောက်ခြယ်လှယ်နေခြင်းကြောင့် အပြစ်မဲ့ပြည်သူ အမြောက်အမြားသေဆုံးခြင်းသည် အပစ်ရပ်ငြိမ်းချမ်းရေးသဘောတူညီမှုအတွက် အချိန်ဆွဲမနေဘဲ တစ်ခါတည်းအသေသတ်လိုက်ပုံနှင့်တူနေကြောင်း ဆီးရီးယားအတိုက်အခံအုပ်စုများက ပြောသည်။

**ကိုးကား-ဂါဒီယန်း**

> **အဖွဲ့ပေါင်းစုံ (အစိုးရထောက်ခံအဖွဲ့၊ အစိုးရဆန့်ကျင်အဖွဲ့)တို့၏ ပဋိပက္ခများကြောင့် ပေါ်ပေါက်လာသော အကြမ်းဖက်တိုက်ခိုက်မှုများကို အလျင်အမြန် အဆုံးသတ်ရန် ကမ္ဘာ့ခေါင်းဆောင်များအနေဖြင့် အရေးတကြီး လုပ်ဆောင်ရန် လိုအပ်**

## ဆီးရီးယားနယ်စပ်ရှိ တူရကီဘက်မှ မြို့အနီးကို ဒုံးကျည်နှစ်ကြိမ်ပစ်မှုကြောင့် နှစ်ဦးဒဏ်ရာရ

**ဒမတ်စကတ် မေ ၁**

တနင်္ဂနွေနေ့က အိုင်အက်စ်တို့ထိန်းချုပ်ထားသော ဆီးရီးယားနယ်မြေအနီး တူရကီဘက်မှ ကီလီမြို့အနီးကို ဒုံးကျည်နှစ်ကြိမ်ပစ်ခတ်ခဲ့မှုကြောင့် အနည်းဆုံး လူနှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးဆိုင်ရာအရင်းအမြစ်များက ဆိုသည်။ ယင်းမြို့သည် ဆီးရီးယားဘက်မှ ဖြတ်သန်းရသည့် နယ်စပ်မြို့ဖြစ်ပြီး ပြီးခဲ့သော သီတင်းပတ်များက ဒုံးကျည်များဖြင့် ဆက်တိုက်ပစ်ခတ်မှု ခံခဲ့ရသည်။စနေနေ့ကလည်း ဒုံးကျည်သုံးကြိမ်ပစ်ခတ်ခံရ မှုဖြစ်ပွားခဲ့ရာ မတော်တဆမှုမဟုတ်နိုင်ဘဲ ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်နေမှုဖြစ်ကြောင်း သိရသည်။

(ရိုက်တာ)



ဧပြီ ၂၄ ရက်က ဆီးရီးယားနယ်စပ်အနီးရှိ တူရကီဘက်မှ ကီလီမြို့ကို ဒုံးကျည်ပစ်ခတ်ခံရမှု ဖြစ်ပွားခဲ့သည့်အတွက် ဒေသခံများက ၎င်းတို့၏ လုံခြုံရေးအတွက် ရဲများနှင့်အငြင်းပွားမှုများ ဖြစ်ပွားနေစဉ်။

# လေပြင်းတိုက်၍ သစ်ပင်များပြိုလဲ၊ ကျေးရွာများမှလူနေအိမ်များအမိုးလန်

**ကျောက်ပန်းတောင်း မေ ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ဧပြီ ၃၀ ရက် ညနေ ၄ နာရီ ၁၅မိနစ်ခန့်က ကျောက်ပန်းတောင်းမြို့နယ်၏ အနောက်မြောက်ဘက်မှ ရုတ်တရက် လေပြင်းများတိုက်ခတ်မှုကြောင့် ကျောက်ပန်းတောင်း-ရေနံချောင်းသွား ကားလမ်းပေါ်တွင် သစ်ပင်အချို့ပြိုလဲ၍ **(ယာပုံ)** ခေတ္တမျှ လမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ပြီး ကျေးရွာအချို့တွင်လည်း လူနေအိမ်များ အမိုးလန်ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။



အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ကျောက်ပန်းတောင်း-ရေနံချောင်းသွား ကားလမ်းရှိ မိုင်တိုင်အမှတ်(၃၉၁/၁) မဲဇလီပင်တစ်ပင်နှင့် မိုင်တိုင်အမှတ်(၃၉၂/၃)တွင် ထနောင်းပင်တစ်ပင် ပြိုလဲ၍ လမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ရာ သက်ဆိုင်ရာအဖွဲ့စည်းများမှ သွားရောက်ရှင်းလင်းဆောင်ရွက်ခဲ့ရာ ညနေ ၅ နာရီခွဲတွင် လမ်းပိတ်ဆို့နေမှုအား ဖယ်ရှားနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကျောက်ပန်းတောင်းမြို့နယ် ကျေးရွာအုပ်စုများရှိ လူနေအိမ် ၇၃ လုံးနှင့် ဘုန်းတော်ကြီးနားနေဆောင်တစ်ဆောင် အမိုးများလန်ပြီး ပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူငယ်ကွန်ရက်အဖွဲ့ဝင်များ သွားရောက်ခဲ့ကြပြီး လတ်တလောနေထိုင်ရေးနှင့် လိုအပ်သည့်ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် ဧပြီ ၃၀ ရက်ညနေ ၅ နာရီခွဲခန့်က လေပြင်းများတိုက်ခတ်၍ မိုးများရွာသွန်းမှုကြောင့် နေအိမ်အဆောက်အအုံများ၊ သွပ်မိုးများလန်ခြင်း၊ သစ်ပင်များပြိုလဲခြင်း၊ ဖုန်းကြိုး၊ လျှပ်စစ်ကြိုးများ ပျက်ခြင်း၊ လမ်းဘေးဈေးဆိုင်များ ပြိုလဲခြင်းများဖြစ်ပေါ်နေသည်ကို တွေ့ရစဉ်။
တင်ထွန်းတာ

## စလင်းမြို့နယ်၌ မိုးသက်လေပြင်းတိုက်ခတ်၍ လူနေအိမ်များ ပြိုကျပျက်စီး

**စလင်း မေ ၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ဧပြီ ၃၀ ရက် ညနေ ၃ နာရီခွဲခန့်က မိုးသက်လေပြင်းတိုက်ခတ်ခဲ့သည်။ မိုးသက်လေပြင်းတိုက်ခတ်ချိန် ၁ နာရီခန့်ကြာမြင့်ခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းရာ ဆီးကင်းအရွယ်မိုးသီးများ ကြွေကျခဲ့သည်။ အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကြို့ဝန်းကြီးကျေးရွာအုပ်စု ကြို့ဝန်းရွာဆရာတော်ဦးဉာဏဝံသ၏ ကျောင်းတိုက်အတွင်းရှိ ရတနာမာန်အောင်စေတီတော်ထီးတော်မြေခဲ့ကာ မြို့နယ်အတွင်းရှိ လူနေအိမ် ၁၈၆ လုံး၊ ဝန်ထမ်းအိမ်ရာ တစ်လုံး စုစုပေါင်း ၁၈၇ လုံးပြိုလဲပြီး ငွေတောင်ကျေးရွာတွင် နွားတစ်ကောင် သေဆုံးခဲ့သည်။ ပြိုလဲခဲ့သောအိမ်ထောင်စုဝင်များကို သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက ကူညီထောက်ပံ့ရေးကိစ္စများကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

### ကနီ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လာပို့ကျေးရွာအုပ်စုမှ လာပို့၊ အင်ကြင်းပင်၊ ထန်းတပင်နှင့် ကသတ် ကျေးရွာတို့တွင် ဧပြီ ၃၀ ရက် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်က မိုးရွာသွန်းပြီး လေပြင်းများတိုက်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါမိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများကြောင့် လူနေအိမ် ၁၄၁ လုံး၊ သာသနိကအဆောက်အအုံ နှစ်လုံး၊ ကျောင်းဆောင် (၄)ဆောင်၊ အရန်မီးသတ်အဆောက်အအုံတစ်လုံးတို့ အမိုးလန်ပျက်စီးခဲ့ကာ သီးနှံများပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

### ဆိပ်ဖြူ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ရှောက်ပင်အင်းကျေးရွာတွင် ဧပြီ ၃၀ ရက် မွန်းလွဲ ၂ နာရီခန့်က မိုးရွာခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်များကြောင့် ဖြစ်စဉ်နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ကဇွန်းမ နယ်မြေခံရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ် မြင့်နိုင်နှင့် တပ်ဖွဲ့ဝင်များသွားရောက်ကြည့်ရှုခဲ့ပြီး ရှောက်ပင်အင်းကျေးရွာတွင် လူနေအိမ်ရှစ်လုံး အမိုးလန်ပျက်စီးခဲ့ကာ လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိ ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

### စဉ့်ကိုင်

စဉ့်ကိုင်မြို့နယ်အတွင်းတွင် ဧပြီ ၃၀ ရက် ညနေ ၅ နာရီ မိနစ် ၂၀ ခန့်က လေပြင်းတိုက်ခတ်၍ စဉ့်ကိုင်မြို့ရှန်အောင်မြင်ရပ်ကွက်ရှိ ရွှေကျီးနားစေတီ ထီးတော်ပျက်စီးခြင်း၊ တရုတ်စုရပ်ကွက်တိုက်ကျောင်းဘုန်းတော်ကြီးကျောင်းအတွင်းရှိ အလယ်စေတီထီးတော်နှင့် ကျောင်းဆောင်အမိုးများ ပျက်စီးခြင်း၊ ဝါးရင်းတုတ်ကျေးရွာတွင် ရွှေစည်းခုံစေတီထီးတော်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ လူနေအိမ်များ၊ စာသင်ကျောင်းများရှိ အမိုးများလန်ခြင်း၊ သစ်ပင်ကျိုးကျခြင်းများဖြစ်ပေါ်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးလှမြင့်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

### ပွင့်ဖြူ

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ရွာခိုင်ကျေးရွာတွင် ဧပြီ ၃၀ ရက် ညနေ ၃ နာရီခန့်က လေပြင်းမုန်တိုင်းတိုက်ခတ်၍ လူနေအိမ်အချို့ သွပ်မိုးများ လွင့်စဉ်ပျက်စီးခဲ့ပြီး ရွာဦးစေတီ၏ ထီးတော်ပြုတ်ကျခဲ့သည်။

ယင်းလေပြင်းတိုက်ခတ်မှုကြောင့် ပွင့်ဖြူမြို့နယ်တွင် လူနှင့်တိရစ္ဆာန်များ ဒဏ်ရာရသေဆုံးမှုမရှိသော်လည်း လူနေအိမ်အမိုးများ ပျက်စီးခြင်း၊ သစ်ပင်သစ်ကိုင်းများ ကျိုးကျ၍လျှပ်စစ်မီးတိုင်များ ပြိုလဲခြင်း၊ လျှပ်စစ်မီးပြတ်တောက်ခြင်းနှင့် ကားလမ်းများ ယာယီပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး**

### ချောက်

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် ဧပြီ ၃၀ ရက် ညနေပိုင်းက လေပြင်းများတိုက်ခတ်၍ ပန်းဘဲကျေးရွာအုပ်စု ပန်းဘဲကျေးရွာ မြောက် အမက(၁၄) စာသင်ကျောင်းရှိ သွပ်မိုးများလန်ထွက်ခဲ့၍ သစ်သားချောင်းများပြုတ်ထွက်ခဲ့ရာ စုစုပေါင်းတန်ဖိုး ၁၁၈၁၂၅၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**မချို(ချောက် )**


## အသိပေးအကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၈၀-က)၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင် သတိပဋ္ဌာန်ဝိပဿနာ တရားအားထုတ်လိုသူ ယောဂီသူတော်စင်အပေါင်းတို့သည် လာရောက် အားထုတ်နိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

**ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့**

**အမည်ပြောင်း**

ဦးသောင်းကျော်ထိုက်၏ သမီး မွန်ပြည်နယ်၊ ပေါင်မြို့၊ ပေါင်းရပ်ကွက်၊ အမက(ပေါင်ဘုတာ) ပထမတန်းမှ မယွန်းအိအိအား မဆုရတီပိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မဆုရတီပိုင်**







## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအားဖြည့်စွက်ချက်

၁။ အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ လုပ်ငန်းသုံးခုအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကို ၁၂-၄-၂၀၁၆ ရက်တွင် မြန်မာ့အလင်းသတင်းစာ၌လည်းကောင်း၊ ၁၉-၄-၂၀၁၆ ရက်တွင် ကြေးမုံသတင်းစာ၌လည်းကောင်း ကြော်ငြာပြီးဖြစ်ပါသည်။

၂။ အဆိုပါအိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ လုပ်ငန်းရှင်များ၏တင်ပြချက်အရ အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖြည့်စွက်အပ်ပါသည်။

(က) အဝီစိတူးဖော်ခြင်းလုပ်ငန်းတွင် ၄" Ø အဝီစိရေတွင်းဟုလည်းကောင်း၊

(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်အား ၁၁-၅-၂၀၁၆ရက်အစား ၁၇-၅-၂၀၁၆ရက်သို့လည်းကောင်း၊

(ဂ) အိတ်ဖွင့်တင်ဒါ ဖွင့်ဖောက်မည့်ရက်အား ၁၂-၅-၂၀၁၆ ရက်အစား ၁၈-၅-၂၀၁၆ ရက်သို့လည်းကောင်း၊

(ဃ) လူပျို/အပျိုဆောင် (သုံး)ထပ်အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် ကြမ်းခင်းဈေးနှုန်းကို အနိမ့်ဆုံးကျပ်(၇၇)သန်းမှ အမြင့်ဆုံးကျပ်(၈၁)သန်းအထိလည်းကောင်း၊ အဝီစိရေတွင်းတူးဖော်ခြင်းလုပ်ငန်းအတွက် ကြမ်းခင်းဈေးနှုန်းကို အနိမ့်ဆုံးကျပ် ၂ ဒသမ ၈၅ သန်းမှ အမြင့်ဆုံးကျပ်သုံးသန်းအထိလည်းကောင်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်းအတွက် ကြမ်းခင်းဈေးနှုန်းကို အနိမ့်ဆုံးကျပ် ၄ ဒသမ ၂၇၅ သန်းမှ အမြင့်ဆုံး ကျပ် ၄ ဒသမ၅ သန်းအထိလည်းကောင်းတင်ဒါတင်သွင်းရန် ဖြစ်ပါသည်။

(င) အဆောက်အအုံ၏ Design Drawings များအား အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ၅-၅-၂၀၁၆ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်သည်ဟုလည်းကောင်း ပြင်ဆင်ဖြည့်စွက်ဖော်ပြအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၁-၆၅၈၁၂၀၊ ၀၁-၆၅၈၁၂၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကြီးကြပ်မှုကော်မတီ**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/1220၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/3941၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁က/၈၆၆၃ Toyota Dyna BU60 L/T(4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်စိုး ၅/မမတ(နိုင်)၀၁၄၄၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)**



# (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအောင်မြင်မှုရရှိရန် ရွက်လှေအားကစားသမားများ လက်ရည်အဆင့်မြင့်ဆုံးယှဉ်ပြိုင်

**ရန်ကုန် မေ ၁**

၂၀၁၇ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၌ အောင်မြင်မှုများရရှိရန်အတွက် မြန်မာ့ရွက်လှေ အားကစားသမားများ၏ လက်ရည်အဆင့်မြင့်ဆုံး အမျိုးသား တံခွန်စိုက်ရွက်လှေပြိုင်ပွဲ (2016 Myanmar National Open Sailing Championship) ဆုချီးမြှင့်ပွဲကို ဧပြီ ၃၀ ရက်က ရန်ကုန်မြို့ အင်းလျားကန် ရန်ကုန်ရွက်လှေအသင်း၌ ကျင်းပခဲ့သည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်အနေနဲ့ ဆီးဂိမ်းပြိုင်ပွဲတိုင်းမှာ ဆုတံဆိပ်တွေ မလွတ်တမ်းဆွတ်ခူးရရှိခဲ့ပါတယ်။ ဆုတံဆိပ်တွေ ရရှိခဲ့ပေမယ့် ၂၀၁၅ ခုနှစ် စင်ကာပူနိုင်ငံမှာ ကျင်းပခဲ့တဲ့ (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ ဆုတံဆိပ်မရခဲ့ပါဘူး။ (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ အောင်မြင်မှုတွေရရှိဖို့ အားကစားသမားတွေရဲ့ လက်ရည်အဆင့်မြင့်ဆုံးပြိုင်ပွဲကို ကျင်းပခဲ့ရခြင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးတင့်က ပြောသည်။

"(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အမျိုးအစားလေးမျိုးဖြစ်တဲ့ Windsurfying Int'l 420 (Boy) Int'l 470 (Men)နဲ့ Optimist(Team)ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့အတွက် ပြင်ဆင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ငွေဆောင်မှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ Myanmar Wave Rider Cup ပြိုင်ပွဲကဲ့သို့ 2nd Myanmar Wave Rider Cup ပြိုင်ပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလအတွင်း ငွေဆောင်မှာကျင်းပသွားမှာပါ" ဟု ဦးမျိုးတင့်က ဆက်လက်ပြောပြသည်။

အဆိုပါ မြန်မာရွက်လှေအားကစားသမားများ၏ အဆင့်မြင့်ဆုံး တံခွန်စိုက် ရွက်လှေပြိုင်ပွဲကို ဧပြီ ၂၊ ၃၊ ၉၊ ၁၀ ရက်တို့တွင် ပြိုင်ပွဲဝင် ၃၂ ဦးက အကြိတ်အနယ် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့ကြသော အားကစားသမားများအား မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌနှင့် ရန်ကုန်ရွက်လှေအသင်းမှ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**သတင်း-အေကေလင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



**လက်ရွေးစင်အသင်းနှင့် MNL ညွှန့်ပေါင်းအသင်းတို့ယှဉ်ပြိုင်ကစားနေစဉ်**

❍ *ကျောဖုံးမှ*

ဂိုးမရခဲ့ပေ။ ၂၈မိနစ်တွင် MNL ညွှန့်ပေါင်းအသင်းဦးဆောင်ဂိုးရခဲ့ပြီး ဂျူနီယာက ခေါင်းတိုက်သွင်းခဲ့ခြင်း ဖြစ်သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားအပြောင်းအလဲများစွာ ပြုလုပ်ခဲ့ပြီး လက်ရွေးစင်အသင်းသည် ချေပဂိုးရရှိရန် တိုက်စစ်အားပို မြှင့်ခဲ့သည်။ ဒုတိယပိုင်းတွင်လည်း မြန်မာ့လက်ရွေးစင်အသင်းသည် ဂိုးသွင်းခွင့်များစွာရရှိခဲ့သော်လည်း ညွှန့်ပေါင်းဂိုးသမား ဇာနန်ဒိုအမှားအယွင်းမရှိ ကာကွယ်နိုင်ခဲ့သည်။ အောင်သူ၊ ကျော်ကိုကို၊ ဒေးဗစ်ဒန်းတို့ကို လက်ရွေးစင်အသင်းမှ အနားပေးကာ တိုက်စစ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး ၈၇ မိနစ်တွင် ချေပဂိုးပြန်ရခဲ့သည်။ ယင်းဂိုးကို ဝင်းနိုင်စိုးက ခေါင်းတိုက်သွင်းယူခဲ့ခြင်း ဖြစ်သည်။

## မိုးလေဝသအခြေအနေ

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ရမည်းသင်းမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ တောင်ငူမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ လွိုင်ကော်မြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ကျောက်ဆည်မြို့တွင် ၁ ဒသမ ၀၇ လက်မ၊ ဆင်ဖြူကျွန်းမြို့တွင် ၀ ဒသမ ၇၉ လက်မ၊ ဘော်လခဲမြို့နှင့် ဆိပ်သာမြို့တို့တွင် ၀ ဒသမ ၆၇ လက်မစီ၊ မိတ္ထီလာမြို့တွင် ၀ ဒသမ ၅၅ လက်မနှင့် မြစ်ကြီးနားမြို့တွင် ၀ ဒသမ ၅၁ လက်မတို့ ဖြစ်ကြသည်။


# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးမျိုးမောင် (စစ်ကိုင်းတိုင်းဒေသကြီး၊ တရားလွှတ်တော်တရားသူကြီး)-ဒေါ်ငွေးရီ (MD of Apple Villa Co.Ltd) တို့၏သား

**မောင်မျိုးဟိန်း**
**BA(Geography), Level 5 Diploma in Computing (University of Greenwich, UK)**
**Director of Apple Villa Co.Ltd**

**နှင့်**

နေပြည်တော်နေ
ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)-ဒေါ်သက်သက်အောင်တို့၏သမီး

**ဒေါက်တာသဉ္ဇာအောင်**
**M.B.,B.S(YGN)**
**Master of Business Administration (University of Northampton, UK)**

တို့၏ ၂၂-၄-၂၀၁၆ ရက်(သောကြာနေ့) နေပြည်တော် HOTEL ROYAL ACE ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာမော်ကွန်းတင်အခမ်းအနားတွင် လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်ဟန်အားလည်းကောင်း၊ ၁-၅-၂၀၁၆ ရက် (တနင်္ဂနွေနေ့) ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် စုလျားရစ်ပတ်ထိမ်းမြားပေးပါသော နိုင်ငံတော်ဒုတိယသမ္မတ(၁) သရေစည်သူ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ငွေးတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိရိပျံချီစိုးဝင်း၏ ဇနီးဒေါ်သန်းသန်းနွယ်အားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများအားလည်းကောင်း၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ စစ်ဘက် နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဧည့်ခံပွဲသို့မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးရန်ပိုင်စိုး၊ မင်္ဂလာအခါတော်တေးသီချင်းသီဆိုပေးပါသော ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများအား ဖျော်ဖြေပေးပါသော အနုပညာရှင်များ၊ တေးသံရှင်များနှင့် ရီရီသန့်-နှင်းရီသန့်တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော ညီမငယ် မမေဖြိုးသူနှင့် မစုမြတ်သက်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော ညီမငယ် မလွင်ရည်နှင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော ညီမငယ်မလဲ့မွန်နှင်း၊ မင်္ဂလာသတို့သားအရံ ဒေါက်တာညီညီသူနှင့် မောင်ကောင်းမြတ်နိုင်၊ မင်္ဂလာသတို့သမီးအရံ မနန်းယွန်းငယ်ဖြူသိန်းနှင့် မနန်းအေးအေးဝင်း၊ မင်္ဂလာဝတ်စုံဒီဇိုင်နာ မျိုးမင်းစိုးနှင့်အဖွဲ့၊ လက်ဝတ်ရတနာများဆင်မြန်းပေးပါသော Win and San(Diamond and Fine Jewelry)၊ မိတ်ကပ်ဆံပင်အလှပြင်ဆင်ပေးပါသော မေဦးမောင်နှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီး "Focus Daily"နှင့်အဖွဲ့၊ ပန်းအလှဆင်ပေးပါသော မာမီကျော်(မလေးရှား)နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်၊ ၁-၅-၂၀၁၆ ရက်တွင် Novotel Hotel ၌ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲအား အစစအရာရာအဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများ၊ နှစ်ဖက်သောဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သည့်ပုဂ္ဂိုလ်များအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်မျိုးဟိန်း-ဒေါက်တာသဉ္ဇာအောင်**

# ကျွန်တော်နဲ့ဈေးကွက်စီးပွားရေးစနစ်



## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

**ဈေးကွက်စီးပွားရေးစနစ်ကို ပီပီပြင်ပြင်ဖြစ်အောင် ဖန်တီးပေးဖို့အစီအစဉ်ရှိတယ်လို့ အစိုးရသစ်က မကြာသေးမီကာလက ကြေညာခဲ့ပါတယ်။ သာမန်အနေနဲ့ မထူးခြားလှဘူးလို့ ယူဆနိုင်ပေမယ့် အမှန်တော့ ဒီကိစ္စဟာ အလွန်အရေးကြီးတဲ့အရာဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ ဈေးကွက်စီးပွားရေးစနစ်ကို လက်ခံကျင့်သုံးဖို့ဆုံးဖြတ်ထားတာဟာ ကြိုဆိုရမယ့်ကိစ္စသာဖြစ်တယ်။ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအရှိန်အဟုန်မြင့်မားတဲ့နိုင်ငံတိုင်းမှာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေကြတာတွေ့ရပါတယ်။ တရုတ်နိုင်ငံမှာ နိုင်ငံရေးအရ ကွန်မြူနစ်စနစ်ကို လက်ခံထားပေမယ့် စီးပွားရေးစနစ်ကတော့ ဈေးကွက်စီးပွားရေးစနစ်သာဖြစ်တယ်။ တစ်ချိန်က ဆိုရှယ်လစ်စနစ်ကို လက်ခံကျင့်သုံးတဲ့နိုင်ငံတွေ၊ ကွန်မြူနစ်စနစ်ကို အကောင်အထည်ဖော်တဲ့နိုင်ငံတွေအားလုံးဟာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေတာတွေ့ရပါတယ်။ လက်ကျန်အနေနဲ့ မြောက်ကိုရီးယားနဲ့ ကျူးဘားနိုင်ငံနှစ် နိုင်ငံသာကျန်ရှိပါတော့တယ်။ ဒါတောင် ကျူးဘားနိုင်ငံမှာ ဈေးကွက်စီးပွားရေးစနစ်ကို နိုင်ငံခြားငွေရနိုင်တဲ့ ကဏ္ဍတွေမှာ စတင်စမ်းသပ်အသုံးပြုခဲ့ပါတယ်။**

ကျွန်တော်တို့နိုင်ငံမှာ ဈေးကွက်စီးပွားရေးစနစ်ကို ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ စတင်အသုံးချခဲ့ပါတယ်။ ၂၅ နှစ်ကျော်ကျော် ဆိုရှယ်လစ် စီးပွားရေးစနစ်ကျင့်သုံးလာခဲ့ပြီး ပုဂ္ဂလိကကဏ္ဍကို ပုံစံအမျိုးမျိုးနဲ့ လျှော့ချခဲ့ပါတယ်။ ဒါကြောင့် ကျင့်သုံးခဲ့တဲ့ ဈေးကွက်စီးပွားရေးစနစ်ဟာ ပီပီပြင်ပြင်မရှိခဲ့ဘဲ အားနည်းချက်တွေ၊ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ခဲ့တာတွေ့ရပါတယ်။ ဈေးကွက်စီးပွားရေးစနစ်လို့ပြောရင် ရှင်သန်တဲ့၊ သွက်လက်တဲ့ ပုဂ္ဂလိက ကဏ္ဍဟာ အခြေခံဖြစ်တယ်။ ပုဂ္ဂလိက ကဏ္ဍလို့ပြောပြန်ရင်လည်း စွန့်ဦးတီထွင်မှုကို ရည်ညွှန်းတာဖြစ်တယ်။ ဈေးကွက်စီးပွားရေးစနစ်ကို "မမြင်နိုင်တဲ့လက်များ" လို့တင်စားပြီး ပြောကြပါတယ်။ ဒါကတော့ ဝယ်လိုအားနဲ့ ရောင်းလိုအားတို့ပဲဖြစ်တယ်။ ဒီအင်အားနှစ်ရပ်ရဲ့ ယှဉ်ပြိုင်မှု၊ လွန်ဆွဲမှုတွေကို အခြေခံပြီး စီးပွားရေးလှုပ်ရှားမှုတွေကိုဆောင်ရွက်ရမှာသာဖြစ်တယ်။ ကုန်ဈေးနှုန်းတက်တာ၊ အိမ်ခြံမြေဈေးတွေ အဆမတန် မြင့်မားနေတာတွေဟာ ဈေးကွက်လှုပ်ရှားမှုတွေရဲ့အကျိုးဆက်တွေပဲ ဖြစ်တယ်။ ဈေးနှုန်းကြီးနေတာဟာ ဝယ်လိုသူတွေများပြီး ရောင်းတဲ့သူတွေ နည်းပါးလို့ဖြစ်တယ်။ ဒီတော့ ဈေးနှုန်းလျှော့ချဖို့ ရောင်းလိုအားကို မြှင့်တင်ပေးရမှာဖြစ်တယ်။ ရောင်းချင်တဲ့သူတွေကို မက်လုံးတွေပိုပေးရင် ရောင်းလိုအားတွေတက်လာပြီး ဈေးနှုန်းတွေကျဆင်းသွားမှာဖြစ်တယ်။ လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကာလ ရန်ကုန်မြို့မှာရှိတဲ့ အဆင့်မြင့်ဟိုတယ်ကြီးတွေမှာ တစ်ညအခန်းငှားခ ဒေါ်လာ ၈၀ ခန့်သတ်မှတ်ထားရင်တောင်ငှားရမ်းမယ့်သူတွေမရှိခဲ့ဘူး။ ဘာကြောင့် ဒီလိုဖြစ်ရသလဲလို့ စဉ်းစားရင် ကမ္ဘာလှည့်ခရီးသည်တွေ အလာနည်းလို့ဖြစ်တယ်။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှာ ဝင်ရောက်လာတဲ့ ဧည့်သည်တွေများလွန်းတာမို့ တစ်ည အခန်းငှားခ ဒေါ်လာ ၁၅၀ ပေးတာတောင် အခန်းတွေရဖို့ ခဲယဉ်းခဲ့တာတွေ့ရပါတယ်။ ဒီသာဓကဟာ ဈေးကွက်စီးပွားရေးရဲ့လှုပ်ရှားမှုတွေသာ ဖြစ်တယ်။

ဈေးကွက်စီးပွားရေးစနစ်ကို ပီပီပြင်ပြင် ရှင်သန်စေချင်ရင် နိုင်ငံတော်ရဲ့ အခန်းကဏ္ဍကို သတိထားရမှာဖြစ်တယ်။ စောစောကတင်ပြခဲ့တဲ့ဟိုတယ်အခန်းငှားခတွေကြီးမားနေတာမို့ နိုင်ငံတော်က ဈေးနှုန်းကန့်သတ်မှုတွေ လုပ်ခဲ့တယ်။ အခန်းငှားခကို ဒေါ်လာ ၁၀၀ မကျော်ရဘူးလို့ သတ်မှတ်လိုက်တယ်။ လက်တွေ့မှာတော့ အခန်းတွေကို ဒေါ်လာ ၁၀၀ နဲ့ငှားရမ်းသူတွေမရှိဘဲ အခန်းလိုချင်တဲ့သူတွေဟာ အပိုကြေးတွေပေးခဲ့ရတာ တွေ့ရပါတယ်။ အကောင်းဆုံး ဥပမာကတော့ ဓာတ်ဆီဈေးနှုန်းတွေနဲ့ ပတ်သက်လို့ပဲဖြစ်တယ်။ တစ်ချိန်က ဓာတ်ဆီဆိုင်တွေမှာ အစိုးရကန့်သတ်တဲ့ဈေးနဲ့ ဓာတ်ဆီတွေကိုရောင်းချခဲ့တယ်။ အပြင်ဈေးနဲ့ သတ်မှတ်ဈေးဟာ ကွာဟနေတာ။ ဒီလိုအခြေအနေကြောင့် မှောင်ခိုဈေးကြီးထွားလာခဲ့တယ်။ ဓာတ်ဆီဈေးတွေက သတ်မှတ်ဈေးနဲ့ဝယ်ယူပြီး အပြင်မှာ မှောင်ခိုဈေးနဲ့ ရောင်းချခဲ့တယ်။ ဒါကြောင့် ကားရှိသူတွေဟာ "နို့ညှစ်" တဲ့အလုပ်ကို လုပ်နေကြတယ်လို့ ဆိုကြတယ်။ နောက်ပိုင်းဓာတ်ဆီဆိုင်တွေကို ဈေးကွက်စီးပွားရေးစနစ်အရ ပြောင်းလဲခဲ့တာမို့ ဆိုင်တွေမှာ တန်းစီတဲ့သူတွေ ပပျောက်သွားခဲ့တယ်။ ဒါကြောင့် ဈေးကွက်စီးပွားရေးစနစ်ဟာ အမှန်တော့ လွတ်လပ်တဲ့ဈေးကွက်စီးပွားရေးစနစ် ဖြစ်တယ်။ နိုင်ငံတော်အခန်းကဏ္ဍနဲ့ပတ်သက်ရင် ပြည်သူတွေ ရွေးချယ်တင်မြှောက်ခဲ့တဲ့ အစိုးရအနေနဲ့ မှန်ကန်တဲ့ ရွေးချယ်မှုကို ပြုလုပ်နိုင်ဖို့လိုအပ်ပါတယ်။ ဒါကြောင့်လည်း ဈေးကွက်မှာ ဖြစ်ပေါ်နေမှုတွေကို အားရကျေနပ်မှုမရှိဘဲ ဝင်ရောက်စွက်ဖက်ရင် ဖြစ်လာမယ့် အကျိုးဆက်တွေကို ချိန်ဆရမှာဖြစ်ပါတယ်။ အတတ်နိုင်ဆုံး ဈေးကွက်လှမ်းဖို့ မစဉ်းစားဘဲ ဈေးကွက်ယန္တရားကို သြဇာရှိအောင်လုပ်ရမှာဖြစ်တယ်။ ရောင်းလိုအားနဲ့ ဝယ်လိုအားကို အစိုးရက ကစားတတ်ရမှာဖြစ်ပါတယ်။ သွက်သွက် လက်လက်ကိုင်တွယ်နိုင်ဖို့သာဖြစ်ပါတယ်။ တစ်ခုတော့ရှိပါတယ်။ ဈေးကွက်ဟာ မပြည့်ဝဘူး။ ပြီးပြည့်စုံမှုမရှိနိုင်ပါဘူး။ ဈေးကွက်ယန္တရားရပ်ဆိုင်းတာမျိုး ရှိနိုင်ပါတယ်။ ဒီအခြေအနေမျိုးမှာ နိုင်ငံတော်အစိုးရက ဝင်ရောက်စွက်ဖက်ရမှာဖြစ်ပါတယ်။ အခုလို ဝင်စွက်တာကို ခေတ္တခဏသာဖြစ်ပြီး အခြေအနေတည်ငြိမ်မှု ရှိလာတာနဲ့အမျှ ဈေးကွက်ကို လွှတ်ပေးရမှာဖြစ်ပါတယ်။

**ဈေးကွက်စီးပွားရေးစနစ်ရှင်သန်ဖို့ လူ့အခွင့်အရေးဟာအရေးကြီးတယ်လို့ပြောရင် ရှုတ်တရက် လက်ခံကြမှာမဟုတ်ကြဘူး။ ဘာဆိုင်လဲလို့ပြောကြမှာ။ လူ့အခွင့်အရေးလို့ပြောရင် နိုင်ငံရေးနဲ့ပတ်သက်တယ်လို့သာ ထင်မြင်ကြတယ်။ အမှန်တော့ လူ့အခွင့်ရေးဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုပါဝင်ကြောင်း သိဖို့လိုပါတယ်။**

ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာရှိတဲ့နိုင်ငံတော်အစိုးရဟာ မကြာခဏ ဝင်ရောက်စွက်ဖက်ခဲ့တာတွေ့ရတယ်။ ဈေးကွက်ရဲ့ အစွန်းတွေကို ထိန်းပေးဖို့လိုအပ်တယ်။ ဈေးကွက်စီးပွားရေးစနစ်မှာ စောစောကပြောတဲ့ မမြင်ရတဲ့လက်တွေ တစ်ဖက်ကရှိပေမယ့် ပွင့်လင်းမြင်သာမှုဟာ အရေးကြီးလှတယ်။ သတင်းအချက်အလက်တွေကို ပြည့်ပြည့်စုံစုံလွယ်ကူစွာ လက်လှမ်းမီရမယ်။

ဈေးကွက်စီးပွားရေးစနစ်အတွင်း ပါဝင်လှုပ်ရှားသူတိုင်းကို မျှမျှတတ ဆက်ဆံရမယ်။ ပတ်သက်ခွင့်ရှိတယ်။ ဒါကို မြေညီကွင်းလို့ခေါ်ဝေါ်ကြတယ်။ ဘက်လိုက်မှုမရှိဘဲ လူတိုင်းကို တူညီတဲ့အခွင့်အရေးတွေပေးရမယ်။ အဆက်အသွယ်ကိုမှီခိုပြီး အခွင့်အရေးယူတာမျိုး မဖြစ်သင့်ဘူး။ ကိုယ်ကျိုးစီးပွား ပဋိပက္ခမဖြစ်အောင်လည်း သတိပြုရမယ်။ တရားဥပဒေစိုးမိုးမှုကို တည်ဆောက်ဖို့ လိုအပ်ပါတယ်။ ဥပဒေဘောင်အတွင်း စီးပွားရေးလုပ်ရမယ်။ ဘောင်ကျော်ပြီးလုပ်ချင်တာလုပ်လို့ မဖြစ်ပါဘူး။ ဈေးကွက်စီးပွားရေးရှင်သန်မှုမှာ လူမှုရေးတာဝန်ကျေမှုဟာ အချက်အချာကျပါတယ်။ ရုတ်တရက်ကြည့်ရင် စီးပွားရေးနဲ့လူမှုရေး မပတ်သက်ဘူး။ မသက်ဆိုင်ဘူးလို့ ယူဆနိုင်တယ်။ တကယ်တော့ စီးပွားရေးလုပ်တဲ့နေရာမှာ လူမှုရေးတာဝန်ကျေပွန်ရမှာ။ လူမှုရေးတာဝန်လို့ပြောရင် အလှူအတန်းပေးရုံနဲ့ မလုံလောက်ဘူး။ လှူတာတန်းတာဟာ လိုပေမယ့် လူမှုရေးတာဝန်ကျေမှုဟာ ပိုပြီးလေးနက်တယ်။ အခုခေတ်မှာတော့ ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုဟာ ရှေ့တန်းတင်ရမယ့်အရာဖြစ်တယ်။ သဘာဝပတ်ဝန်းကျင်ကို လျစ်လျူရှုလို့မဖြစ်ပါဘူး။ ပတ်ဝန်းကျင်ကို တစ်ဖက်က စောင့်ရှောက်ပြီး တစ်ဖက်ကလည်း သယံဇာတစွမ်းအားစုတွေကို အများအကျိုးအတွက် အသုံးချဖို့လိုအပ်ပါတယ်။

ဈေးကွက်စီးပွားရေးစနစ်ရှင်သန်ဖို့လူ့အခွင့်အရေးဟာအရေးကြီးတယ်လို့ပြောရင် ရှုတ်တရက်လက်ခံကြမှာမဟုတ်ကြဘူး။ ဘာဆိုင်လဲလို့ပြောကြမှာ။ လူ့အခွင့်အရေးလို့ပြောရင် နိုင်ငံရေးနဲ့ပတ်သက်တယ်လို့သာ ထင်မြင်ကြတယ်။ အမှန်တော့ လူ့အခွင့်ရေးဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုပါဝင်ကြောင်း သိဖို့လိုပါတယ်။ လူ့အခွင့်အရေးဆိုတဲ့ အသုံးအနှုန်းကို တစ်ချိန်ကလက်မခံခဲ့ကြဘူး။ အစိုးရကို ဆန့်ကျင်တဲ့သူတွေသာသုံးကြတယ်လို့ ထင်ကြတယ်။ အမှန်တော့ အသက်ရှိတဲ့လူတိုင်းမှာ လူ့အခွင့်အရေးဟာမွေးရာပါ ။ သူများပေးလို့မရပါဘူး။ တောင်းစရာလည်း မလိုအပ်ပါဘူး။ မွေးကတည်းကအလိုလိုပါလာပြီးသားကိစ္စဖြစ်တယ်။ လူ့အခွင့်အရေးနဲ့ ပတ်သက်လာရင် တာဝန်အရှိဆုံးက နိုင်ငံတော်အစိုးရဖြစ်တယ်။ နိုင်ငံရေးအာဏာယူထားတဲ့ အခြေခံတာဝန်ဝတ္တရားဖြစ်တယ်။ ဒါပေမယ့် နိုင်ငံတော်မှာတာဝန်ရှိသလို လုပ်ငန်းရှင်တွေမှာလည်း တာဝန်ရှိပါတယ်။ စိတ်တိုင်းကျ လုပ်လို့မရပါဘူး။ မိမိဝန်ထမ်းတွေရဲ့အကျိုး၊ မိမိထိတွေ့ဆက်ဆံနေတဲ့ပတ်ဝန်းကျင် အကျိုး ဒါတွေကိုကြည့်ရမယ်။ ဂရုစိုက်ရမှာဖြစ်ပါတယ်။ အခုလိုနိုင်ငံ့တာဝန်နဲ့ လုပ်ငန်းတာဝန်တွေ ကျေပွန်ရုံမက လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး ချိုးဖောက်မှုတွေ၊ နစ်နာမှုတွေ၊ စော်ကားမှုတွေရှိရင် ထိခိုက်တဲ့သူတွေအတွက် လုံလောက်တဲ့အဖြေပေးနိုင်မယ့် ယန္တရားတွေရှိရမှာဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ကို အနှောင့်အယှက်ဖြစ်စေမယ့်အရာကတော့ အဂတိလိုက်စားမှုဖြစ်တယ်။ ငယ်ငယ်တုန်းက ကျွန်တော်သိတာက ချစားမှုလို့ပြောတယ်။ အဂတိလိုက်စားတဲ့နေရာမှာ ငွေညှစ်တာ၊ လာဘ်ထိုးတာ၊ မိမိရထားတဲ့ ရာထူးအခွင့်အရေးတွေကိုအလွဲသုံးစားလုပ်တာ ဒါတွေ အားလုံးပါဝင်ပါတယ်။ အဂတိလိုက်စားမှုဟာ အင်မတန် သိမ်မွေ့လှပါတယ်။ သိသလိုမသိသလိုနဲ့ လူ့အဖွဲ့အစည်းတစ်ရပ်လုံးရဲ့စာရိတ္တကိုထိပါးနိုင်ပါတယ်။ အကျင့်ပျက်တာကို ဘယ်လိုမှ ပြုပြင်လို့မရပါဘူး။ လာဘ်ပေးလာဘ်ယူမှုဟာ ယဉ်ကျေးမှုတစ်ရပ်ဖြစ်နေပြီ။ ပေးတဲ့သူတွေကလည်း ပေးမှအဆင်ပြေမှာသိလို့ မပေးဘဲ မနေတတ်သလို ယူတဲ့သူတွေကလည်း အကျင့်တစ်ရပ်ဖြစ်နေပါပြီ။ ဒါကို ထိထိရောက်ရောက်ကိုင်တွယ်ဖို့ အထူးလိုအပ်ပါတယ်။ ဘယ်လိုမှခွင့်လွှတ်လို့ရတဲ့ ကိစ္စမဟုတ်ပါဘူး။ zero tolerance ကိုလုံးဝလက်ခံလို့မဖြစ်ပါဘူး။ တစ်ကျပ်ယူတာနဲ့ တစ်သန်းယူတာ အတူတူပါ။ ဝန်ထမ်းတွေ လုပ်ခလစာနည်းလို့အဆင်ပြေအောင် လုပ်ပေးတယ်လို့ ဆင်ခြေပေးလို့ မရပါဘူး။ ဈေးကွက်စီးပွားရေးစနစ်ကို အခြေခံကနေ ရိုက်ချိုးတဲ့ကိစ္စက အဂတိလိုက်စားမှုပဲဖြစ်တယ်။

ကျွန်တော်သိထားတာက အဂတိလိုက်စားမှုကို တိုက်ဖျက်ဖို့ကော်မရှင်တစ်ရပ် ဖွဲ့စည်းခဲ့တယ်။ ဒါပေမယ့်ဒီကော်မရှင်ကို တိုင်တန်းမှုတွေရှိမှ အရေးယူတယ်လို့သိရတယ်။ တိုင်မှအရေးယူတာဟာ ထိရောက်မှာ မဟုတ်ပါဘူး။ ကော်မရှင်က သတ္တိရှိရှိအရေးယူဖို့အရေးကြီးလှပါတယ်။ အဂတိလိုက်စားမှုရဲ့ဒဏ်ကို အခြေခံလူတန်းစားက ခါးစည်းခံရတာ။ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ လာဘ်ထိုးတဲ့ စရိတ်စကတွေကို ဈေးတွေမြှင့်ပြီး အကျိုးမယုတ်အောင်လုပ်ကြရမှာဖြစ်တယ်။ တစ်ဖက်ကလည်း ထောင်မြင်ရာစွန့်တဲ့သဘောလည်းရှိသေးတာ။ အကျင့်တစ်ခုပြင်ရတာ မလွယ်ပါဘူး။ ချက်ချင်းလက်ငင်းလုပ်လို့ရချင်မှရမှာ။ ဒါပေမယ့်နမူနာပြဖို့တော့ အရေးကြီးတယ်။ စီးပွားရေးလုပ်ငန်းရှင်များဟာ မိမိတို့ရဲ့သိက္ခာသမာဓိတရားတွေကို ထိန်းသိမ်းပြီး အဂတိလိုက်စားမှုကို အားမပေးဖို့ လိုအပ်ပါတယ်။ အဆိပ်ပင်ရေလောင်းနေသရွေ့ ဒီအကျင့်ပျက်ကြီးဟာ အခွန့်ရှည်နေဦးမှာဖြစ်တယ်။ အဂတိလိုက်စားမှုနည်းပါးတဲ့နိုင်ငံတွေမှာ ဈေးကွက်စီးပွားရေးစနစ်တွေရှင်သန်အားကောင်းတာမို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေရနိုင်ပါတယ်။ ဒါကြောင့် ပီပြင်တဲ့ ဈေးကွက်စီးပွားရေးစနစ်တစ်ရပ်အမြန်ဆုံးပေါ်ပေါက်ပါစေလို့ဆန္ဒပြုအပ်ပါတယ်။

## သောက်သုံးရေလိုအပ်နေသောကျေးရွာများသို့ရေလှူ

**မာန်အောင် ဧပြီ ၃၀**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာအချို့ သောက်သုံးရေရှားပါးလျက်ရှိရာ မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးတင်အောင်ခန့်နှင့်ဝန်ထမ်းများသည် ခုံရွာကျေးရွာ၌ ဧပြီ ၁၀ မှ ၂၆ ရက်အထိ ရေသန့်စင်စက်ဖြင့် ရေသန့်စင်ပေးပြီး သောက်သုံးရေရှားပါးသည့် စွန်ပန်းချောင်း၊ အောင်စည်ပြင်ကျေးရွာများသို့ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေဂါလန် ၈၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သိန်းဇေ(ပြန်/ဆက်)**

---

**ဘားအံ**

ကရင်ပြည်နယ် ခရိုင်သုံးခရိုင်အတွင်းရှိ ကျေးရွာ ၂၃ ရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောက်သုံးရေဖြန့်ဝေပေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ဧပြီလ ၃၀ ရက်က ဘားအံမြို့ လျာကာကျေးရွာတွင် သောက်သုံး ရေဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ ၂၃ ရွာသို့ ကွင်းဆင်း၍ ရေပြတ်လပ်မှုသတင်းများရယူကာ ယာယီရေသိုလှောင်ကန်များ ဆောက်လုပ်ပြီး ရေဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်( ပြန်/ဆက်)**



**ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်းရှိ သောက်သုံးရေအခက်အခဲရှိသော ကျေးရွာများတွင် သန့်ရှင်းသော သောက်သုံးရေရရှိ စေရန်နှင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် စေတနာအလှူရှင်များက ကျေးရွာအရောက်သွားရောက်လှူ ဒါန်းလျက်ရှိရာ ဧပြီလနောက်ဆုံးပတ်က ကိုဒွေးလှိုင်ဦး ဦးဆောင်သော ကိုရီးယားနိုင်ငံရောက် သုံးခွမြို့သားများအဖွဲ့က ဇောတိကကျေးရွာသို့ သွားရောက်ကာ ရေဖြန့်ဝေလှူဒါန်းခဲ့ကြစဉ်။**

**ကိုကျော်(သုံးခွ)**

# ယာဉ်အန္တရာယ်ကင်းရှင်းရေး စစ်ဆေးအသိပညာပေးပြီး ဆိုင်ကယ်စီးဦးထုပ်များ မဲစနစ်ဖြင့် အခမဲ့ဝေငှ

**သထုံ မေ ၁**
မွန်ပြည်နယ် သထုံမြို့လယ် အဝိုင်းပတ်အနီး၌ ဧပြီ ၃၀ ရက် နံနက်က သထုံခရိုင် ရဲတပ်ဖွဲ့၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ ပူးပေါင်းကာ ယာဉ်အန္တရာယ်ကင်းရှင်းရေး ရှောင်တခင် စစ်ဆေးပြီး သထုံမြို့၌ ပထမဆုံးအကြိမ်အဖြစ် ဆိုင်ကယ်စီးဦးထုပ်များကို မဲစနစ်ဖြင့် အခမဲ့ဝေငှပေးခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေကို အသက်သွင်းခြင်းနှင့် ယင်းဥပဒေကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိနိုင်ရန်အတွက် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးပြီး ဆိုင်ကယ်စီးဦးထုပ်များ စစ်ဆေးကာ ဝေငှပေးခြင်းဖြစ်ကြောင်း သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနန္ဒဝင်းက ပြောသည်။

"သထုံခရိုင်ထဲက မြို့နယ်လေးခုမှာ ဖြစ်ခဲ့တဲ့ ယာဉ်မတော်တဆမှုကြောင့် အသက်အန္တရာယ် ဆုံးရှုံးရမှုဖြစ်စဉ်တွေမှာ ဆိုင်ကယ်ကြောင့်ဖြစ်တာ အများဆုံးဆိုတာ တွေ့ရှိရတယ်။ ဒီလိုဆိုင်ကယ်စီးတဲ့အခါ ဦးထုပ်ဆောင်းရင် သူတို့အတွက် အသက်အန္တရာယ် လုံခြုံစိတ်ချရမှုပိုများတယ်ဆိုတာ သိစေချင်လို့ အားလုံးပူးပေါင်းဆောင်ရွက်တာပါ" ဟု ၎င်းက ပြောသည်။



ယင်းသို့ ပညာပေးလုပ်ငန်းများကို သထုံခရိုင်အတွင်းရှိ မြို့နယ်အားလုံးတွင် တစ်လကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ပညာပေးကာလလွန်ပြီးနောက်တွင် စည်းကမ်းမလိုက်နာသူများကို ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေပါအချက်များအတိုင်း တိတိကျကျအရေးယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးက ဆက်လက်ပြောကြားသည်။

ယင်းနေ့တွင် သထုံမြို့ မြို့လယ် အဝိုင်းနှင့် ကျိုက်ကော်ရပ်ကွက် ဈေးအရှေ့နေရာများ၌ အခြေပြု၍ ပြည်သူ ၆၀၀ ခန့်အား ယာဉ်စည်းကမ်း လမ်းစည်းကမ်းအသိပညာပေး စစ်ဆေးခြင်းနှင့် ပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးနိုင်ခဲ့ကာ ဆိုင်ကယ်ဦးထုပ် အလုံး၂၀၀ ကိုလည်း မဲစနစ်ဖြင့် အခမဲ့ ဝေငှပေးနိုင်ခဲ့ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# ပုဂံညောင်ဦးမြို့သို့ ကမ္ဘာလှည့်ခရီးသွားများ အဆက်မပြတ်လာရောက်လျက်ရှိ

**ညောင်ဦး မေ ၁**
ရိုးရာယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်များ ပေါများရာ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ပုဂံမြို့သို့ နေ့စဉ်နှင့်အမျှ ပြည်တွင်းခရီးသွားများနှင့် နိုင်ငံခြားသားခရီးသွားများ အဆက်မပြတ် ဝင်ထွက်သွားလာလျက်ရှိသည်။

ပြည်တွင်း ဘုရားဖူးများသည် ပုဂံညောင်ဦးမြို့ရှိ ထင်ရှားသော ဘုရားများဖြစ်သော ငှက်ပစ်တောင်ဘုရား၊ အလိုတော်ပြည့်ဘုရား၊ ရွှေစည်းခုံဘုရား၊ ပုဂံမြို့ပတ်ဝန်းကျင်ရှိ စွယ်တော်လေးဆူ စသည့်ဘုရားများကို သွားရောက်ဖူးမြော်မှုများပြီး နိုင်ငံခြားသား ခရီးသွားဧည့်သည်များမှာ ပုဂံဝန်းကျင်ရှိ ရှေးဟောင်းဘုရားများ၊ ညောင်ဦးမြို့တွင်းရှိ ရှေးဟောင်းစေတီဘုရားများ၊ ညောင်ဦးမြို့ မဏိစည်သူဈေးအတွင်းရှိ ဈေးအရောင်းဆိုင်များသို့ အုပ်စုလိုက်လှည့်လည်ကာ လေ့လာကြည့်ရှုလေ့ရှိကြသည်။

နိုင်ငံခြားသား ခရီးသွားများအနေဖြင့် ပုဂံညောင်ဦးဒေသ၏ သဘာဝအလှအပများကို ခြေလျင်တစ်မျိုး၊ လျှပ်စစ်စက်ဘီးနှင့်တစ်ဖုံ၊ မြင်းလှည်းနှင့်တစ်နည်း၊ စက်လှေများနှင့်တစ်တန် လှည့်လည်ကြည့်ရှုလေ့လာကြကာ ပုဂံညောင်ဦးမြို့နယ်ရှိ ဒေသခံပြည်သူများ၏ နေထိုင်ပုံ၊ ဝမ်းစာရှာဖွေစားသောက်ပုံနှင့် ရိုးရာဓလေ့ထုံးစံများ၊ ဒေသခံများ၏ အသုံးအဆောင်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းများတွင် သုံးစွဲလျက်ရှိနေသေးသော ထွန်၊ ထယ်၊ စူးဆောက်၊ ခြားမောက်၊ နွားလှည်း၊ ကျွဲလှည်း၊ ထော်လာဂျီများနှင့် ရိုးရာလုပ်ငန်းများဖြစ်သည့် ထန်းလုပ်ငန်း၊ နွားနှင့်လှည့်၍ ဆီကြိတ်သော ဆီဆုံလုပ်ငန်းများ စသည်တို့ကိုလည်း စိတ်ဝင်စားစွာ လေ့လာကြကြောင်း သိရသည်။
**ကျော်ဌေး(ညောင်ဦး)**



# မော်လမြိုင်ကျွန်းမြို့နယ်နှင့် ရန်ကုန်အကြား သွားလာရေး အဆင်ပြေလွယ်ကူစေမည့် ကွဲခြံရေကျော်မြစ်ကူးတံတား မကြာမီဖွင့်လှစ်မည်

**မော်လမြိုင်ကျွန်း မေ ၁**
ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေးအတွက် ဘိုကလေး-မော်လမြိုင်ကျွန်း-ဝါးခယ်မ-မြောင်းမြလမ်းကွန်ယက် အမှတ်(၁၀)ပေါ်ရှိ မော်လမြိုင်ကျွန်းမြို့နယ် ကွဲခြံရေကျော်မြစ်ကူးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးစီမံကိန်းအမှတ်(၁၁)က တာဝန်ယူကြီးကြပ်ပြီး ၂၀၁၁ ခုနှစ် ဇွန် ၂ ရက်မှ စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ကွဲခြံရေကျော် မြစ်ကူးတံတားတည်ဆောက်ပြီးစီးသွားပါက မော်လမြိုင်ကျွန်းမြို့မှ ကွဲခြံရေကျော်တံတားအထိ ၁၃ မိုင် ၃ ဖာလုံ၊ ကွဲခြံရေကျော်တံတားမှ ဘိုကလေးမြို့အထိ ၅ မိုင် စုစုပေါင်း ၁၈ မိုင် ၃ ဖာလုံသာ ကွာခြားသဖြင့် မော်လမြိုင်ကျွန်းမြို့မှ ဘိုကလေးမြို့အထိ ၃၀ မိနစ်အတွင်း အရောက်သွားလာနိုင်ကြမည်ဖြစ်သည်။

ထို့အပြင် ဘိုကလေး-ဖျာပုံ-ဒလ(ရန်ကုန်)သို့ အချိန်တိုတိုဖြင့် တိုက်ရိုက်သွားလာနိုင်မည်ဖြစ်ကာ ဘိုကလေးမြို့နယ် ပင်လယ်ပိုင်းဒေသများဖြစ်သော ကဒုံကနီ-ဧရာ-အမာ ဒေသများသို့ပါ တိုက်ရိုက်သွားလာနိုင်ပြီး ပင်လယ်ဒေသထွက်ကုန်ပစ္စည်းမျိုးစုံတို့ကိုလည်း မော်လမြိုင်ကျွန်းမြို့သို့ ပို့ဆောင်ရောင်းဝယ်နိုင်မည် ဖြစ်သည်။

ယခုအခါ ကွဲခြံရေကျော် မြစ်ကူးတံတားဆောက်လုပ်မှုမှာ ပြီးစီးတော့မည်ဖြစ်ကြောင်းနှင့် လာမည့် မေ ၁၅ ရက်နေ့မှ စတင်ပြီး တံတားပေါ်မှ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် တံတားလုပ်ငန်းများ အမြန်ပြီးစီးရေးအတွက် တံတားဦးစီးအရာရှိ (မြို့ပြ)ဦးစိုးမိုးနှင့် ဝန်ထမ်းများ၊ လမ်းလုပ်သားများက နေ့ရောညပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကွဲခြံရေကျော် မြစ်ကူးတံတားသည် အရှည် ၁၆၇၉ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်သုံးပေစီရှိပြီး ရေလမ်းကင်းလွတ်အမြင့်မှာ ပေ ၄၀ရှိကြောင်း၊ တံတားအမျိုးအစားမှာ သံမဏိသံပေါင်နှင့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။
**မော်ကျွန်း(မြင့်အောင်)**

# ဧရာဝတီမြစ်ရေ အချိန်စောတိုးလာသောကြောင့် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်မှ နွေစပါးအောင်ရေ လုံလောက်စွာရမည်ဖြစ်၍ တောင်သူများစိတ်အေးရ

**ဆိပ်ဖြူ မေ ၁**
ယခုနှစ်တွင် ဧပြီ ၂၆ ရက်မှစ၍ ဧရာဝတီမြစ်ရေတိုးလာသဖြင့် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်မှ နွေစပါးစိုက်တောင်သူများအတွက် အောင်ရေများ လုံလောက်စွာ ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်ရာ နွေစပါးစိုက်တောင်သူများ အောင်ရေအတွက် မပူရတော့ကြောင်း သိရသည်။

အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်မှ စိုက်ပျိုးရေပေးဝေရာတွင် ကျိုးပင်မြစ်ကျိုးအင်းမှရေကို ရယူကာ စိုက်ပျိုးရေအဖြစ် ပေးဝေခြင်းဖြစ်ပြီး ပြီးခဲ့သည့် မိုးစပါးစိုက်ရာသီတွင် ရေတင်စနစ်ရှိ လယ်ဧကများသို့ စိုက်ပျိုးရေပြည့်ဝစွာ ရရှိစေရေး ဆောင်ရွက်နိုင်ခဲ့ပြီး၊ နွေစပါးများအတွက် မြစ်ကျိုးအင်းအတွင်းမှ ကျန်ရှိသောရေနှင့် ပွန်တွန်းရေတင်စက်အနီးရှိ ရေအနက်ပေ တိုင်းထွာကာ စိုက်ဧကများ ရေပေးနိုင်မှုအခြေအနေကို တွက်ချက်ရကြောင်း၊ ယခုနှစ် နွေစပါး ပျိုးထောင်ရေပေးသည့်မည့်အချိန်တွင် ပွန်တွန်းရေတင်တွင် ရေအနက် ၁၀ ပေသာရှိခဲ့ပြီး နွေစပါးနှင့် အခြားသီးနှံလယ်မြေများကို နေ့စဉ် စိုက်ပျိုးရေ ရှစ်နာရီကြာ ပေးကြောင်း၊ ယခုနှစ်သည် အယ်နီညိုရာသီဥတုဖြစ်သည့်အတွက် အပူချိန်မြင့်မားလာမှုကြောင့် ကျိုးပင်မြစ်ကျိုးအင်းအတွင်းရှိရေများ ခန်းခြောက်နှုန်းမြင့်ခဲ့သည့်အတွက် စပါးအောင်ရေပေးရာတွင် ရေမလုံလောက်မှုဖြစ်မည်ကို စိုးရိမ်ခဲ့ရကြောင်း၊ သို့သော် ရာသီဥတုပြောင်းလဲမှုကြောင့် ဧရာဝတီမြစ်ရေသည် ဧပြီ ၂၆ ရက်နေ့တွင် ယခင်နှစ်ထက်စောစွာ ကျိုးပင်မြစ်ကျိုးအင်းအတွင်း ဝင်ရောက်ခဲ့ကြောင်း၊ ပုံမှန်ရာသီဥတုတွင် ကျိုးပင် မြစ်ကျိုးအင်းအတွင်း မြစ်ရေဝင်ချိန်မှာ နှစ်စဉ် ဇွန်လနောက်ဆုံးပတ်ဖြစ်ကြောင်း၊ ယခုအခါ မြစ်ရေတိုးလာသဖြင့် လက်ရှိရေတင်စက် ပွန်တွန်းနေရာတွင် ရေအနက် ၁၂ ပေကျော်ရှိလာပြီး နွေစပါးစိုက်ပျိုးရေနှင့် အောင်ရေကို အပြည့်အဝလုံလောက်စွာပေးနိုင်တော့မည်ဖြစ်ကြောင်း အောက်ဆိပ် လျှပ်စစ်မြစ်ရေတင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အောက်ဆိပ်လျှပ်စစ်မြစ်ရေတင် အနေဖြင့် ဆိပ်ဖြူမြို့နယ်အတွင်းမှ တောင်သူများအတွက် နွေစပါးစိုက်ပျိုးရေ ပြည့်စွာရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိကာ ယခု ၂၀၁၅-၂၀၁၆ နွေစပါးစိုက်ရာသီတွင် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာအတွင်း နွေစပါး ၁၂၀ ဧကနှင့် အခြားသီးနှံ ဧက ၂၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။



ယခုနှစ်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ လျှပ်စစ်မြစ်ရေတင်မှ တာဝန်ရှိသူများက တောင်သူများအားတွေ့ဆုံကာ အယ်နီညိုရာသီဥတုတွင် စိုက်ပျိုးရေ ပြည့်ဝစွာရရှိစေရေး၊ စိုက်ပျိုးရေ အလေအလွင့်မရှိစေရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အယ်နီညိုရာသီဥတုတွင် လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးရေးနည်းလမ်းများကို အသိပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ စိုက်ကွင်းအတွင်း စိုက်ပျိုးနည်းစနစ်အသိပေးဆိုင်းဘုတ်များကို စိုက်ထူပေးခြင်း၊ တောင်သူများ စိုက်ပျိုးရေရယူသုံးစွဲရာတွင် အခက်အခဲများရှိပါက ချိတ်ဆက်ဆောင်ရွက်နိုင်ရန် အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်မှ တာဝန်ရှိသူများ၏ ဖုန်းနံပါတ်များကို အသိပေးထားခြင်းတို့ကိုလည်း ဆောင်ရွက်ထားသည်။
**စိုးလင်းနိုင်(ပြန်/ဆက်)**

## သတင်းတိုများ

### ကျေးရွာ၁၇ရွာတွင် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း ကျေးရွာများတွင် ရေအခက်အခဲမရှိစေရန်အတွက် ရေရရှိရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေရှားပါးနေသောကျေးရွာများသို့ ရေသယ်ယာဉ်များဖြင့် ရေများ ဖြန့်ဝေပေးနေသည့်အပြင် ကျေးရွာများရှိ ရေတွင်းရေကန်များကို ပြုပြင်ခြင်းများကိုလည်း ရေရရှိရေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အစတွင် ကျေးရွာများရှိ စက်ရေတွင်းများမှ အင်ဂျင်နှင့် ကွန်ပရက်ဆာများပြုပြင်ခြင်းလုပ်ငန်း ခြောက်ခု၊ တွင်းဆေး တွင်းမှုတ်နှင့် အုတ်ကန်ပြုလုပ်ခြင်းလုပ်ငန်း ငါးခု၊ အင်ဂျင်၊ ဒိုင်နမို၊ ရေတင်ပန့် အသစ်တပ်ဆင်ပေးခြင်းနှင့် ရေကန်တည်ဆောက်ခြင်းလုပ်ငန်း လေးခု၊ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း နှစ်ခုတို့ကို ကျေးရွာ ၁၇ ရွာ၌ ရန်ပုံငွေကျပ် ၃၇ ဒသမ ၄၁ သန်းဖြင့် ဆောင်ရွက်ပေးနေကြောင်း သိရသည်။
**အတ်ကလေး(ရမည်းသင်း)**

### ရေလိုအပ်သောကျေးရွာသို့ သောက်သုံးရေဖြန့်ဝေ

ဝမ်းတွင်းမြို့နယ်အတွင်းမှ ရေလိုအပ်နေသော ပန်းကြိုင်ကျေးရွာအုပ်စု အိုးပွဲ့ကန်ကျေးရွာရှိ အိမ်ထောင်စု ၆၈ စုမှ လူဦးရေ ၄၅၀ အတွက် သောက်သုံးရေဂါလန် ၃၂၀၀ ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဧပြီ ၂၈ ရက်က သွားရောက်လှူဒါန်းခဲ့သည်။
**ဌေးလှိုင်(ဝမ်းတွင်း)**



ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်ခရိုင် ပုတီးကုန်းမြို့တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းရေးအတွက် ရဲစခန်း (မြို့မ) ထရန်စဖော်မာမှ အထကကျောင်းရှေ့ထိ ကြေးကြိုး HDBC No.8 များကို HDBC No.4 ကြေးကြိုးများဖြင့်လဲလှယ်ခြင်း၊ ၁၁ ကေဗွီလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို မြို့လျှပ်စစ်မှူးနှင့် လိုင်းဝန်ထမ်းများက ဆောင်ရွက်စဉ်
(မြို့နယ် ပြန်/ဆက်)

# ပြည်သူ့ဆေးရုံနှစ်ထပ်တိုးချဲ့လူနာဆောင် ပြီးစီး

**ဂွ မေ ၁**
ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ်ပြည်သူ့ဆေးရုံ၌ ခုတင် ၅၀ ဆံ့ နှစ်ထပ်ဆေးရုံသစ်ကြီးတစ်ဆောင်ကို ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေကျပ်သိန်း ၃၅၀၀ အကုန်အကျခံ၍ ဆောက်လုပ်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ မကြာမီဖွင့်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးရုံသစ်ကြီးသည် အလျား ၁၃၄ ပေ၊ အနံ ၅၆ ပေရှိပြီး အာရ်စီကွန်ကရစ် သွပ်မိုးနှစ်ထပ်အဆောက်အအုံဖြစ်ကာ ဆေးရုံအဆောက်အအုံနှင့်အတူ ကျန်းမာရေးဝန်ထမ်းများ နေထိုင်ရန်အတွက် ခြောက်ခန်းတွဲလေးထပ်ဝန်ထမ်းအိမ်ရာကိုလည်း တစ်ပြိုင်တည်းဆောက်လုပ်ခဲ့ရာ ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ပြီး မေလဒုတိယပတ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ ဆေးရုံသစ်ကြီး တည်ဆောက်ပြီးစီးသွားပါက ဂွမြို့နယ်အတွင်းမှ ဒေသခံပြည်သူများ၏ ကျန်းမာရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

ယင်းဆေးရုံသစ်ကြီးနှင့် ဝန်ထမ်းအိမ်ရာတို့အား Age of Glory Co.,Ltd. က တာဝန်ယူ၍ နိုဝင်ဘာလအတွင်းက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။
**(ခရိုင် ပြန်/ဆက်)**



# ဟိုင်းကြီးကျွန်း ငါးပြေမဆရာတော်ကြီး (၁၀၃) နှစ်မြောက် မွေးနေ့ပူဇော်ပွဲကျင်းပ

**ဟိုင်းကြီးကျွန်း မေ ၁**
လွန်ခဲ့သည့် သုံးနှစ် သက်တော် ၁၀၀ ပြည့်တွင် ပျံလွန်တော်မူခဲ့သော ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ငါးပြေမကျေးရွာ ပဉ္စနိကာယ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ၏ သက်တော် (၁၀၃) နှစ်ပြည့် ဝိဇာတမွေးနေ့ပူဇော်ပွဲနှင့် ဆုတောင်းပြည့်စေတီတော် ထီးတော်တင်ပွဲကို ဧပြီ ၂၇ ရက်က ကျင်းပခဲ့သည်။

ထီးတော်တင်ပွဲတွင် ဆုတောင်းပြည့်စေတီတော်ကို ထီးတော်တင်လှူပြီး ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ကြသည်။ ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်က ဩဝါဒမြွက်ကြားပြီး ငါးပြေမဆရာတော်ကြီး၏ ဒါယကာများက ဂုဏ်တော်များကို ရတုပိုဒ်စုံများဖြင့် ပူဇော်ကြကာ မရမ်းချောင်ဆရာတော်က ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်သည်။ ထို့နောက် သံဃာတော်များအား ဒါယကာ ဒါယိကာမများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ငါးပြေမဆရာတော်ကြီး ပျံလွန်တော်မူခဲ့ပြီးနောက် ရုပ်ကလပ်တော်ကို စံကျောင်းပြဿဒ်ပေါ်၌ ပူဇော်ထားရှိကာ ရုပ်ကလပ်တော်မှာ သက်တော်ထင်ရှားရှိသကဲ့သို့ ပကတိအသားအရေအတိုင်း ဖြစ်ပေါ်လျက်ရှိပြီး လာရောက်ဖူးမြော်သော ဧည့်ပရိသတ်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။
**ခင်မောင်ထွေး**

# ကယားပြည်နယ်၏ ကုန်သွယ်မှုဗဟိုဌာန ဖွင့်လှစ်




**လွိုင်ကော် မေ ၁**
ကယားပြည်နယ်၏ ကုန်သွယ်မှုလုပ်ငန်းကဏ္ဍ တိုးတက်လာစေရန် အထောက်အကူပြုမည့် ကန္တရဝတီကုန်သွယ်မှုဗဟိုဌာန(Trade Center) ဖွင့်ပွဲကို ကယားပြည်နယ် လွိုင်ကော်မြို့၌ ဧပြီ ၂၉ ရက်က ကျင်းပသည်။

ကန္တရဝတီကုန်သွယ်မှုဗဟိုဌာန ဖွင့်ပွဲတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုကယနေ့သည် ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းသစ်တစ်ခု စတင်ဖောက်လုပ်သည့်နေ့ဖြစ်ကြောင်း၊ ပြည်နယ်၏ သဘာဝအလှနှင့် ရိုးရာယဉ်ကျေးမှုများကြောင့် နိုင်ငံခြားခရီးသွားများက စိတ်ဝင်စားလာသည့် နေရာဒေသလည်း ဖြစ်ကြောင်း၊ အခြေခံကောင်းများရှိသော ဒေသဖြစ်သည့်အတွက် ကျွမ်းကျင်သူပညာရှင်များ ရေးဆွဲထားသည့် အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy-N.E.S)တွင် ကယားပြည်နယ်က ခရီးသွားလုပ်ငန်း(Tourism sector)ကို အကောင်အထည်ဖော်ခဲ့သည်မှာ အတော်အတန် အောင်မြင်မှုရနေပြီဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းနှင့်အတူ ကုန်သွယ်ရေးကိုလည်း တချိန်တည်းတိုးတက်အောင် ဆောင်ရွက်ဖို့လိုကြောင်း၊ ထို့ကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အနေဖြင့် လွိုင်ကော်မြို့၌ ကန္တရဝတီကုန်သွယ်မှုဗဟိုဌာနကို စတင်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ကန္တရဝတီ ကုန်သွယ်မှုဗဟိုဌာနသည် ကယားပြည်နယ်မှထွက်ရှိသော ကုန်ပစ္စည်းများ၏ သတင်းအချက်အလက်များကို ကမ္ဘာအရပ်ရပ်မှ ကုန်သည်များဆီသို့ ကြော်ငြာပေးမည့်နေရာဖြစ်ကြောင်းနှင့် ဒေသခံကုန်သည်များ၏ လုပ်ငန်းများအောင်မြင်စေရန် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသွားမည့်နေရာလည်း ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

ထို့နောက် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်(တာဝန်)ဦးအောင်စိုးက အမှာစကား ဆက်လက်ပြောကြားကာ ကန္တရဝတီကုန်သွယ်မှုဗဟိုဌာနကို ကယားပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်နှင့် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။
**ကိုစိုင်း (လွိုင်ကော်)**

# ကမ်းပါးပြိုကျသဖြင့် ရွာသစ်တည်နေထိုင်ကြရမည့် ပြည်သူများအား ဝိုင်းဝန်းကူညီ

**မင်းဘူး မေ ၁**
ဧပြီလအတွင်း ဧရာဝတီမြစ်ရေမြင့်တက်လာပြီး ရေတိုက်စားမှုများကြောင့် မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ မြစ်ကမ်းပါးများ ပြိုကျ၍ မန်းကျိုးကျေးရွာအုပ်စု ထုံးမကြီးကျေးရွာမှ လူနေအိမ်များမှာ နေအိမ်များ ဖျက်သိမ်းကာ မြစ်ကမ်းပါးနှင့်ကင်းလွတ်ရာ မန်းကျိုးကျေးရွာ၏ အရှေ့မြောက်ဘက်၊ ကွင်းအမှတ်(၁၂၁၅)(၁၂၁၆) ရှိ ကိုင်းမြေများတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

ပြည်သူများ ပြောင်းရွှေ့နေထိုင်ကြရာသို့ မင်းဘူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်နှင့် ဦးနေမျိုးကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် မြေယာစီမံခန့်ခွဲမှုကော်မတီဝင်များက ဧပြီ ၂၈ ရက်က လာရောက်ခဲ့ပြီး ကျေးရွာနေပြည်သူများ၏ ဆန္ဒအရ မဲနှိုက်၍ အိမ်ဝိုင်းမြေများ ချထားပေးခဲ့သည်။ ကိုင်းမြေတစ်ဧကလျှင် ကျပ်သိန်း ၂၀ ဖြင့် ဝယ်ယူရပြီး ပေ ၆၀ ပတ်လည် အိမ်ဝိုင်းတစ်ဝိုင်းလျှင် ကျပ်နှစ်သိန်းခွဲနှုန်း သတ်မှတ်၍ နေရာချပေးခဲ့ခြင်းဖြစ်ကာ ကျေးရွာ ဓမ္မာရုံ၊ စာသင်ကျောင်း၊ စာကြည့်တိုက်နှင့် ဘုန်းတော်ကြီးကျောင်းများအတွက် မြေနေရာများပါ သတ်မှတ်ချထားပေးခဲ့ကြောင်း သိရသည်။

ထုံးမကြီးကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက "ကျွန်တော်တို့ရွာက အိမ်ခြေ ၁၈၅ အိမ်ရှိပါတယ်။ အခု တစ်ရွာလုံးမြေနေရာတွေ မြစ်ကမ်းပါးပြိုကျလို့ ပါသွားပါပြီ။ အိမ်တွေ အမြန်ဖျက်သိမ်းပြီး ကမ်းပါးနဲ့လွတ်ရာမှာ စုပုံထားခဲ့တာ။ ရွာသစ်တည်မယ့်နေရာကို သယ်ယူစရိတ်မတတ်နိုင်လို့ ဒီအတိုင်းထားနေရတာ။ အခု တပ်မတော်သားတွေ၊ မြို့နယ်က ဝန်ထမ်းတွေက ကားတွေနဲ့ရောက်လာပြီး ဝိုင်းဝန်းကူညီ သယ်ပေးလို့ ဝမ်းသာပါတယ်ဗျာ။ အနီးဝန်းကျင်ကျေးရွာတွေကလည်း ထမင်းနဲ့ မုန့်တွေ လာရောက်လှူဒါန်းကြပါတယ်။ အခု ပစ္စည်းတွေရောက်တော့လည်း အိမ်ပြန်ဆောက်ဖို့က လိုသေးတယ်လေ၊ ကျေးရွာလူထုနဲ့ပဲ တစ်အိမ်ချင်း ဝိုင်းဝန်းဆောက်လုပ်ကြရမှာ။ စိုက်ပျိုးရေးလုပ်ငန်း ပြန်လုပ်ကိုင်နိုင်ဖို့ စိုက်ပျိုးစရိတ်ကလည်း အခက်အခဲတွေ့ရပါတယ်"ဟု နေအိမ်များပြောင်းရွှေ့ရခြင်းကြောင့် ၎င်းတို့၏ အခက်အခဲများကို ပြောပြသည်။

ကမ်းပါးပြိုကျသဖြင့် ပြည်သူများက ဖျက်သိမ်းထားသောနေအိမ်များမှ သစ်၊ ဝါးနှင့် အိမ်ထောင်ပရိဘောဂများကို ကျေးရွာသစ်တည်မည့်နေရာသို့ မကွေးမြို့ တပ်မ(၈၈)မှ တပ်မတော်သားများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မင်းဘူးမြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကျေးရွာနေပြည်သူများနှင့်ပူးပေါင်း၍ ကူညီသယ်ဆောင်ပေးခဲ့ကြသည်။ ထိုသို့ ပစ္စည်းများ သယ်ဆောင်ရာတွင် မကွေးတပ်မ(၈၈)က ဖောကားငါးစီး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဖောကားနှစ်စီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဖောကားနှစ်စီးတို့ဖြင့် ကူညီသယ်ဆောင်ပေးခဲ့ခြင်းဖြစ်ကာ မြို့နယ်မီးသတ်တပ်ဖွဲ့ကလည်း ကျေးရွာသစ်တည်၍ နေထိုင်ကြမည့် ကျေးလက်နေပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိနိုင်ရန်အတွက် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ကျေးရွာအသစ်တည်မည့် ထုံးမကြီးကျေးရွာနေအိမ်ထောင်စုများအား လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အိမ်ဆောက်ပစ္စည်းများ၊ သစ် ဝါးများကို အစိုးရဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်ပေးနေကြောင်းနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီတို့ကလည်း ကျေးရွာပိုင်မြေနေရာများ ဝယ်ယူနိုင်ရန် အလှူငွေ ကျပ်တစ်သိန်းခွဲ လှူဒါန်းပြီး လက်နှိပ်တုံကင်စက်ရေတွင်း တူးဖော်နိုင်ရန်အတွက် ခရိုင်နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းများက အလှူငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ ရန်ကုန်မြို့မှ အလှူရှင်များက အလှူငွေကျပ်နှစ်သိန်းကိုလည်းကောင်း ကျေးရွာအုပ်ချုပ်ရေးမှူးထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ တပ်မတော်သားများနှင့် အလှူရှင်များက ထောက်ပံ့မှုများပေးလျက်ရှိသော်လည်း ထုံးမကြီးကျေးရွာမှ ပြည်သူများအနေဖြင့် အိမ်ဆောက်စရိတ်များ၊ စိုက်ပျိုးစရိတ်များနှင့် သောက်သုံးရေဖူလုံစွာရရှိနိုင်မည့် စက်ရေတွင်းများ လိုအပ်လျက်ရှိနေသေးကြောင်း သိရသည်။
**တင်ထွန်းဦး(မင်းဘူး)**

# ဓာတ်အားပြတ်တောက်သည့်အခြေအနေများကို မေးမြန်းနိုင်မည့် Call center တစ်ခုဖွင့်လှစ်ရန် စီစဉ်နေ

**မန္တလေး မေ ၁**

မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှု အခြေအနေများကို ပြည်သူလူထု သိရှိနိုင်ရန်အတွက် လူထုနှင့်ပြေပြစ်စွာ ဆက်ဆံနိုင်မည့် Call Center တစ်ခုကို ဖွင့်လှစ်ကာ ဖြေကြားပေးနိုင်ရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်က ပြောကြားသည်။

အဆိုပါ Call Center တွင် လျှပ်စစ်မီးပျက်သည့် နေရာ၊ ပြင်ဆင်နေမှုအခြေအနေများ၊ ဓာတ်အားပြန်လွှတ်မည့် ခန့်မှန်းအချိန်ကို ဖြေကြားခြင်းနှင့် တောင်းပန်ခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

"ဓာတ်အားပြတ်တောက်ရင် လူထုကို လေးလေးစားစားနဲ့ ဆက်ဆံအသိပေး ဖြေကြားဖို့ကြိုးစားနေတယ်။ မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အား မလုံလောက်ဘူး။ ဆက်သွယ်မှုလိုင်းစနစ်များအားနည်းကြောင်း လူထုက သိရှိပြီးဖြစ်ပေမယ့် ဌာနက လေးစားစွာဆက်ဆံတတ်အောင် သင်ပေးမယ်"ဟု ၎င်းကပြောသည်။

မီးပျက်ရသည့် အကြောင်းသုံးမျိုးမှာ သဘာဝဘေးနှင့် လူပယောဂကြောင့် ဓာတ်တိုင်နှင့် မီးကြိုးများပျက်စီးခြင်း၊ ဓာတ်အားမလုံလောက်ခြင်းနှင့် ဆက်သွယ်တည်ဆောက်သည့်နည်းပညာ အားနည်းခြင်းတို့ဖြစ်ပြီး ဓာတ်အားမလုံလောက်သည့်အချက်မှာ ကျော်လွန်ခဲ့ပြီးဖြစ်ကြောင်း မလိုအပ်သည့် သစ်ကိုင်းများရှင်းလင်းခြင်း၊ ကြွေသီးများ အသစ်လဲလှယ်ခြင်းတို့ လုပ်ဆောင်ရာတွင် ဓာတ်အားလိုင်း ခေတ္တပြတ်တောက်မှုများရှိသော်လည်း ထိုသို့ပြတ်တောက်မည့် အချိန်နေရာများကို သတင်းစာတွင် ကြိုတင်အသိပေးကြေညာကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရေရှားပါးနေသော ကျေးရွာများအတွက် သောက်သုံးရေများလှူဒါန်း

**ပေါက် မေ ၁**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်မှ သောက်သုံးရေရှားပါးနေသော တဲတော်ယာကျေးရွာအုပ်စု တာချောင်းကျေးရွာနှင့် သက္ကယ်ချောင်းကျေးရွာနေပြည်သူများအတွက် သောက်သုံးရေများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအေးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့် အဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ဧပြီ ၂၉ ရက်က သွားရောက်လှူဒါန်းဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

တာချောင်းကျေးရွာရှိ အိမ်ခြေ ၅၆ လုံးမှ လူဦးရေ ၃၁၀ ခန့်အတွက် ရေဂါလန် ၁၈၀၀ ဆန့် မီးသတ်ရေသယ်ယာဉ်နှစ်စီးဖြင့် ရေဂါလန် ၃၆၀၀ ကိုလည်းကောင်း၊ သက္ကယ်ချောင်းကျေးရွာရှိ အိမ်ခြေ ၅၁ လုံးမှ လူဦးရေ ၂၉၀ အတွက် သောက်သုံးရေဂါလန် ၃၆၀၀ ကိုလည်းကောင်း ဖြန့်ဝေလှူဒါန်းခဲ့ခြင်းဖြစ်သည်။

ယခုနှစ်တွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မကွေးတိုင်းဒေသကြီးအတွင်း၌ အပူချိန်များ မြင့်တက်လျက်ရှိရာ ပေါက်မြို့နယ်အတွင်းရှိ ကျေးရွာများ၌လည်း သောက်သုံးရေလိုအပ်ချက်မြင့်မားနေလျက်ရှိသည်။ ရေလိုအပ်နေသော ကျေးရွာများအတွက် သောက်သုံးရေများကို အချိန်နှင့်တစ်ပြေးညီဖြန့်ဝေပေးနိုင်ရန်အတွက် ပေါက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်၍ ကော်မတီတစ်ရပ်ကိုဖွဲ့စည်းထားပြီး အခြားဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ ကူညီထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

**ညဏ်တိုး(ပေါက်)**



# ဥကပ်ပါးနဂျီများ ချိတ်ဆွဲပြီး ဇီဝနည်းဖြင့် စပါးဖျက်ပိုးကာကွယ်နည်း ခင်ဦးမြို့နယ် နွေစပါးစံပြကွက်ငါးဧက၌ ကွင်းဆင်းသရုပ်ပြ

**ခင်ဦး မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မြို့သစ်ကျေးရွာအုပ်စု သာဂရကျေးရွာရှိ နွေစပါးစံပြကွက် ၂၀ ဧက၌ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထားသော ပုလဲသွယ်( GW-1) စိုက်ခင်းငါးဧကတွင် ဇီဝနည်းဖြင့် အပင်ဖျက်ပိုးမွှားများ ကာကွယ်နည်းဖြစ်သော ဥကပ်ပါးနဂျီများချိတ်ဆွဲခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဧပြီ ၂၉ ရက်က သရုပ်ပြခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးအောင်နှင့် ဝန်ထမ်းများ၊ တောင်သူများက စပါးတစ်ဧကလျှင် ဥကပ်ပါးနဂျီကတ် ၄၀ နှုန်းဖြင့် စုစုပေါင်းကတ် ၂၀၀ ကိုစိုက်ခင်းအတွင်း ချိတ်ဆွဲ၍ သရုပ်ပြခဲ့သည်။ ဥကပ်ပါး နဂျီကတ်များကို ရွှေဘိုခရိုင်အတွင်းရှိ စံပြကွက်များတွင်သာ ချိတ်ဆွဲပေးနိုင်သေးကြောင်း၊ ဥကတ်များ မွေးမြူရာတွင် ရာသီဥတုပူပြင်းသဖြင့် တောင်သူတိုင်း၏ စိုက်ကွင်းများအတွက် လုံလောက်အောင်မွေးမြူနိုင်ခြင်း မရှိသေးကြောင်း၊ နောင်တွင် နဂျီများကို လုံလောက်စွာ မွေးမြူလာနိုင်ပါက တောင်သူများထံသို့ ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း ခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်ရီရီသိန်းက ပြောသည်။

စပါးခင်းများတွင် ဇီဝနည်းဖြင့် အဖျက်ပိုးများကို ကာကွယ်ခြင်းကြောင့် ပိုးသတ်ဆေးဝယ်ယူသုံးစွဲရန် မလိုအပ်တော့ဘဲ ငွေကြေးကုန်ကျမှုသက်သာသည့်အပြင် လူကိုထိခိုက်ခြင်းမရှိသည့်အတွက် တောင်သူများ စုပေါင်းပြီးပြုလုပ်သင့်ကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ဥကပ်ပါးနဂျီ(ခေါ်)ထရိုင်ဂိုဂရားမား နဂျီ၏ ဘဝစက်ဝန်းသည် ၁၀ ရက်ခန့်ရှိသည်။ နဂျီအကောင်ကြီးမှာ ခန္ဓာကိုယ်အရှည် ဝ ဒသမ ၃ မီလီမီတာမှ တစ်မီလီမီတာအထိ ရှိသည်။ ဥကတ်မှပေါက်လာသော နဂျီများသည် စပါးသီးနှံ၏ အဓိကဖျက်ပိုးများဖြစ်သော ဆစ်ပိုး၊ ရွက်လိပ်အိမ်ပိုး၊ ငမြောင်တောင်ပိုးများ၏ ဥများကို ကပ်ပါးပြုနိုင်သည်။ နဂျီများကို စပါးပင်များ ပင်ပွားထွက်ချိန်နှင့် ဖုံးတုံးလုံးချိန်များတွင် လွှတ်နိုင်သည်။ နဂျီဥများပါသော ကတ်များမှ နဂျီများ ထွက်လုခါနီးအချိန်တွင် နဂျီကတ်များကို စပါးပင်များပေါ်တွင် ချိတ်ထားရမည်။ ဥကတ်၏ တစ်ဘက်တွင် စာများပါ၍ တစ်ခြားဘက်တွင် နဂျီများပါသည်။ နဂျီကတ်တစ်ကတ်တွင် နဂျီအကောင်ပေါင်း တစ်ထောင်ပါသည်။ ဥကတ်များကို စပါးခင်းအတွင်း ချိတ်ဆွဲရာတွင် နဂျီများမိုးရွာခြင်းနှင့် နေပူဒဏ်မှခံနိုင်ရန် နဂျီပါသောဘက်ကို အတွင်းဘက်သို့ထားရမည်။ နဂျီများကို နေပူချိန်၊ မိုးရွာနေချိန်တွင် မလွှတ်ရပါ။ စပါးတစ်ဧကတွင် တစ်ကြိမ်လွှတ်လျှင် နဂျီကတ်ပေါင်း ၄၀ လွှတ်ရမည်။ သုံးကြိမ်လွှတ်ရမည်။ ဥကတ်တစ်ခုနှင့် တစ်ခုကို ၁၀ မီတာအကွာတွင် ထားရမည်။



နဂျီမလွှတ်ခင်တစ်ပတ်နှင့် လွှတ်ပြီးနောက်တစ်ပတ်အတွင်း စပါးခင်းကို ပိုးသတ်ဆေး လုံးဝမဖျန်းရပါ။ ဖျက်ပိုးပြင်းထန်စွာ ကျရောက်လျှင် သီးနှံကာကွယ်ရေးဌာနခွဲမှ အကြံဉာဏ်များရယူ၍ နှိမ်နင်းမှုနည်းလမ်းများကို ဆောင်ရွက်ပါ။ နဂျီများကို ထိန်းသိမ်းနိုင်ရန် စပါးခင်းပတ်လည်တွင် ပန်းပွင့်သောအပင်များ စိုက်ရမည်။ ဥကပ်ပါးနဂျီများ လွှတ်ပေးရာတွင် တစ်ကွင်းတစ်စပ်တည်းရှိသော တောင်သူများပူးပေါင်း၍ စပါးကွင်းကျယ်ကျယ်တွင်လွှတ်ပေးလျှင် ပို၍အကျိုးသက်ရောက်သည်။ စပါးတွင်ကျရောက်သော လိပ်ပြာမျိုးရင်းဝင် အဓိကဖျက်ပိုးများကို နှိမ်နင်းရာတွင် ဥကပ်ပါးနဂျီလွှတ်ခြင်းသည် သိသာထင်ရှား၍ အကျိုးသက်ရောက်သော နှိမ်နင်းနည်းဖြစ်ကြောင်း စသည့် အချက်များကိုလည်း စိုက်ပျိုးရေးဦးစီးဌာန အသိပညာပေးလျက်ရှိသည်။

**ခင်ဦးစိုးဝေ**

**မြို့သစ် မေ ၁**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ သောက်သုံးရေပြတ်လပ်မှုကြုံတွေ့နေသော အောင်ချမ်းသာကျေးရွာမှ ပြည်သူများအတွက် သောက်သုံးရေများကို မကွေးမြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးရဲထွန်း၊ မြို့မရဲစခန်းမှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက မြို့နယ်မီးသတ်ဦးစီးဌာနမှ ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးဖြင့် သုံးခေါက် စုစုပေါင်း ဂါလံ ၄၈၀၀ ကို ဧပြီ ၂၉ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**



**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ကညင်ကံအုပ်စု ကညင်ကံကျေးရွာရှိ အိမ်ထောင်စု ၈၀ ခန့်မှ ဒေသခံပြည်သူ ၂၀၀ခန့်အတွက် သောက်သုံးရေအဆင်ပြေစေရန် ရေသန့်ဘူးကြီး ၁၀၀(ရေဂါလန် ၅၀၀ ခန့်) ကို မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးကျော်တင်ဦးနှင့်ဝန်ထမ်းများက ဧပြီ ၂၉ ရက်က လှူဒါန်းနေစဉ်။**



# ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အထူးကုန်စည်ခွန်ဥပဒေအကြောင်း ရှင်းလင်းဆွေးနွေး

**ကျောက်မဲ မေ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနက ကြီးမှူး၍ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အထူးကုန်စည်ခွန်ဥပဒေများအကြောင်း ရှင်းလင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၂၉ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် ကျောက်မဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က အမှာစကားပြောကြားပြီး ကျောက်မဲမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူး ဒေါ်တင်မာမာသက်က ဝင်ငွေခွန်ဥပဒေဆိုင်ရာ ပြင်ဆင်ပြောင်းလဲမှုများ၊ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် အခွန်ထမ်းပြည်သူများအနေဖြင့် သိသင့်သိထိုက်သည့် အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းကြပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါရှင်းလင်းပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အခွန်ထမ်းပြည်သူများ တက်ရောက်ခဲ့ကြပြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ဝေသော လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**



## မန်ယူနည်းပြဆက်လုပ်ဖို့ ယုံကြည်နေတဲ့ ဗန်ဟားလ်

မန်ယူနည်းပြဗန်ဟားလ်အနေနဲ့ အက်ဖ်အေဖလားဆွတ်ခူးဖို့နဲ့ စတုတ္ထနေရာရဖို့ ယုံကြည်ထားပါတယ်။ မန်ယူအသင်းက အက်ဖ်အေဖလားဗိုလ်လုပွဲမှာ ခရစ္စတယ်ပဲလေ့စ်ကိုနိုင်ပြီး ချန်ပီယံဖြစ်ဖို့ ယုံကြည်ထားပါတယ်။ ထို့အတူ ပရီမီယာလိဂ် မှာလည်း စတုတ္ထနေရာရဖို့ ယုံကြည်ထားပါတယ်။ ဒီအတိုင်းသာ ဖြစ်လာခဲ့မယ်ဆိုရင် လက်ရှိနည်းပြ ဗန်ဟားလ်အနေနဲ့ အိုးထရက်ဖို့ဒ်မှာ နည်းပြဆက်လုပ်ဖို့ သေချာနေပါတယ်။ ရာသီအကုန်မှာ ထွက်ခွာဖို့ရှိနေပေမယ့် အက်ဖ်အေဖလားကိုသာ ဆွတ်ခူးနိုင်မယ်ဆိုရင် ဒတ်ချ်လူမျိုးဗန်ဟားလ်ရဲ့ နည်းပြအလုပ်ကလည်း ဆက်လက်သေချာနေနိုင်ပါတယ်။ သို့ပေမယ့် မော်ရင်ဟိုကတော့ လာမယ့်ရာသီမှာ မန်ယူနည်းပြဖြစ်လာလိမ့်မယ်လို့ ရေပန်းစားနေတာပါ။ မန်ယူကစားသမားတွေကတော့ မော်ရင်ဟိုကို နည်းပြဖြစ်လာဖို့ ငြင်းဆိုထားပါတယ်။ ဗန်ဟားလ် မန်ယူနည်းပြဆက်လုပ်ရေးဟာ အက်ဖ်အေဖလားဆွတ်ခူးနိုင်ခြင်းအပေါ်မှာ မူတည်နေပါတယ်။ လာမယ့် မေ ၂၁ ရက်မှာတော့ မန်ယူနဲ့ ပဲလေ့စ်တို့ အက်ဖ်အေဖလားဗိုလ်လုကြမှာဖြစ်ပါတယ်။

## မန်ယူကခေါ်ယူဖို့ သေချာနေတဲ့ ဆန်ချက်ဇ်




ဘင်ဖီကာမှ ဆယ်ကျော်သက် လူငယ်ကွင်းလယ်ကစား ရေနာဒိုဆန်ချက်ဇ်ကို မန်ယူက ပေါင် ၄၆ သန်းနဲ့ ခေါ်ယူဖို့သေချာနေတယ်လို့ ဆိုပါတယ်။ အသက် ၁၈ နှစ်အရွယ်သာရှိသေးတဲ့ လူငယ်ကွင်းလယ်ကစားသမား ဆန်ချက်ဇ်ကို ဇန်နဝါရီလကတည်းက မန်ယူကခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ ဆိုပါတယ်။ ဆန်ချက်ဇ်ကို ဘင်ဖီကာက ၂၀၂၁ ခုနှစ်အထိ စာချုပ်ထားပါတယ်။ ဆန်ချက်ဇ်အတွက် ဘင်ဖီကာက ပေါင်သန်း ၆၀ အထိရဖို့ မျှော်လင့်နေတာပါ။ မန်ယူကတော့ ပေါင် ၄၆ သန်းအထိသာ အမြင့်ဆုံးပေးနိုင်ဖွယ်ရှိနေပါတယ်။ ဆန်ချက်ဇ်ဟာ ပေါ်တူဂီကစားသမားဖြစ်ပြီး နာမည်ကြီး စီရော်နယ်ဒိုနဲ့လည်း ရင်းနှီးသူဖြစ်ပါတယ်။ ဆန်ချက်ဇ်ဟာ ယခုနှစ် စပိန်လိဂ်မှာ ၂၂ ပွဲ ပါဝင်ကစားပြီး နှစ်ဂိုးသာသွင်းယူပေးနိုင်ခဲ့ပါတယ်။ မန်ယူအသင်းအနေနဲ့ တိုက်စစ်မှူး အော်ဘာမီရန်းကိုလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။ လာမယ့်ရာသီမှာ မန်ယူအတွက် ဂိုးသွင်းအားကောင်းတဲ့တိုက်စစ်မှူးတစ်ဦး အလိုရှိနေတာပါ။ နည်းပြဗန်ဟားလ်အနေနဲ့ ဒီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ လိုအပ်နေတာဖြစ်တယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ချန်ပီယံလိဂ်ဖိုလ်လုပွဲကို ဘယ်အသင်းတွေ တက်ရောက်မလဲ



**ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်တွေကို မေ ၄ ရက်နဲ့ ၅ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ပထမအကျော့ပွဲစဉ်မှာ ရလဒ်မပြတ်သားခဲ့တဲ့အသင်းတွေဟာ အခုဒုတိယအကျော့မှာတော့ အပြိုင်အဆိုင်ခြေကုန်ဖွင့်ပြီး ရလဒ်ပြတ်သားဖို့ အကြိတ်အနယ်အားထုတ်တော့မှာဖြစ်ပါတယ်။ နောက်ဆုံးဗိုလ်လုပွဲတက်ရောက်နိုင်ရေးအတွက် အဆုံးအဖြတ်ပေးတော့မယ့် အခုပွဲစဉ်အတွက် အကောင်းဆုံးကစားသမားတွေကို အပြည့်အဝ ပွဲထုတ်နိုင်ရေးအတွက်လည်း ပြင်ဆင်နေကြပြီဖြစ်တာမို့ ပရိသတ်တွေအတွက် စိတ်လှုပ်ရှားဖွယ်ရာအပြည့်နဲ့ အားပေးကြရဦးမှာဖြစ်ပါတယ်။**

### ရီးရဲမက်ဒရစ်နှင့်မန်စီးတီး

ဒီနှစ်ချန်ပီယံလိဂ်ဖလားကို မျှော်မှန်းနေတဲ့ နည်းပြဇီဒန်းရဲ့ ရီးရဲမက်ဒရစ်ဟာ အခုပွဲအိမ်ကွင်း ဘာနေဗျူးမှာတော့ ဂိုးပြတ်သွင်း အောင်ပွဲခံနိုင်ရေး ပြင်ဆင်နေပြီဖြစ်ပါတယ်။ ပထမအကျော့ အကြိုဗိုလ်လုပွဲမှာ ဒဏ်ရာရနေတဲ့ စီရော်နယ်ဒိုနဲ့ ဘန်ဇီမာတို့ကို ဒီပွဲမှာ ပြန်လည်ထည့်သွင်းနိုင်ရေး အားထုတ်နေပါတယ်။ အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်မှာ စီရော်နယ်ဒို ပါဝင်ကစားနိုင်ရေးအတွက် ဒဏ်ရာရရှိနေတာကို Stem Cell အစားထိုးကုသဖို့အတွက် ပြင်ဆင်နေပါတယ်။ ရီးရဲမက်ဒရစ်မှာ လောလောဆယ်တော့ စီရော်နယ်ဒိုနဲ့ ဘန်ဇီမာတို့ ဒဏ်ရာတွေရရှိနေပေမယ့် အသင်းလိုက်စွမ်းဆောင်မှုကတော့ ကောင်းမွန်နေပါတယ်။ ရီးရဲမက်ဒရစ်တို့က ကွာတားဖိုင်နယ်မှာ ဝုဖ်ဘတ်ကို ပထမအကျော့အဝေးကွင်းမှာ နှစ်ဂိုးပြတ်ရှုံးခဲ့ပေမယ့် ဒုတိယအကျော့အိမ်ကွင်းမှာ သုံးဂိုးပြတ်သွင်းယူပြီး အခုလို အကြိုဗိုလ်လုပွဲ တက်ရောက်လာတာကို မန်စီးတီးတို့ သတိပြုရမှာဖြစ်ပါတယ်။ အိမ်ကွင်းမှာ တိုက်စစ်၊ ခံစစ်ကို အကောင်းဆုံးပုံဖော်နိုင်တဲ့ ရီးရဲမက်ဒရစ်ကို မန်စီးတီးတို့ရင်ဆိုင်ဖို့ သိပ်တော့ မလွယ်ပါဘူး။ စီရော်နယ်ဒိုကလည်း ဒီပွဲမှာ ပါဝင်ကစားနိုင်ရေး စိတ်အားထက်သန်နေသလို ဂိုးတွေသွင်းယူနိုင်ဖို့လည်း စိတ်ခတ်ပြင်းပြနေပါတယ်။ ဘန်ဇီမာ၊ ဂါရက်ဘေးလ်နဲ့ စီရော်နယ်ဒိုတို့သာ လူစုံပါဝင်နိုင်ရင်တော့ မန်စီးတီးတို့ရဲ့ ချန်ပီယံလိဂ်အိပ်မက် ပျက်ပြယ်သွားနိုင်ပါတယ်။ မန်စီးတီးမှာ လောလောဆယ်တော့ ဆေးလ်ဗား၊ ယာယာတိုရေး၊ နာဆရီတို့ ဒဏ်ရာတွေရရှိနေပါတယ်။ ပထမအကျော့အိမ်ကွင်းမှာ ဂိုးမရှိသရေပွဲဖြစ်ခဲ့တာမို့ ဒုတိယအကျော့မှာတော့ ပိုပြီးရုန်းကန်ရတော့မှာဖြစ်ပါတယ်။ ဒီနှစ်မှာတော့ မန်စီးတီးတို့ ချန်ပီယံလိဂ်မှတ်တမ်းသစ်ရေးထိုးနိုင်ခဲ့ပေမယ့် လက်ရှိခြေစွမ်းအရ ရီးရဲမက်ဒရစ်ကို ကျော်ဖြတ်ဖို့ဆိုတာ ခက်ခဲပါလိမ့်မယ်။ မန်စီးတီးနည်းပြ ပယ်လီဂရီနီကတော့ ဒုတိယအကျော့မှာ ကျွန်တော်တို့ အောင်ပွဲခံမယ်လို့ ယုံကြည်တယ်လို့ပြောနေပေမယ့် လက်တွေ့မှာ ဒီနှစ်ရဲ့ ချန်ပီယံလိဂ်ခရီးစဉ် ရပ်တန့်ရမယ့်အနေအထားရောက်သွားပါလိမ့်မယ်။

### ဘိုင်ယန်မြူးနစ်နှင့်အက်သလက်တီကို

ပထမအကျော့တုန်းက အက်သလက်တီကိုကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပွဲကြုံခဲ့တဲ့ ဘိုင်ယန်မြူးနစ်တို့ကတော့ အခုပွဲ အိမ်ကွင်းမှာ အက်သလက်တီကို အသင်းကို ဂိုးပြတ်သွင်းပြီး ကျော်ဖြတ်ဖို့ ကြိုးစားပါတော့တယ်။ ပထမအကျော့ပွဲစဉ်မှာ တိုက်စစ်မှူး မူလာနဲ့ ရိဘာရီတို့ကို အရန်ကစားသမားနေရာမှာ ထားရှိခဲ့လို့ နည်းပြဂွာဒီယိုလာလည်း ဝေဖန်ပြစ်တင်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီပွဲမှာတော့ လူစုံပါဝင်ကစားဖို့ရှိနေပြီး ဂိုးပြတ်သွင်းနိုင်ရေး အကောင်းဆုံးဗျူဟာကို ခင်းကျင်းပါလိမ့်မယ်။ ဘိုင်ယန်မြူးနစ်မှာတော့ လောလောဆယ်မှာ ဘတ်စတူတာ၊ ရော်ဘင်နဲ့ ဖီလစ်လမ်းတို့ ဒဏ်ရာရရှိနေလို့ ပါဝင်ဖို့တော့ မသေချာပါဘူး။ နည်းပြဂွာဒီယိုလာကတော့ သူ့ရဲ့ နောက်ဆုံးနှစ်ကိုင်တွယ်မှုမှာ ချန်ပီယံလိဂ်ဖလားကို ရအောင်ယူပေးမယ်လို့ဆိုထားပါတယ်။ ၂၀၁၂-၂၀၁၃ မှာ ချန်ပီယံလိဂ်ဖလားရရှိခဲ့တဲ့ ဘိုင်ယန်မြူးနစ်ဟာ ဒီနှစ်မှာတော့ ချန်ပီယံလိဂ်ဖလားရယူရေးအတွက် အသင့်ရှိနေပြီလို့ အသင်းခေါင်းဆောင် ဖီလစ်လမ်းက ပြောကြားနေပါတယ်။ ကွာတားဖိုင်နယ်မှာ ဘင်ဖီကာ အသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုးနှစ်ဂိုးနဲ့ တက်ရောက်လာတဲ့ ဘိုင်ယန်မြူးနစ်ဟာ ခြေစွမ်းမာကျောတဲ့ အက်သလက်တီကိုအသင်းကို ခက်ခက်ခဲခဲကစားရဖို့ရှိနေပါတယ်။ အက်သလက်တီကိုတို့ကတော့ အခုပွဲဟာ ဘိုင်ယန်မြူးနစ်ကွင်းမှာ ကစားရမှာဖြစ်ပေမယ့် အသင်းလိုက်စုစည်းမှုအားကောင်းနေတဲ့အပြင် ခံစစ်ပိုင်းကလည်း အမှားအယွင်းနည်းတာမို့ ဘိုင်ယန်မြူးနစ်ကို နိုင်ပွဲရအောင် ကြိုးစားပါလိမ့်မယ်။ လောလောဆယ် အက်သလက်တီကိုအသင်းမှာ ဂိုဒင်နဲ့တီယာဂိုတို့ ဒဏ်ရာရရှိနေတယ်လို့ နည်းပြဆီမြွန်နီက ဆိုနေပါတယ်။ ဒီပွဲမှာ အဓိက ကစားသမားတွေ အပြည့်အစုံထုတ်သုံးရင်တော့ ဘိုင်ယန်မြူးနစ်တို့ နိုင်ပွဲရပြီး နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်သွားနိုင်ပါတယ်။ ။

**■ မိုးမြင့်လင်းလက် ■**

## ဝက်စ်ဟမ်းနဲ့အင်တာမီလန်က စိတ်ဝင်စားနေတဲ့ ဘုန်းမောက်တိုက်စစ်မှူး

ဝက်စ်ဟမ်းနဲ့ အင်တာမီလန်အသင်းတို့ဟာ ဘုန်းမောက်တိုက်စစ်မှူး မက်စ်ဂရာဒဲလ်ကို ခေါ်ယူဖို့စိတ်ဝင်စားနေတယ်လို့ ဆိုပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူး ဂရာဒဲလ်ဟာ ဘုန်းမောက်မှာ ခြေစွမ်းပြကစားနေသူဖြစ်ပါတယ်။ သို့ပေမယ့် ဩဂုတ်လအတွင်းက ဒူးခေါင်းဒဏ်ရာပြင်းပြင်းထန်ထန်ရပြီးနောက် ကောင်းစွာကစားနိုင်ခဲ့ခြင်းမရှိပါဘူး။ သို့ပေမယ့် မကြာသေးမီက ဂရာဒဲလ်ဟာ ပြန်လည်ကစားနိုင်ပြီဖြစ်ပါတယ်။ အိုလံပီယာကော့စ်အသင်းကလည်း ဂရာဒဲလ်ကိုခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ ဆိုပါတယ်။ ဝက်စ်ဟမ်းအနေနဲ့ တိုက်စစ်မှူး ဂရာဒဲလ်ကို ပေါင် ၁၀သန်းနဲ့ခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ ဆိုပါတယ်။ အိုင်ဗရီကို့စ်တိုက်စစ်မှူး ဂရာဒဲလ်အနေနဲ့ ဝက်စ်ဟမ်းအသင်းကိုပြောင်းဖို့ ဆန္ဒပြင်းပြနေတယ်လို့ ဆိုပါတယ်။ ဘုန်းမောက်အသင်းကတော့ ပေါင်ခုနစ်သန်းနဲ့တော့ ရောင်းမှာမဟုတ်ဘူးလို့ ပြောထားပါတယ်။




ခရီးသွားဖို့
ကားနဲ့လေယာဉ်လက်မှတ်တွေကို
MAB မိုဘိုင်းဘဏ်နဲ့ဝယ်လို့ရပြီလေ။
MAB
MOBILE BANK
MAB မိုဘိုင်းဘဏ်သည် အခြားနေ့စဉ် ငွေကြေးဆောင်ရွက်မှုများကိုလည်း
လုံခြုံစိတ်ချစွာဆောင်ရွက်ပေးနေပါပြီ။
စာရင်းမရှိသူသို့ငွေပို့ခြင်း
ကြိုတင်ငွေဖြည့်ခြင်း
အေတီအမ်သို့
မြန်မာ့ရှေ့ဆောင်ဘဏ် အသေးစိတ် အချက်အလက်များကို Call Centre နံပါတ် ၀၁ ၈၆၁၀၆၁၂ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။
MAB
MOBILE BANK
မိုဘိုင်းဖုန်းထဲက ကျွန်ုပ်ဘဏ်


Facebook စိတ်ကြိုက်သုံး
1MB ကို ၃ ကျပ်နှုန်း
ဒီအစီအစဉ်ကို အခမဲ့ ရယူနိုင်တာမို့
*4444# ကို အခုပဲ ခေါ်ဆိုလိုက်ရအောင်
ooredoo
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို
ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြေတိုင်းဦးစီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါမြေတိုင်းလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများနှင့် Workstationများကို ဌာနအရောက်တန်ဖိုး(D.D.P) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Differential GPS (Survey Grade) (1 Base+ 2 Rover System with Complete accessories and Software) | 2 Sets |
| (ခ) | Total Station (Survey Grade) (Complete Accessorise and Software) | 2 Sets |
| (ဂ) | Digital Level (Survey Grade) (Standard Accessories) | 2 Sets |
| (ဃ) | Server (500 TB) (Complete Sets) | 1 Set |
| (င) | Internet Installation | 1 Lot |
| (စ) | DTM Box (Match- T DSM & DT Master Stereo) Workstation Complete set | 1 Set |

၂။ အိတ်ဖွင့်တင်ဒါများအား ၂၅-၅-၂၀၁၆ ရက် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပြီး ၁၄း၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

**လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**မြေတိုင်းဦးစီးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၃၄၃၃၊ ၀၆၇-၄၁၃၅၈၈**

---

**REQUEST FOR EXPRESSIONS OF INTEREST**
**(CONSULTING SERVICES-Individual Consultants)**

**The Republic of the Union of Myanmar**
**Agricultural Development Support Project (ADSP)**
**Credit No. : 5624 MM**

The Republic of the Union of Myanmar is in the process of receiving funds from the World Bank toward the cost of the ADSP Project and intends to apply part of the proceeds for consulting services.

The Project Management Unit now invites expressions of interest from qualified candidates for the below positions. Interested consultants must provide their updated curriculum vitae, indicating personal and technical skills, qualifications and experience in similar assignments. In submitting their expressions of interest, consultants are kindly requested to indicate the positions they apply and the reference numbers stated below.

1. National Finance Officer (Ref # SC-23)
2. National Procurement Officer (Ref # SC-25)
3. National Monitoring and Evaluation Specialist (Ref # SC-21)
4. National Environmental Safeguards Specialist (Ref # SC-19)
5. National Social Safeguards Specialist (Ref # SC-20)

The Services are expected to be carried out over a period of 12 months with the possibility of extension depending on the performance, starting in May 2016. The location of work will be the Ministry of Agriculture, Livestock and Irrigation, in Nay Pyi Taw, Myanmar.

The attention of interested Consultants is drawn to paragraph 1.9 of the World Bank's Guidelines: Selection and Employment of Consultants under International Bank for Reconstruction and Development (IBRD) Loans and International Development Association (IDA) Credits & Grants by World Bank Borrowers dated July 2014 ("Consultant Guidelines"), setting forth the World Bank's policy on conflict of interest. A Consultant will be selected in accordance with procedures set out in the Consultant Guidelines.

Further information and a copy of the detailed Terms of Reference (TORs) can be obtained at the address below during working days from 10:00 to 15:00 hours. Expressions of interest must be delivered in a written form to the address below (in person, or by mail, or by e-mail, or by Fax) not later than May 16, 2016.

Attn: U Tint Lwin, Director of Procurement
Department: Department of Irrigation and Management of Water Utilization,
Ministry of Agriculture, Livestock and Irrigation
Address: Building No. 15, MOALI, Nay Pyi Taw, Myanmar.
Phone: +95-67-410019, Fax: +95-67-410102
Email: tlwin4.irr@gmail.com;hatint2009@gmail.com

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကချင်ပြည်နယ် ဥပဒေချုပ်ရုံးတွင်အသုံးပြုရန် အောက်ဖော်ပြပါယာဉ်အမျိုးအစားကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

- Toyota Kluger (၁) စီး

ဈေးနှုန်းလွှာများကို ပြည်နယ်ဥပဒေအရာရှိ၊ ကချင်ပြည်နယ် ဥပဒေချုပ်ရုံး၊ မြစ်ကြီးနားမြို့သို့တင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂-၅-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁-၆-၂၀၁၆ရက် မွန်းလွဲ၂း၀၀နာရီ

**ဆက်သွယ်ရန်ဖုန်း-၀၇၄-၂၂၄၂၉၊ ၀၇၄-၂၉၅၄၀**
**ကချင်ပြည်နယ်ဥပဒေချုပ်ရုံး၊ မြစ်ကြီးနားမြို့**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

(က) ရုံးသုံးစက်ပစ္စည်း(၂)မျိုး။ Video Camera (၁)လုံး၊ Air Conditioner 3HP (Floor Stand) ၆လုံး

(ခ) ပတ်ဝန်းကျင်အရည်အသွေးတိုင်းတာရေးစက်ပစ္စည်း(၇)မျိုး။ Radiation Meter (၁)လုံး၊ Infrared Thermometer (၁)လုံး၊ Automative Emission Analyzer (Diesel) (၂)လုံး၊ Automative Emission Analyzer(Petrol) (၂)လုံး၊ Sound Meter (၁)လုံး၊ Sensors for Air Stations ($CO_2$, $O_3$, $SO_2$, SO, NO) (၁)စုံ၊ Other Accessories (Reagent, Filter) (၁)စုံ

(ဂ) ရုံးသုံးပစ္စည်း(၃)မျိုး။ Desktop Computer (CPU-i5) (၉)လုံး၊ Desktop Computer (CPU-i7) (၃)လုံး၊ Copier (၂)လုံး

၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၁၀-၅-၂၀၁၆ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၇-၅-၂၀၁၆ ရက် (သောကြာနေ့) ညနေ ၃း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ်(၅၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၃၁၆၊ ၀၉-၇၉၂၁၆၃၇၁၇**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန

## သင်တန်းသားများခေါ်ယူခြင်း

၁။ နေပြည်တော်၊ ရွာမ(ရန်ကုန်)နှင့် မန္တလေးမြို့များရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့ ပူးပေါင်း၍ အောက်ပါကျွမ်းကျင်မှုအခြေပြုကာလတို (၃)လသင်တန်းများကို ၂၀၁၆ခုနှစ် မေလ ၉ရက်မှ စတင်ဖွင့်လှစ်ပါမည်။

(၁) Bricklaying (အုတ်စီကျွမ်းကျင်သင်တန်း)
(၂) Barbending (သံချည်သံကွေးကျွမ်းကျင်သင်တန်း)

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-

(၁) မူလတန်းအောင်မြင်ပြီး အသက် (၁၈)နှစ်ပြည့်ပြီး (၄၀)ထက် မကျော်လွန်သူဖြစ်ရမည်။
(၂) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၃) သင်တန်းပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။
(၄) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(၅) အိမ်ထောင်မရှိသူ (အပျို/လူပျို)ဖြစ်ရမည်။

၃။ လျှောက်လွှာတင်ရာတွင် အောက်ပါစာရွက်စာတမ်းများပါရှိရပါမည်-

(၁) လျှောက်လွှာမူရင်း(၁)စောင်
(၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ (၁)စောင်
(၃) လိုင်စင်ဓာတ်ပုံ (၃)ပုံ
(၄) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ထောက်ခံစာမူရင်း (သို့မဟုတ်) မြို့နယ်ပြည်သူ့ရဲစခန်းမှ ထောက်ခံစာမူရင်း
(၅) သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ဆေးထောက်ခံစာမူရင်း။

၄။ ၂၀၁၆ခုနှစ် မေ ၂ရက်မှစ၍ အောက်ပါနေရာများတွင် လျှောက်လွှာများ ရယူလျှောက်ထားနိုင်ပါသည်-

(၁) အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)(ဆက်သွယ်ရန် ဖုန်း-၀၉-၄၄၈၅၃၆၂၀၀၊ ၀၆၇-၄၀၁၄၂၅/၆)
(၂) အစိုးရနည်းပညာအထက်တန်းကျောင်း (ရွာမ)(ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၃၇၇၁၈၈၊ ၀၁-၆၄၁၆၉၆)
(၃) အစိုးရနည်းပညာအထက်တန်းကျောင်း(မန္တလေး)(ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၁၃၇၁၂၇၄၊ ၀၂-၅၁၅၂၁၉၂)

(လျှောက်လွှာများကို ၂-၅-၂၀၁၆ရက်မှ ၅-၅-၂၀၁၆ရက်အထိ နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ သက်ဆိုင်ရာ ကျောင်းအသီးသီးတွင် ရယူလျှောက်ထားနိုင်ပြီး နောက်ဆုံးတင်ရမည့်ရက်မှာ ၅-၅-၂၀၁၆ ရက်ဖြစ်ပါသည်။ ၆-၅-၂၀၁၆ရက်မှ ၈-၅-၂၀၁၆ရက်အထိ လူတွေ့ စစ်ဆေးသွားမည်ဖြစ်ပါသည်)

၅။ သင်တန်းကို ကျား/မ မရွေးလျှောက်ထားနိုင်ပြီး၊ သင်တန်းတစ်ခုလျှင် သင်တန်းသား သင်တန်းသူ ၁၂ဦး လက်ခံသင်ကြားပေးမည်ဖြစ်ပါသည်။

၆။ သင်တန်းကြေးမှာ အခမဲ့ဖြစ်ပြီး သင်တန်းသား သင်တန်းသူများအတွက် နေထိုင်ရန် အဆောင်စီစဉ်ပေးမည်ဖြစ်ပါသည်။

---

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတွင် အသုံးပြုရန်လိုအပ်သော အမှတ်စဉ်(က၊ခ၊ဂ)ပါ ပစ္စည်းများအား မြန်မာကျပ်ငွေ(Kyats)ဖြင့် ဝယ်ယူခြင်းနှင့် အမှတ်စဉ်(ဃ)ပါ Transformerနှင့် ဆက်စပ်ပစ္စည်းများအား ရန်ကုန်မှ မန္တလေးမြို့သို့ သယ်ယူခြင်းလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံ ရောင်းချမည့်ရက် | တင်ဒါပိတ်ရက်/ အချိန် |
|---|---|---|---|---|
| (က) | 1-6(T)/MESC/2016-2017 | Engine Oil(10 Drums) | ၂-၅-၂၀၁၆ | ၁၃-၅-၂၀၁၆ ၁၃း၀၀နာရီ |
| (ခ) | 1-7(T)/MESC//2016-2017 | Transformer Oil (20 Drums) | ၂-၅-၂၀၁၆ | ၁၃-၅-၂၀၁၆ ၁၃း၀၀နာရီ |
| (ဂ) | 1-8(T)/MESC/2016-2017 | Video Camera(1No), Camera(1No), Recorder (1 No) | ၂-၅-၂၀၁၆ | ၁၃-၅-၂၀၁၆ ၁၃း၀၀နာရီ |
| (ဃ) | 5-1(T)/MESC/2016-2017 | 132/11KV, 45MVA Power Transformer & Accessories (144.58 Tons) သယ်ယူခြင်း | ၂-၅-၂၀၁၆ | ၉-၅-၂၀၁၆ ၁၃း၀၀နာရီ |

၂။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင်လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၇၇လမ်း၊ ၂၆×၂၇ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၂-၇၃၈၀၁**

---

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန
သက်ကြီးရွယ်အိုများအတွက်ပြုစုစောင့်ရှောက်သူ(Care Giver) သင်တန်းအမှတ်စဉ်(၃)
သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

လူမှုဝန်ထမ်းဦးစီးဌာနမှ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ တွင် သက်ကြီးရွယ်အိုများအတွက်ပြုစုစောင့်ရှောက်သူ(CareGiver)သင်တန်းအမှတ်စဉ်(၃) ကို (၃၀. ၅. ၂၀၁၆)ရက်နေ့ တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းတက်ရောက်ရန်အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

(က)အသက်(၁၈)နှစ်ပြည့်ပြီး အနည်းဆုံးအခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူ၊
(ခ)ကျန်းမာရေးကောင်းမွန်ပြီးသက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးလုပ်ငန်းအားစိတ်ပါဝင်စားသူ၊
(ဂ)သင်တန်းမှချမှတ်ထားသောစည်းကမ်းချက်များအားလိုက်နာပြီးအချိန်ပြည့်တက်ရောက်နိုင်သူ၊

သင်တန်းကာလ(၈)ပတ် ကြာမြင့်မည်ဖြစ်ပြီး၊ သင်တန်းဆိုင်ရာ အချက်အလက်များကို သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ၊ အမှတ်(၆၄)ကမ္ဘာအေးစေတီလမ်းနှင့် ပါရမီလမ်းထောင့် မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁၆၅၇၉၁၄/၀၁၆၅၇၀၀၃ သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

မှတ်ချက်။ -သက်ကြီးရွယ်အိုများအတွက် ပြုစုစောင့်ရှောက်သူလိုအပ်ပါကလည်း သင်တန်းဆင်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးပါမည်။
-နယ်ဝေးမှ သင်တန်းသား/သူများ အတွက် နေထိုင်မှု စီစဉ်ပေးပါမည်။

---

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနကြီးကြပ်မှုအောက်ရှိ သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်း ယာဉ်ဝင်ခ ကောက်ခံခြင်း (သန့်စင်ခန်းအပါအဝင်)လုပ်ငန်းလုပ်ကိုင်ခွင့်အား ၁-၆-၂၀၁၆ရက်မှ ၃၁-၃-၂၀၁၇ရက်အထိ(၁၀)လတာကာလအား တင်ဒါစနစ်ဖြင့် အငှားချထားဆောင်ရွက်ရန်အတွက် တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ဆယ်ထပ်ရုံး၊ ပဉ္စမထပ်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ဖြစ်စေ၊ ဖုန်း-၃၇၄၀၇၇သို့ဖြစ်စေရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်**- ၂-၅-၂၀၁၆ရက်(တနင်္လာနေ့)
**တင်ဒါအရောင်းပိတ်မည့်ရက်** - ၁၈-၅-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)၊ မွန်းလွဲ၁း၀၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - မြို့တော်ခန်းမ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
**တင်ဒါဖွင့်မည့်နေ့ရက်** - ၁၉-၅-၂၀၁၆ရက်(ကြာသပတေးနေ့) ၁၀း၀၀နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

---

## ကြော်ငြာဆိုင်းဘုတ်လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အား သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ရာတွင် ကြော်ငြာဆိုင်းဘုတ်များကို သတ်မှတ်အရွယ်အစားအတိုင်း စနစ်တကျ စိုက်ထူထားရှိပြီးဖြစ်ပါသည်။ စိုက်ထူပြီးကြော်ငြာဆိုင်းဘုတ်များအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပြန်လည်အငှားချထားရန်ရှိသော ကြော်ငြာဆိုင်းဘုတ်များတွင် ကြော်ငြာလုပ်ငန်းဆောင်ရွက်ရန် လျှောက်ထားလိုပါက အသေးစိတ်အချက်အလက်များကို ၉-၅-၂၀၁၆ ရက်မှ ၂၀-၅-၂၀၁၆ ရက်အထိ ရုံးချိန်အတွင်း စီမံရေးရာဌာန၊ စီမံဌာနခွဲ၊ ကြော်ငြာဌာနစိတ်တွင် လာရောက်ဆက်သွယ်၍လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ Website (www.ycdc.gov.mm) စီမံရေးရာဌာန၊ (Home Page)နှင့် စီမံရေးရာဌာနကြော်ငြာသင်ပုန်းတွင်လည်းကောင်း ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စီမံရေးရာဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

